# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


### နိဗ္ဗာန်တစ်ဖက်ကမ်းသို့

ကောင်းစွာဟောအပ်သော တရားတို့ကို တရားအားလျော်စွာ ကျင့်ကြံကုန်သော သူတို့သည် ကူးမြောက်နိုင်ခဲသော သေမင်းနေရာ သံသရာကို (ကူးမြောက်၍) နိဗ္ဗာန်တည်းဟူသော ကမ်းတစ်ဖက်သို့ ရောက်ကုန်လတ္တံ့။

ပဏ္ဍိတဝဂ် (ဓမ္မပဒ-၈၆)


၁၃၈၃ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁ ရက် | ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာ ၁၉ ရက်၊ တနင်္ဂနွေနေ့ | အတွဲ (၆၁)၊ အမှတ် (၀၈၀)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# သမိုင်းဝင် ဆံတော်ရှင်ကျိုက်ဒေးဝိ စေတီတော်မြတ်ကြီးအား ဘက်စုံပြုပြင်မွမ်းမံ၍ ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်တင်လှူပူဇော်ပွဲနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာ အခမ်းအနားကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၁၈**

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် အင်းတိုင်ဒေသ သီရိမင်္ဂလာကုန်းမြေ၌ တည်ထားပူဇော်သည့် သမိုင်းဝင် ဆံတော်ရှင် ကျိုက်ဒေးဝိစေတီတော်မြတ်ကြီးအား ဘက်စုံပြုပြင်မွမ်းမံ၍ ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော် တင်လှူပူဇော်ပွဲနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာ အခမ်းအနားကို သာသနာတော်နှစ် ၂၅၆၅ ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၈၃ ခုနှစ်၊ နတ်တော်လပြည့်နေ့ဖြစ်သည့် ယနေ့နံနက်ပိုင်းတွင် ကျင်းပပြုလုပ်ရာ တိပိဋက ရွေးချယ်ရေးအဖွဲ့ ဩဝါဒါစရိယ၊ နိုင်ငံတော်ဗဟို သံဃဝန်ဆောင်၊ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တနာရဒါဘိဝံသ(သ.စ.အ ဓမ္မာ စရိယဝဋ္ဋံသကာ) ပါဠိပါရဂူ၊ ဗဟန်းညောင်တုန်းကျောင်းတိုက် နာယကဆရာတော်နှင့် အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓ သာသနာပြုတက္ကသိုလ် ဒုတိယပါမောက္ခချုပ် အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ၊ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ၊ မဟာဂန္ထဝါစကပဏ္ဍိတ ဒေါက်တာ ဘဒ္ဒန္တဆေကိန္ဒ (ဓမ္မဒူတ ဆရာတော်)တို့ အမှူးပြုသည့် ဆရာတော်၊ သံဃာတော် အရှင်သူမြတ်များ ကြွရောက်ချီးမြှင့် တော်မူကြသည်။


*စာမျက်နှာ ၃ ကော်လံ ၁*✻




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် သမိုင်းဝင်ဆံတော်ရှင်ကျိုက်ဒေးဝိ စေတီတော်မြတ်ကြီး၏ ရတနာစိန်ဖူးတော်အား ဖူးမြော်ကြည်ညိုစဉ်။


ဂုဏ်ယူဝမ်းမြောက်ခြင်း

ငွေကြေးဆိုင်ရာ ဝန်ဆောင်မှုများ အဆင်ပြေ လွယ်ကူချောမွေ့စွာ လည်ပတ်နိုင်ရေးအတွက် ကောင်းမွန်သော ဝန်ဆောင်မှုများဖြင့် ဆောင်ရွက်ပေးလျက်ရှိသော **အင်းဝဘဏ်** ၏ (၇၀)ခုမြောက် ဘဏ်ခွဲဖြစ်သည့် **တောင်ကြီးဘဏ်ခွဲ(၂)** ကို (၁၇.၁၂.၂၀၂၁)ရက်နေ့တွင် အောင်မြင်စွာဖွင့်လှစ်ခဲ့ခြင်းအား အထူးပင်ဂုဏ်ယူဝမ်းမြောက်ပါကြောင်း....



# စိန်ခေါ်မှုများကို ရင်ဆိုင်ကျော်လွှားရေး လက်တွဲညီညီ ပူးပေါင်းဆောင်ရွက်

အကြမ်းဖက်သမားများက လူနေရပ်ရွာများကို အကာအကွယ်အဖြစ်အသုံးချကာ အကြမ်းဖက်အဖျက်လုပ်ငန်းများ ပြုလုပ်ကြခြင်းက ၎င်းတို့အတွက် အကျိုးအမြတ်ထွက်သော်လည်း ပြည်သူလူထုအတွက် ထိခိုက်နစ်နာဆုံးရှုံးမှုများ ဖြစ်ပေါ်စေသည်။ လက်နက်ခဲယမ်းမီးကျောက်များ ကိုင်ဆောင်ထားကာ ရပ်ရွာများအတွင်း ခိုအောင်းနေကြသည့် အကြမ်းဖက်သမားများကို ဖမ်းဆီးထိန်းသိမ်းရသည့်အလုပ်မှာ လုံခြုံရေးတပ်ဖွဲ့ဝင်များအဖို့ လွန်စွာခက်ခဲသည့်အလုပ်ဖြစ်သည်။ လက်နက်ကိုင်ထားသည့် ရန်သူနှင့်ရင်ဆိုင်နေရခြင်းနှင့် တစ်ချိန်တည်းမှာပင် ပြည်သူလူထုကို ထိခိုက်မှုမရှိအောင် ဂရုပြုရှောင်ရှားရခြင်းတို့က ခက်ခဲရသည့် အကြောင်းရင်းများပင်ဖြစ်သည်။ ယခုအခါ အကြမ်းဖက်သမားတို့က လူနေရပ်ရွာများအတွင်း ခိုအောင်းနေကြပြီး အကြမ်းဖက်လုပ်ရပ်များ ပြုလုပ်နေကြသည်ကို လက်မခံနိုင်ကြတော့သည့်အတွက် ပြည်သူများကိုယ်တိုင် ဆန့်ကျင်နေကြပြီဖြစ်သည်။

ဒီဇင်ဘာ ၁၇ ရက်တွင် ဂန့်ဂေါမြို့နယ် နှမ်းခါးကျေးရွာအတွင်း CNF နှင့် PDF၊ YDF အကြမ်းဖက်ခေါင်းဆောင်အချို့ပါဝင်သည့် အင်အား ၁၀၀ ခန့်က ကျေးရွာနေပြည်သူများ၏ တားဆီးတောင်းဆိုမှုကို ဂရုမစိုက်ဘဲ လျစ်လျူရှု၍ အကြမ်းဖက်အစည်းအဝေးပြုလုပ်ခဲ့မှုအပေါ် ကျေနပ်မှုမရှိသော ကျေးရွာသားအချို့က ရွာနှင့်အနီးဆုံးရှိ လုံခြုံရေးတပ်ဖွဲ့ဝင်များထံ လျှို့ဝှက်သတင်းပေးပို့ခဲ့မှုသည်လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ် လဟာရက်ကျေးရွာပြင်ဘက်ရှိ လယ်တဲတွင် ဝင်ရောက်နေထိုင်ကာ အပြစ်မဲ့ပြည်သူများ လုပ်ကြံသတ်ဖြတ်မှု ၄ ကြိမ်၊ ဖောက်ခွဲဖျက်ဆီးမှု ၂ ကြိမ် ကျူးလွန်ခဲ့သည့် အကြမ်းဖက်သမား ၅ ဦး သတင်းကို အေးချမ်းစွာနေလိုသည့် တာဝန်သိပြည်သူများက သတင်းပေးခဲ့မှုသည်လည်းကောင်း အကြမ်းဖက်အဖျက်လုပ်ရပ်များကို ပြည်သူလူထုက စက်ဆုပ်ရွံရှာလာကြခြင်းနှင့် ဆန့်ကျင်လာကြခြင်းပင်ဖြစ်သည်။

အကြမ်းဖက်အားပေးသည့် မီဒီယာများက အကြမ်းဖက်အုပ်စုများ၊ အကြမ်းဖက်သမားများနှင့် ၎င်းတို့၏ အကြမ်းဖက်လုပ်ရပ်များကို မည်သို့ပင် ဖုံးဖိကာကွယ်၍ အရောင်တင်ပေးနေစေကာမူ ပြည်သူလူထုအနေဖြင့် ဘဝနှင့်ရင်း၍ ခံစားကာ အမှန်ကို သိနားလည်နေကြပြီဖြစ်သည်။ နိုင်ငံအတွင်း PDF အမည်ခံ အကြမ်းဖက်လှုပ်ရှားမှုတို့ မရှိသည့်နေရာဒေသများမှာ ပကတိအေးချမ်းတည်ငြိမ်လျက်ရှိပြီး ပြည်သူလူထုအနေဖြင့်လည်း မိမိတို့၏ နေ့စဉ်လူမှုဘဝများကို အေးချမ်းစွာ ဖြတ်သန်းနေထိုင်လျက်ရှိကြသည်။ ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် စီးပွားရေး၊ ပညာရေး၊ လူမှုရေးတို့ ထိခိုက်ဆုံးရှုံးခဲ့ရသည့်အပေါ် ယခုအခါ ရောဂါကူးစက်ပျံ့နှံ့မှု လျော့နည်းကျဆင်းလာသည်နှင့်အမျှ ပြန်လည်ကုစားကာ နာလန်ထူလာအောင် အားထုတ်ကြိုးပမ်းဆောင်ရွက်လျက်ရှိကြသည်။ နိုင်ငံတည်ငြိမ်အေးချမ်းသွားမည်ကို မလိုလား မရှုဆိတ်သည့် အဖျက်အားပေးသူ လူအချို့က လူမှုကွန်ရက်များမှတစ်ဆင့် မည်မျှပင် မျက်စိပိတ်လှုံ့ဆော်နေကြစေကာမူ တရားဥပဒေစိုးမိုးမှုနှင့် တည်ငြိမ်အေးချမ်းမှုတို့ တစ်နေ့တခြား ပို၍တိုးတက်ဖြစ်ပေါ်နေခြင်းနှင့်အတူ ပြည်သူလူထုကလည်း အကြမ်းဖက်အဖျက်လုပ်ရပ်များကို ပိုမိုဆန့်ကျင်နေကြသည်မှာ ပကတိအမှန်တရားပင်ဖြစ်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရသည် ရှေ့လုပ်ငန်းစဉ်(၅)ရပ်နှင့် ဦးတည်ချက်(၉)ရပ်တို့ကို အတိအလင်းချပြကာ နိုင်ငံ့တာဝန်နှင့် ပြည်သူလူထု၏ အကျိုးစီးပွားတို့ကို ဦးထိပ်ထား၍ ဆောင်ရွက်လျက်ရှိသည်။ ပြည်တွင်း ပြည်ပမှ ဆန့်ကျင်ဘက်အင်အားစုများက မြန်မာနိုင်ငံတော်နှင့်တကွ နိုင်ငံသူ နိုင်ငံသားတိုင်းရင်းသားပြည်သူများ၏ အကျိုးစီးပွားပျက်စီးရာ ပျက်စီးကြောင်းအတွက် အတွင်းနှင့်အပြင် ချိတ်ဆက်ဖန်တီးလုပ်ကိုင်နေကြသည်ကိုလည်း မိမိတို့ နားလည်သိရှိကြပြီးဖြစ်သည်။ နိုင်ငံတည်ငြိမ်အေးချမ်းရေးနှင့် စိန်ခေါ်မှုများကို ရင်ဆိုင်ကျော်လွှားရေးတို့သည် နိုင်ငံတော်အစိုးရနှင့် ပြည်သူများ၏ လက်တွဲညီညီ ပူးပေါင်းဆောင်ရွက်မှု ခိုင်မာအားကောင်းရေးအပေါ်တွင် အဓိကကျသည့်အလျောက် စုစည်းညီညွတ်မှုကို တည်ဆောက်၍ အောင်ပွဲရယူနိုင်ပါစေကြောင်း။ ။

# တိုင်းဒေသကြီးနှင့်ပြည်နယ်များ၌ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**နေပြည်တော် ဒီဇင်ဘာ ၁၈**

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များ၊ ဘာသာရေး ခေါင်းဆောင်များအပါအဝင် လူမျိုးမရွေး ဘာသာမရွေး အသက် ၄၀ အထက် ဒေသခံပြည်သူများ၊ အကျဉ်းသားအကျဉ်းသူများ၊ မသန်စွမ်းသူများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၊ နာတာရှည်ရောဂါအခံရှိသူများ၊ ကယ်ဆယ်ရေးစခန်းများ၊ ယာယီတိုက်ပွဲရှောင် စခန်းများအတွင်းရှိ ပြည်သူများ၊ အသက် ၁၂ နှစ်အထက် အခြေခံပညာ အလယ်တန်းနှင့် အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူများ စသည့်ဦးတည်အုပ်စုများ သတ်မှတ်၍ တပ်မတော်မှ ဆေးအဖွဲ့များ၊ ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေး ဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများက ကာကွယ်ဆေးထိုးခြင်း လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၁၇ ရက်နှင့် ယနေ့တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း)အတွင်းရှိ မြို့နယ် ၁၆ နယ်တို့၌ ဒေသခံပြည်သူ ၁၀၇၅၀(**အောက်ပုံ**)၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)အတွင်းရှိ မြို့နယ် လေးမြို့နယ်တို့၌ ဒေသခံပြည်သူ ၁၂၀၀၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်အတွင်းရှိ မြို့နယ် ၁၅ မြို့နယ်တို့၌ ဒေသခံပြည်သူ ၁၆၅၀၃ ဦး၊ ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ်၌ ဒေသခံပြည်သူ ၃၇၃၈ ဦး၊ ရောဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ဒေသခံပြည်သူ ၃၉၉၁၅ ဦး၊ ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ် ငါးမြို့နယ်တို့၌ ဒေသခံပြည်သူ ၁၃၀၀၂ ဦး၊ စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ်၌ ဒေသခံပြည်သူ ၂၀၀၀၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင် ခုနစ်ခုမှ ဒေသခံပြည်သူ ၈၄၂၀ နှင့် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နှင့် ထန်းတပင်မြို့နယ်တို့၌ ဒေသခံပြည်သူ ၁၂၆၀ တို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးသည်။



ထို့အတူ ကျောင်းသား ကျောင်းသူများကိုလည်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း)အတွင်းရှိ မြို့နယ် သုံးမြို့နယ်တို့၌ ကျောင်းသား ကျောင်းသူ ၆၆၀၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယန်းမြို့၌ ကျောင်းသား ကျောင်းသူ ၃၀၊ ရောဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ကျောင်းသား ကျောင်းသူ ၁၃၇၇ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးသည်။

ထိုသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဆေးနှင့်ဆေးပစ္စည်းများ နေ့စဉ်စစ်ဆေးထုတ်ပေးလျက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၁၈**

အကောက်ခွန်ဦးစီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးပစ္စည်းများအား နယ်စပ်ဂိတ်အသီးသီးမှ နေ့စဉ် လွယ်ကူချောမွေ့စွာ စစ်ဆေးထုတ်ပေးလျက်ရှိရာ ဒီဇင်ဘာ ၁၈ ရက်၌ နယ်စပ်(မြဝတီ၊ ချင်းရွှေဟော်)တွင် ကုမ္ပဏီသုံးခုတို့မှ Mask ၃၇၆၈၃ Kg တို့ကို ထုတ်ပေးခဲ့ကြောင်း သတင်းရရှိပါသည်။

သတင်းစဉ်

# သထုံခရိုင်အတွင်း ငွေကျပ် သန်း ၉၀၀ ကျော်ဖြင့် ကုန်ထုတ်လမ်း၊ ကုန်ထုတ်တံတားနှင့် ရေပေးရေးလုပ်ငန်းများ ဆောင်ရွက်မည်

**သထုံ ဒီဇင်ဘာ ၁၈**

မွန်ပြည်နယ် သထုံခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျိုက်ထို၊ ဘီးလင်း၊ သထုံနှင့် ပေါင်မြို့နယ်တို့တွင် မီနီဘတ်ဂျက်ကာလ ပြည်ထောင်စုနှင့် ပြည်နယ်ခွင့်ပြုရန်ပုံ ငွေကျပ် ၉၂၂ ဒသမ ၅၃၂ သန်းဖြင့် ကုန်ထုတ်လမ်း ၁၁ လမ်း၊ ကုန်ထုတ်တံတား ၁၀ စင်းနှင့် ရေပေးရေးလုပ်ငန်း ၁၂ ခုတို့ကို ဆောင်ရွက်သွားမည်ဖြစ်သည်။

ယင်းလုပ်ငန်းများမှာ ကျိုက်ထိုမြို့နယ်တွင် ကုန်ထုတ်လမ်း တစ်လမ်း၊ မြောင်းကူးတံတားနှစ်စင်း၊ ရေပေးရေးလုပ်ငန်း နှစ်ခု၊ ဘီးလင်းမြို့နယ်တွင် ကုန်ထုတ်လမ်း လေးလမ်း၊ ရေပေးရေးလုပ်ငန်းလေးခု၊ သထုံမြို့နယ်တွင် ကုန်ထုတ်လမ်း တစ်လမ်း၊ ကုန်ထုတ်တံတား တစ်စင်း၊ မြောင်းကူးတံတား တစ်စင်း၊ ရေပေးရေးလုပ်ငန်း နှစ်ခု၊ ပေါင်မြို့နယ်တွင် ကုန်ထုတ်လမ်း ငါးလမ်း၊ ကုန်ထုတ်တံတား ငါးစင်း၊ မြောင်းကူးတံတား တစ်စင်း၊ ရေပေးရေးလုပ်ငန်း လေးခုတို့ကို ဆောင်ရွက်သွားမည်ဖြစ်သည်။

ယင်းလုပ်ငန်းများကို ၂၀၂၁ ခုနှစ် ဒီဇင်ဘာလ ဒုတိယပတ်တွင် တင်ဒါအောင်ကုမ္ပဏီများက စတင်ဆောင်ရွက်နေပြီး သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးအောင် ကြိုးကြပ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မိုးဝင်း(ကျေးလက်)**

## ကိုဗစ်-၁၉ ရောဂါအား ကာကွယ်၊ ထိန်းချုပ်၊ ကုသရာတွင် အသုံးများသည့် ဆေးဝါးများ၏ ပေါက်ဈေးများ

(၁၈-၁၂-၂၀၂၁) ညနေ ၆ နာရီအချိန်အထိ ဈေးနှုန်း

| No | Product Name | Pack Size | Price in Kyats (Retail) | Company Name |
|---|---|---|---|---|
| **Anti-inflammatory** | | | | |
| 1 | Injection- Dexamethasone | Vial | 160 | Aorta |
| **Antiviral** | | | | |
| 2 | P.O Favipiravir 400 mg | 2X10 Tablet | 50000 | AA Medical |
| 3 | Injection - Remdesivir | Vial | 70000 | GHI |
| **Anti thrombosis** | | | | |
| 4 | Injection Enoxaprim 40 mg | 1 Pre-Filled Syringe | 7000 | Nyi Lay Naing |
| 5 | Injection Enoxaprim 60 mg | 1 Pre-Filled Syringe | 9000 | Nyi Lay Naing |
| **Symptomatic** | | | | |
| 6 | P.O Paracetamol 500 mg | 10X10's tablets/ Box | 1500 | AA Medical |
| 7 | P.O Dextromethophan | 10X10's | 1450 | AA Medical |
| 8 | P.O Bromhexine | 10X10's tablets/ Box | 1000 | Medi Myanmar |
| 9 | P.O Cetrizine | 10X10's / Box | 2200 | AA Medical |
| **Supportive** | | | | |
| 10 | P.O Multivitamin with/ without zinc | 3X10's / Box | 5600 | OLIVE |

အခြားဆေးဝါးများ၏ ဈေးနှုန်းများကို Website (www.mccpmd.org) နှင့် Facebook Page https://www.facebook.com/ 32330252139 2189/posts/ 1720802588308835/ ?d=n တို့တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

သတင်းစဉ်





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ဇနီးဒေါ်ကြူကြူလှနှင့် အခမ်းအနား တက်ရောက်လာကြသူများ ဗဟန်းညောင်တုန်းကျောင်းတိုက် နာယက ဆရာတော်ထံမှ ကိုးပါးသီလခံယူ ဆောက်တည်ကြစဉ်။

*** ရွှေဖုံးမှ**

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ဇနီးဒေါ်ကြူကြူလှနှင့် မိသားစုဝင်များ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး တင်အောင်စန်းနှင့် ဇနီး၊ ဗိုလ်ချုပ်ကြီး မောင်မောင်ကျော်နှင့်ဇနီး၊ ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ ကောင်စီ တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့် ဇနီး၊ ပြည်ထောင်စုဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ရန်ကုန်မြို့တော်ဝန်၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ စေတနာရှင် အလှူရှင်များ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဝတ်အသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်၊ ဇနီးနှင့် အခမ်းအနား တက်ရောက် လာကြသူများက ဗဟန်းညောင်တုန်းကျောင်းတိုက် နာယက ဆရာတော်ထံမှ ကိုးပါး သီလခံယူ ဆောက်တည်ကြပြီး ဥပါသကာများက ပရိတ်ပန်း၊ ပရိတ်ရေ၊ ပရိတ်ချည်၊ ပရိတ်သဲများကို သံဃာတော်များထံ ဆက်ကပ်သည်။ ထို့နောက် သံဃာတော်အရှင်သူမြတ်တို့ ရွတ်ပွားချီးမြှင့်တော်မူကြသည့် ပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။ *စာမျက်နှာ ၄ သို့*



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ ဗဟန်းညောင်တုန်းကျောင်းတိုက် နာယကဆရာတော်ထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ဇနီး ဒေါ်ကြူကြူလှ ၊ မိသားစုဝင်များနှင့် အဖွဲ့ဝင်များ ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်တို့အား ပင့်ဆောင်၍ စေတီတော်ကြီးအား လက်ယာရစ် လှည့်လည်ပင့်ဆောင် ပူဇော်ကြစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့၏ မိသားစုဝင်များက ဆရာတော်ထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့၏ မိသားစုဝင်များက ဆရာတော်ထံ ငှက်မြတ်နားတော် ဆက်ကပ်လှူဒါန်းစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် သမိုင်းဝင်ဆံတော်ရှင်ကျိုက်ဒေးဝိ စေတီတော်မြတ်ကြီးအား ရတနာစိန်ဖူးတော် တင်လှူပူဇော်စဉ်။

*စာမျက်နှာ ၃ မှ*

ယင်းနောက် ဥပါသကာများက ပရိတ်ပန်း၊ ပရိတ်ရေ၊ ပရိတ် ချည်၊ ပရိတ်သဲများကို ယူဆောင်၍ စေတီတော်ပရိဝုဏ်တွင် ပက်ဖျန်းကြဲဖြန့်ချည်နှောင် တားဆီးကာရံကြသည်။

**ဆက်ကပ်လှူဒါန်း**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော် ဝန်ကြီးချုပ်၊ ဇနီးနှင့် မိသားစုဝင်များက ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် လှူဖွယ်ပစ္စည်းများအား ဗဟန်းညောင်တုန်း ကျောင်းတိုက်နာယက ဆရာတော်ထံ ဆက်ကပ်လှူဒါန်းကြသည်။ ဆက်လက်၍ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဝင်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် အခမ်းအနားတက်ရောက် လာကြသူများက လှူဖွယ်ပစ္စည်းများအား သံဃာတော် အရှင်သူမြတ်များထံ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ဓမ္မဒူတ ဆရာတော်ထံမှ အနုမောဒနာတရားနာယူ၍ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။

**ပရိတ်နံ့သာရည်ပက်ဖျန်း**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော် ဝန်ကြီးချုပ်၊ ဇနီး၊ မိသားစုဝင်များနှင့် အဖွဲ့ဝင်များသည် ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်တို့အား ပင့်ဆောင်၍ စေတီတော်ကြီးအား လက်ယာရစ် လှည့်လည်ပင့်ဆောင် ပူဇော်ကြသည်။ ထို့နောက် မင်္ဂလာအချိန်တွင် ရတနာစိန်ဖူးတော်၊ ငှက်မြတ်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ဇနီး ဒေါ်ကြူကြူလှ၊ မိသားစုဝင်များနှင့် အဖွဲ့ဝင်များက ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်တို့အား မင်္ဂလာရထားပျံဖြင့် စေတီတော်အထွတ်သို့ ပင့်ဆောင်ပူဇော်စဉ်။

နားတော်တို့အား မင်္ဂလာရထားပျံဖြင့် စေတီတော်အထွတ်သို့ ပင့်ဆောင်၍ ပရိတ်နံ့သာရည်များ ပက်ဖျန်းကြကာ ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော် တင်လှူ ပူဇော်အောင်မြင်ခြင်း အထိမ်း အမှတ် ရတနာ ရွှေမိုး၊ ငွေမိုးများ ရွာသွန်းဖြိုးကြသည်။

ဆက်လက်ပြီး သံဃာတော် အရှင်သူမြတ်များက သမိုင်းဝင်ဆံတော်ရှင် ကျိုက်ဒေးဝိ စေတီတော်မြတ်ကြီးအား ဗုဒ္ဓါဘိသေက အနေကဇာတင်၍ ဗုဒ္ဓါဘိသိက်သွန်းတော်မူကြပြီး ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ မဟာမင်္ဂလာ အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော် ဝန်ကြီးချုပ်နှင့်ဇနီးတို့က မင်္ဂလာမော်ကွန်း ကျောက်စာတော်အား ပရိတ်နံ့သာရည်များဖြင့် ပက်ဖျန်းဖွင့်လှစ်ပြီး ခေါင်းလောင်းတော်အား ကိုးချက်ထိုးခတ်ပူဇော်၍ မေတ္တာပို့သည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော် ဝန်ကြီးချုပ်သည် သမိုင်းဝင်ဆံတော်ရှင်ကျိုက်ဒေးဝိစေတီတော်မြတ်ကြီး၏ ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် မှတ်တမ်းတင်လက်မှတ်ရေးထိုး ပူဇော်သည်။

**တည်ခင်းဧည့်ခံ**

အခမ်းအနား အပြီးတွင် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော် ဝန်ကြီးချုပ်နှင့်ဇနီး၊ အခမ်းအနားတက်ရောက် လာကြသူများသည် ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်း ဆက်ကပ်လှူဒါန်းကြကာ တက်ရောက်လာကြသည့် ဧည့်သည်တော်များအား နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံခဲ့ကြသည်။

အဆိုပါ သမိုင်းဝင်ဆံတော်ရှင် ကျိုက်ဒေးဝိ စေတီတော်မြတ်ကြီးသည် ကရဝိကမင်းကြီး ဟံသာဝတီထီးနန်းစိုးစံတော်မူစဉ် တည်ထားကိုးကွယ်တော်မူသည့် စေတီတော် ခုနစ်ဆူအနက် စတုတ္ထမြောက်တည်ထားသည့် စေတီတော်ဖြစ်ပြီး သာသနာသက္ကရာဇ် ၁၄၈၉ ခုနှစ် မြန်မာသက္ကရာဇ် ၃၀၇ ခုနှစ်တွင် ဘုရားတည်ပြီးစီးခဲ့ကြောင်း၊ **ကျိုက်သည် ဘုရား၊ ဒေးသည် ကုန်း၊ ဝိသည် သဖန်း ဖြစ်သဖြင့် သဖန်းကုန်းဘုရား** ဟု အဓိပ္ပာယ်ရကြောင်း၊ သာသနာတော်သက္ကရာဇ် ၁၉၇၀ ပြည့်နှစ် မြန်မာသက္ကရာဇ် ၇၈၈ ခုနှစ် ဗညား ဓမ္မရာဇာမင်းလက်ထက်တွင် ပထမအကြိမ် ဉာဏ်တော်ငါး တောင်ငုံ၍ ၇၅ တောင်အဖြစ် ပြုပြင်မွမ်းမံ ပူဇော်ခဲ့ကြောင်း၊ သာသနာတော် သက္ကရာဇ် ၂၁၆၀ ပြည့်နှစ် မြန်မာသက္ကရာဇ် ၉၇၈ ခုနှစ်တွင် အနောက်ဘက်လွန်မင်းတရားကြီးက ပျက်စီးနေသည့် ဆံတော်ရှင် ကျိုက်ဒေးဝိစေတီတော်မြတ်ကြီးအား ဒုတိယအကြိမ် ဉာဏ်တော် ငါး တောင်ငုံ၍ ဉာဏ်တော်အတောင် ၈၀ ရှိ စေတီတော်ကြီးအဖြစ် ပြုပြင်မွမ်းမံ၍ ရွှေထီးတော်တင်လှူ ပူဇော်ခဲ့ကြကြောင်း၊ ယင်းနောက် ငလျင်ဒဏ်နှင့် ဒုတိယ ကမ္ဘာစစ်တို့အတွင်း အကြောင်း အမျိုးမျိုးကြောင့် ပျက်စီးယိုယွင်းခဲ့မှုများ ဖြစ်ပေါ်ခဲ့သဖြင့် နိုင်ငံတော်အစိုးရ၊ တပ်မတော်၊ ဒေသခံပြည်သူများ၊ စေတနာရှင် အလှူရှင်များက ခေတ်အဆက်ဆက် ပြုပြင်မွမ်းမံခဲ့ကြကြောင်း၊ ယခုအခါတွင်လည်း စေတီတော်မြတ်ကြီးသည် ပျက်စီးယိုယွင်းမှုများ ဖြစ်ပေါ်လာခဲ့သဖြင့် စေတီတော်ဂေါပကအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ၏ မေတ္တာရပ်ခံချက်အရ နိုင်ငံတော်သြဝါဒါစရိယ ဆရာတော်ကြီးများထံ တင်ပြလျှောက်ထား၍ ခုနစ်ရက်သားသမီး စေတနာရှင်အလှူရှင်များ စုပေါင်းပြီး ဘက်စုံပြုပြင်မွမ်းမံခဲ့ကြခြင်း ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်／မန္တလေး)တို့၏ (၂၇)ကြိမ်မြောက် သာသနတက္ကသီလမဟာဘွဲ့နှင်းသဘင်အခမ်းအနားကျင်းပ



**ရန်ကုန်  ဒီဇင်ဘာ ၁၈**

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ် (ရန်ကုန်/မန္တလေး)တို့၏ (၂၇)ကြိမ်မြောက် မဟာဘွဲ့နှင်းသဘင်အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်(ရန်ကုန်) မဟာဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။(ယာပုံ)

အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဗန်းမော်ကျောင်းတိုက် ဆရာတော် ဒေါက်တာဘဒ္ဒန္တ ကုမာရာဘိဝံသအမှူးပြုသည့် တက္ကသိုလ်အုပ်ချုပ်ရေး ဗဟိုအဖွဲ့ဆရာတော်များ၊ ထေရဝါဒဗုဒ္ဓသာသနာပြု ဩဝါဒါစရိယ အဖွဲ့ဆရာတော်များ၊ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ် (ရန်ကုန်/မန္တလေး)တို့မှ သင်ကြား/စီမံ ဆရာတော်များ၊ ဘွဲ့ခံသံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူကြပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးကိုကို၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးလှစိုးနှင့် ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

### ငါးပါးသီလခံယူဆောက်တည်

ရှေးဦးစွာ အခမ်းအနားအား "နမောတဿ"သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ဖွင့်လှစ်ပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးအမှူးပြုသော ပရိသတ်အပေါင်းတို့က နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်များ၏အဓိပတိ ဒေါက်တာဘဒ္ဒန္တ ကုမာရာဘိဝံသ ဆရာတော်ထံမှ ငါးပါးသီလခံယူ ဆောက်တည်ပြီး သာရဏီယဩဝါဒကထာ နာယူကြသည်။ ဆက်လက်၍ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်များ အုပ်ချုပ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌဆရာတော် ဘဒ္ဒန္တသုမင်္ဂလာဘိဝံသ (မိုင်းသောက်) ဆရာတော်ကြီးထံမှ သမ္မောဒနီယဩဝါဒကထာ နာယူကြသည်။

ဆက်လက်၍ အခမ်းအနားအစီအစဉ်အရ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်) မော်ကွန်းထိန်းဆရာတော် ဘဒ္ဒန္တသုမနက (၂၇)ကြိမ်မြောက် သာသနတက္ကသီလ မဟာဘွဲ့နှင်းသဘင်နှင့်စပ်လျဉ်း၍ လျှောက်ထားသည်။

ထို့နောက် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးကိုကိုက သာသနာရေးဆိုင်ရာများ လျှောက်ထားရာတွင် နိုင်ငံတော်ပရိယတ္တိသာသနာ့ တက္ကသိုလ်များမှ (၂၆)ကြိမ်မြောက်အထိ ဘွဲ့ခံယူတော်မူခဲ့ကြသည့် ရဟန်းတော်များ စုစုပေါင်း ၂၉၀၃ ပါး ရှိပြီဖြစ်ပါကြောင်း၊ ယခု(၂၇)ကြိမ်မြောက် မဟာဘွဲ့နှင်း သဘင်အခမ်းအနားတွင် ဘွဲ့ခံယူတော်မူကြမည့် အရှင်မြတ်များမှာ နိုင်ငံတော်ပရိယတ္တိ သာသနာ့ တက္ကသိုလ်(ရန်ကုန်)မှ သာသနတက္ကသီလဓမ္မာစရိယ, B.A(Buddhism)ဘွဲ့ရ ၅၄ ပါး၊ သာသနတက္ကသီလ မဟာဓမ္မာစရိယ, M.A(Buddhism)ဘွဲ့ရ ခြောက်ပါး၊ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ် (မန္တလေး)မှ သာသနတက္ကသီလ ဓမ္မာစရိယ, B.A (Buddhism)ဘွဲ့ရ၃၈ ပါး၊သာသနတက္ကသီလ မဟာဓမ္မာစရိယ,M.A(Buddhism) ဘွဲ့ရ ၁၃ပါး၊ သာသနတက္ကသီလဓမ္မပါရဂူ, Ph.D (Buddhism)ဘွဲ့ရ တစ်ပါး စုစုပေါင်း ၁၁၂ ပါး ဖြစ်ပါကြောင်း။

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ပညာရေးမူဝါဒ သင်ကြားရေးဆိုင်ရာ ရည်ရွယ်ချက်များနှင့်အညီ ဖွင့်လှစ်သင်ကြားလျက်ရှိသည့်ဤတက္ကသိုလ်များသည် ပရိယတ် စာပေအရာတွင် ရဲရင့်ထက်မြက်မှု "ဗျတ္တပဋိဗလ"ဂုဏ်နှင့်ပြည့်စုံသော ရဟန်းတော်များကို မွေးထုတ်ပေးနိုင်ပြီး ထေရဝါဒဟူသော ဂုဏ်ဒြပ်ကို ပီပြင်စွာ ထင်ဟပ်နိုင်သည့်အပြင် ခေတ်အမြင် ခေတ်အတွေးတို့ကို မပယ်ရှား ရှေးမဟာထေရ် အစဉ်အဆက်တို့၏ နည်းနာနိဿယနှင့် အစဉ်အလာတို့ကို မြတ်နိုးစွာ ထိန်းသိမ်းစောင့်ရှောက်လျက်ရှိသော တက္ကသိုလ်ကြီးများဖြစ်ပါကြောင်း လျှောက်ထားသည်။

### ချီးမြှင့်ထောက်ပံ့လျက်ရှိ

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးလှစိုးက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရအနေဖြင့် မင်းကောင်းမင်းမြတ်တို့ကျင့်သုံးခဲ့သော အစဉ်အလာအတိုင်း နိုင်ငံတော်ကြီး ငြိမ်းချမ်းသာယာစွာဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဘက်ပေါင်းစုံနယ်ပယ်ပေါင်းစုံမှ အစွမ်းကုန်ကြိုးပမ်းအားထုတ်လျက်ရှိသကဲ့သို့ ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး အဓွန့်ရှည်တည်တံ့ထွန်းကားပြန့်ပွားရေးအတွက်လည်း အဘက်ဘက်မှ လိုလေသေးမရှိအောင် ချီးမြှင့်ထောက်ပံ့လျက်ရှိပါကြောင်း လျှောက်ထားသည်။

ဆက်လက်၍ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) မော်ကွန်းထိန်း ဆရာတော်ဘဒ္ဒန္တသုမနက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ တက္ကသိုလ်များ အုပ်ချုပ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တသုမင်္ဂလာဘိဝံသ (မိုင်းသောက်ဆရာတော်) ထံတွင် ဘွဲ့ခံစာရင်းကို အတည်ပြုလက်မှတ်ရေးထိုးသည်။

ထို့နောက် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး) မော်ကွန်းထိန်း ဆရာတော်က သာသနတက္ကသီလ ဓမ္မပါရဂူ ဘွဲ့တံဆိပ်တော်ခံယူမည့် ရဟန်းတော်၏ ဘွဲ့တော်ကို ကြေညာ၍ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်ပရိ ယတ္တိသာသနာ့တက္ကသိုလ်များ အုပ်ချုပ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ ဘဒ္ဒန္တသုမင်္ဂလာဘိဝံသ ဆရာတော်ကြီးထံတွင် ဘွဲ့ခံယူသည်။

ယင်းနောက် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး) မော်ကွန်းထိန်း ဆရာတော်က သာသနတက္ကသီလ မဟာဓမ္မာစရိယဘွဲ့ တံဆိပ်တော်ခံယူမည့် ရဟန်းတော်များနှင့် သာသနတက္ကသီလဓမ္မာစရိယ ဘွဲ့ခံယူမည့် ရဟန်းတော်တစ်ပါးချင်း၏ ဘွဲ့တော်ကို ကြေညာ၍ ပါမောက္ခချုပ်ဆရာတော်ထံတွင်ဘွဲ့ခံယူပြီး နိုင်ငံတော်ပရိယတ္တိသာသနာ့ တက္ကသိုလ်(ရန်ကုန်) မော်ကွန်းထိန်းဆရာတော်က သာသနတက္ကသီလ မဟာဓမ္မာစရိယဘွဲ့ တံဆိပ်တော်ခံယူမည့် ရဟန်းတော်များနှင့် သာသနတက္ကသီလဓမ္မာစရိယဘွဲ့ခံယူမည့် ရဟန်းတော်တစ်ပါးချင်းစီ၏ ဘွဲ့တော်ကို ကြေညာ၍ ပါမောက္ခချုပ်ဆရာတော်ထံတွင် အသီးသီး ဘွဲ့ခံယူကြသည်။

### ကတိသစ္စာခံယူ

ထို့နောက် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်များ၏ အဓိပတိ ဆရာတော်ကြီး ရှေ့မှောက်တွင် ဘွဲ့ခံရဟန်းတော်များက သာသနာပြုကတိသစ္စာခံယူကြသည်။ ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် အခမ်းအနား တက်ရောက်လာကြသည့် ပရိသတ်အပေါင်းတို့သည် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်များ၏ ဒုတိယအဓိပတိ ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသ ဆရာတော်ကြီးထံမှ အနုမောဒနာတရားနာကြား၍ ရေစက်သွန်းချအမျှပေးဝေပြီး "ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု" သုံး ကြိမ်ရွတ်ဆိုဆုတောင်းကာ အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော်ကြီး အမှူးပြုသော ပင့်သံဃာတော် ၁၈ ပါး၊ ဘွဲ့ခံရဟန်းတော် ၁၁၂ ပါး စုစုပေါင်း အပါး ၁၃၀ တို့ကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် အမှူးပြုသော ဌာနဆိုင်ရာ အကြီးအကဲများ၊ အလှူရှင်များက ဆွမ်းဆန်တော်များ ဆက်ကပ်လှူဒါန်းခဲ့သည်။

**သတင်းစဉ်**

## တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများနှင့် စေတနာရှင်ပြည်သူများက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ ၊ ဆေး၊ အလှူငွေများပေးအပ်လှူဒါန်း

**နေပြည်တော် ဒီဇင်ဘာ ၁၈**

တပ်မတော် (ကြည်း၊ရေ၊လေ) အရာရှိ၊ စစ်သည်၊ အရာထမ်း၊ အမှုထမ်းများနှင့် စေတနာရှင် အလှူရှင်များက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများ၊ သာသနာ့နွယ်ဝင် သီလရှင်ကျောင်းများနှင့် ဘာသာရေးကျောင်းများသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ် လေးမျိုးနှင့် လှူဖွယ်ပစ္စည်းများ လှူဒါန်းခြင်း၊ နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းခြင်းနှင့် ကျန်းမာရေးစစ်ဆေးပေးခြင်းများကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် တနင်္သာရီတိုင်းဒေသကြီး ရေဖြူမြို့နယ် သဲချောင်းကျေးရွာရှိ သာသနာ့ဩဘာကျောင်းတိုက်၊ မြောက်ပယကျေးရွာရှိ မြောက်ပယကျောင်းတိုက်၊ တောင်ပယကျေးရွာရှိ ပယတောင်ဘုန်းတော်ကြီးကျောင်းတိုက်၊ ရွှေဝတီတိုင်းဒေသကြီး ဟင်္သာတမြို့ရှိ သုနန္ဒာရာမကျောင်းတိုက်၊ စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့နယ် ကချင်စုကျေးရွာရှိ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်းတိုက်၊ မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ်ရှိ ထန်းပင်ကုန်းကျောင်းတိုက်နှင့် ကရင်ပြည်နယ် သံတောင်ကြီးမြို့ရှိ သာသနာ့ဟိတကာရီ တပ်ဦးဘုန်းတော်ကြီးကျောင်းတို့မှ ဆရာတော်၊ သံဃာတော်များနှင့် သာသနာ့နွယ်ဝင် သီလရှင်များအတွက် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ် လေးမျိုး၊ နဝကမ္မအလှူငွေများ၊ ကိုဗစ်-၁၉ ရောဂါကာကွယ် ရေးအထောက်အကူပြုပစ္စည်းများ၊ နေ့ဆွမ်းများနှင့် လှူဖွယ်ပစ္စည်းများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်အသီးသီးမှ တာဝန်ရှိသူများက သွားရောက်ဆက်ကပ် လှူဒါန်းကြသည်။

ထို့အပြင် စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့နယ် ကချင်စုကျေးရွာရှိ ထေရဝါဒဗုဒ္ဓ သာသနာပြုကျောင်းတိုက်မှ သံဃာတော်များအား အနောက်မြောက်တိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးအဖွဲ့က လိုအပ်သည့်ကျန်းမာရေး စစ်ဆေးပေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ပေါင်းတည်၌ ပန်းခင်းစီမံချက် အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေး ဟောပြောပွဲကျင်းပ

**ပေါင်းတည်  ဒီဇင်ဘာ ၁၈**

ပဲခူးတိုင်းဒေသကြီး ပေါင်းတည်မြို့တွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးမှူးရုံးမှ ပန်းခင်းစီမံချက်အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ဟောပြောပွဲကို ယနေ့နံနက်ပိုင်းက အ-ထ-က ပေါင်းတည်ကျောင်း ပညာရတနာခန်းမ၌ ကိုဗစ်-၁၉ရောဂါကာကွယ်ရေးစည်းကမ်းချက်များနှင့်အညီ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက အမှာစကားပြောကြားပြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးမှူးရုံးမှ ဦးစီးမှူးဦးမောင်မောင်လွင်က ပန်းခင်းစီမံချက်နှင့် စပ်လျဉ်း၍ ဆွေးနွေးရာ တက်ရောက်လာသူများက သိရှိလိုသည်ကို မေးမြန်းဆွေးနွေးရာ သက်ဆိုင်ရာတာဝန်ရှိသူများက ဖြေကြားကြသည်။

အဆိုပါအခမ်းအနားတွင် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ စီစဉ်ညွှန်ကြားမှုဖြင့် ထုတ်ဝေသည့် ပန်းခင်းစီမံချက်အကြောင်းအရာပါ လက်ကမ်းစာစောင်များကို ဝေငှကြောင်း သိရသည်။

**အေးအေးဆင့်(ပြန်/ဆက်)**

# အနုပညာရှင်အသင်းအဖွဲ့များအတွက် အခြေခံစားသောက်ကုန်များ ပေးအပ်လှူဒါန်း

## မိမိတို့တတ်ကျွမ်းသည့် အနုပညာဖြင့် ပြည်သူများ အပန်းပြေစေရေး အလုပ်အကျွေးပြုရန်လိုအပ်

ရန်ကုန် ဒီဇင်ဘာ ၁၈

**အနုပညာရှင်အသင်းအဖွဲ့များအတွက် အခြေခံစားသောက်ကုန်များ ပေးအပ်လှူဒါန်းပွဲကို ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၌ ကျင်းပသည်။**



ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း အနုပညာရှင်အသင်းအဖွဲ့များအတွက် အခြေခံစားသောက်ကုန်များ ပေးအပ်လှူဒါန်းပွဲတွင် အဖွင့်အမှာစကားပြောကြားစဉ်။

လှူဒါန်းပွဲတွင် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက အမှာစကားပြောကြားရာ၌ ယနေ့ကျင်းပပြုလုပ်သည့် အနုပညာရှင်အသင်းအဖွဲ့များအတွက် အခြေခံစားသောက်ကုန်များ ပေးအပ်လှူဒါန်းခြင်းမှာ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးနှင့် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီး ဦးအောင်သန်းဦးနှင့် မိသားစုတို့က လှူဒါန်းမှုအပေါ် စီစဉ်ဆောင်ရွက်ပေးခြင်းဖြစ်ပါကြောင်း၊ ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ကပ်ရောဂါဖြစ်ပွားမှုကြောင့် ထိခိုက်မှုများတွင် မြန်မာနိုင်ငံမှ အနုပညာလုပ်ငန်းများလည်း ပါဝင်ပြီး အနုပညာရှင်များအနေဖြင့် စားဝတ်နေရေး အခက်အခဲများ ဖြစ်ပေါ်လျက်ရှိပါကြောင်း။

ထိုကဲ့သို့ အနုပညာရှင်များ စားဝတ်နေရေး အခက်အခဲများကြုံတွေ့မှုအပေါ် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကိုယ်တိုင် ပြီးခဲ့သည့် နိုဝင်ဘာလအတွင်းက ပေးအပ်လှူဒါန်းမှုဖြင့် စီစဉ်ဆောင်ရွက်ပေးခဲ့ပါကြောင်း၊ ထိုကဲ့သို့ အခြေခံ စားသောက်ကုန်များ အဆက်မပြတ် ပေးအပ်လှူဒါန်းပေးရန်မှာ ရေရှည်တွင် ကန့်သတ်ချက်များရှိနိုင်သဖြင့် အနုပညာရှင်များသည် မိမိတို့၏ အသက်မွေးဝမ်းကြောင်း လုပ်ငန်းများကို စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် ပြန်လည်ဆောင်ရွက်ကြစေလိုပါကြောင်း၊ မိမိတို့တတ်ကျွမ်းသည့် အနုပညာဖြင့် မွန်းကျပ်နေသော ပြည်သူများ အပန်းပြေစေရေး အလုပ်အကျွေးပြုရန် လိုအပ်ပါကြောင်း၊ အနုပညာရှင်များအနေဖြင့် ကျန်းမာရွှင်လန်းစွာ၊ စိတ်အေးချမ်းသာစွာဖြင့် သက်ဆိုင်ရာ အနုပညာလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် ဆုမွန်ကောင်းတောင်းအပ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီး ဦးအောင်သန်းဦးနှင့် ရန်ကုန်တိုင်းဒေသကြီး ဥပဒေချုပ် ဦးဋ္ဌေးအောင်တို့က အမှာစကား ပြောကြားကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးမှ တာဝန်ရှိသူများအားလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီး ဦးအောင်သန်းဦးနှင့် မိသားစုက မြန်မာနိုင်ငံ ဂီတအစည်းအရုံး (ဗဟို)မှ တာဝန်ရှိသူများအားလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး ဥပဒေချုပ် ဦးဋ္ဌေးအောင်က ရုပ်ရှင်အသင်းအဖွဲ့များမှ တာဝန်ရှိသူများအား လည်းကောင်း၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန (ကိုယ်စား) ၎င်းဌာနမှ ဦးစီးအရာရှိ ဒေါ်စန္ဒာအေးက မြန်မာနိုင်ငံ လူရွှင်တော်အသင်းမှ တာဝန်ရှိသူများအား လည်းကောင်း အခြေခံစားသောက်ကုန်များ ပေးအပ်လှူဒါန်းကြသည်။

ယင်းနောက် အနုပညာရှင်အသင်းအဖွဲ့များကိုယ်စား မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဒါရိုက်တာ ဦးကြည်စိုးထွန်းက ကျေးဇူးတင်စကား ပြောကြားသည်။

ယနေ့ လှူဒါန်းပွဲတွင် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနက ဆီတစ်လီတာဘူး ၃၀၀၀နှင့် ပဲပိသာ ၃၀၀၀၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီး ဦးအောင်သန်းဦးနှင့် မိသားစုက ဆန် ၁၂ ပြည်အိတ် ၃၀၀၀ နှင့် ဆားပိသာ ၃၀၀၀ လှူဒါန်းမှုတို့အပေါ် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမှ အသင်းဝင် ၁၆၉၀၊ မြန်မာနိုင်ငံ ဂီတအစည်းအရုံး(ဗဟို)မှ အသင်းဝင် ၁၁၁၀ နှင့် မြန်မာနိုင်ငံ လူရွှင်တော်အသင်းဝင် ၂၁၀ စုစုပေါင်းအနုပညာရှင် ၃၀၁၀ အတွက် တစ်ဦးလျှင် ဆန် ၁၂ ပြည်၊ ဟင်းရွက်ဆီ တစ်လီတာ၊ ပဲနှင့် ဆား တစ်ပိသာနှုန်းစီဖြင့် ပေးအပ်လှူဒါန်းခြင်းဖြစ်ကြောင်း သိရသည်။

မွန်းလွဲပိုင်းက ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်မြို့ ရေဝေးသုသာန်တွင် ပြုလုပ်သည့် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးနာယက စည်သူဗိုလ်ကလေးတင့်အောင်၏ ဈာပနသို့ သွားရောက်ပို့ဆောင်ပြီး ကျန်ရစ်သူမိသားစုအား နာရေးထောက်ပံ့ငွေပေးအပ်သည်။

ယမန်နေ့ ညနေပိုင်းက ပြည်ထောင်စုဝန်ကြီးသည် ရခိုင်ပြည်နယ် သံတွဲမြို့ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံသို့ သွားရောက်စစ်ဆေးပြီး လိုအပ်သည်များ မှာကြားကာ ဝန်ထမ်းများအား ထောက်ပံ့ငွေများ ပေးအပ်သည်။

ပြန်ကြားရေး ဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသည် နိုင်ငံတစ်ဝန်းသို့ ရုပ်သံထပ်ဆင့်လွှင့်စက်ရုံ ၂၅၈ ရုံမှ Analogue စနစ်ဖြင့် လွှမ်းခြုံထုတ်လွှင့်ပေးလျက်ရှိရာမှ ၎င်းအနက် ၁၅၃ ရုံမှာ ဒစ်ဂျစ်တယ် DVB-T2 စနစ်ဖြင့် တိုးချဲ့ထုတ်လွှင့်လျက်ရှိရာ သံတွဲမြို့နယ် အပါအဝင် ရခိုင်ပြည်နယ်တစ်ခုလုံးကို ထပ်ဆင့်လွှင့်စက်ရုံ ၁၆ ရုံဖြင့် လွှမ်းခြုံ ထုတ်လွှင့်ပေးလျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**



# ဝါးခယ်မမြို့နယ် ဝဲကြီးကျေးရွာနှင့် အလယ်ချောင်ကျေးရွာ လျှပ်စစ်မီးလင်းရေးဖွင့်ပွဲကျင်းပ

**ဝါးခယ်မ ဒီဇင်ဘာ ၁၈**

ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ် ဝဲကြီးကျေးရွာနှင့် အလယ်ချောင်ကျေးရွာ လျှပ်စစ်မီးလင်းရေး ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာများ၌ ကျင်းပရာ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း တက်ရောက် ဖွင့်လှစ်ပေးသည်။

အခမ်းအနားတွင် ဝန်ကြီးချုပ်နှင့်အတူ တိုင်းဒေသကြီးလျှပ်စစ်အင်ဂျင်နီယာ ဦးကြီးဇေယျနှင့် တိုင်းဒေသကြီး/ခရိုင်အဆင့် တာဝန်ရှိသူများ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစွမ်းထက်နှင့်အဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများ တက်ရောက်ပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက လျှပ်စစ်ထရန်စဖော်မာကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မန်းကလဲ့ကျေးရွာအုပ်စု အလယ်ချောင်ကျေးရွာရှိ လျှပ်စစ်ထရန်စဖော်မာကို ဖဲကြိုးဖြတ်ဖွင့်လှစ်၍ အမွှေးနံ့သာရည်များ ပက်ဖျန်းပေးသည်။

ဝဲကြီးကျေးရွာ၌ အိမ်ခြေ ၁၅၉ လုံးရှိရာ ၁၁ ကေဗွီလိုင်း ၁ ဒသမ ၈၆ မိုင် သွယ်တန်းပြီး (၂၀၀ ကေဗွီအေ) ထရန်စဖော်မာတစ်လုံးနှင့် လျှပ်စစ်မီတာ ၈၆လုံး တပ်ဆင်ထားပြီး အလယ်ချောင်ကျေးရွာတွင် အိမ်ခြေ ၆၅ လုံးရှိရာ ၁၁ ကေဗွီလိုင်း ၀ ဒသမ ၆ မိုင်သွယ်တန်းပြီး (၁၀၀ ကေဗွီအေ) ထရန်စဖော်မာ တစ်လုံးနှင့် လျှပ်စစ်မီတာ အလုံး ၃၀ တပ်ဆင်ထားကြောင်း သိရသည်။ **စောသန္တာဦး(ပြန်/ဆက်)**

# ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ပစ္စည်းများအား ပြည်ပမှ အဆင်ပြေချောမွေ့စွာ တင်သွင်းနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၁၈**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ပစ္စည်းများကို လေကြောင်း၊ ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ နှောင့်နှေးကြန့်ကြာမှုမရှိ တင်သွင်းနိုင်ရေးအတွက် အချိန်နှင့် တစ်ပြေးညီ စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ချင်းရွှေဟော် ကုန်သွယ်ရေးစခန်းမှ တင်သွင်းရာ ကုမ္ပဏီလေးခုမှ ယာဉ်စီးရေ ရှစ်စီးဖြင့် နှာခေါင်းစည်း (Mask) ၅၆ တန် တင်သွင်းခဲ့သည်။

ဒီဇင်ဘာ ၁ ရက်မှ ၁၈ ရက်အတွင်း ကုမ္ပဏီ ၆၄ ခုမှ ယာဉ်စီးရေ ၁၅၉ စီးဖြင့် အောက်ဆီဂျင် (အရည်) Bowser ယာဉ်ဖြင့် ၂၄၅ တန်၊ အောက်ဆီဂျင်(အိုးခွံ) ၁၂၈၂၆ ခု၊ Oxygen Plant တစ်ခု၊ အိမ်သုံးအောက်ဆီဂျင်စက် (Oxygen Concentrator) ၅၁၄ ခု Covid Test Kit ၁၉၅၇ ခု၊ PPE ဝတ်စုံ ၁၅၂၈၀၊ လက်အိတ် ၂၆ တန်နှင့် နှာခေါင်းစည်း (Mask) ၉၀၈ တန် တင်သွင်းခွင့်ပြုခဲ့ပြီးဖြစ်သည်။

ဒီဇင်ဘာ ၁ ရက်မှ ၁၈ ရက်အတွင်း ပြည်ပမှ တင်သွင်းသည့် အောက်ဆီဂျင်အရည်(Bowser) ယာဉ်စုစုပေါင်း ၁၃ စီးမှာ ရန်ကုန်မြို့သို့ ၁၀ စီး၊ မန္တလေးမြို့သို့ နှစ်စီးနှင့် မုံရွာမြို့သို့ တစ်စီးဖြစ်ပြီး Oxygen Plant တစ်ခုမှာ မန္တလေးမြို့သို့ဖြစ်ကြောင်း သိရှိရသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ပစ္စည်းများကို သက်ဆိုင်ရာ ဌာနများနှင့် ညှိနှိုင်းထားသည့် SOP များနှင့်အညီ ဦးစားပေးတင်သွင်းခွင့်ပြုပေးလျက်ရှိပါကြောင်းနှင့် ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများ တင်သွင်းခြင်းနှင့် ဆက်စပ်သည့် အသိပေး ကြေညာချက်များကိုလည်း အများပြည်သူသိရှိစေရန် ဝန်ကြီးဌာန Website ဖြစ်သည့် commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားပါကြောင်း သိရသည်။ **သတင်းစဉ်**



# ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှု

နိုင်ငံသားများ၏ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို ကျန်းမာရေးဝန်ထမ်းများကသာ ဆောင်ရွက်၍ရသဖြင့် ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုနယ်ပယ်တွင် အပြည့်အဝ တာဝန်ထမ်းဆောင်နိုင်စေရေး ဆောင်ရွက်သွားကြရန် လိုကြောင်း။ အိမ်နီးချင်းနိုင်ငံများနှင့် အာဆီယံနိုင်ငံများတွင် မိမိတို့နိုင်ငံ၏ ကျန်းမာရေးစောင့်ရှောက်မှုသည် အနိမ့်ဆုံး ဖြစ်နေသည့်အတွက် ဆေးပညာနှင့်ပတ်သက်၍ လူသားအရင်းအမြစ်များ လူမှန်နေရာမှန်ရှိစေရေး ဆောင်ရွက်ကြရန် လိုကြောင်း။

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၃-၁၂-၂၀၂၁ ရက်နေ့တွင် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ်(၃/၂၀၂၁)၌ ပြောကြားသည့်အမှာစကားမှ ကောက်နုတ်ချက်)**

## အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စတင်ဆောင်ရွက်ခဲ့သည့် ပညာရှင်များနှင့် ညှိနှိုင်းစည်းဝေး

နေပြည်တော် ဒီဇင်ဘာ ၁၈



**အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး ညှိနှိုင်းအစည်းအဝေးကို ဒီဇင်ဘာ ၁၇ ရက် နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်ရှိ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုဌာန၌ ကျင်းပသည်။** (ယာပုံ)

အစည်းအဝေးသို့ စက်မှုဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ ဒုတိယဝန်ကြီး ဦးကိုကိုလွင်၊ ဗဟိုကော်မတီဝင် ဦးခင်မောင်ကျော်၊ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလုပ်ငန်းရှင်များအသင်း (UMFCCI)မှ တာဝန်ရှိသူများ၊ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပါဝင်ဆောင်ရွက်ခဲ့သူများနှင့် စက်မှုဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်သည်။

ရှေးဦးစွာ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ကမ္ဘာတစ်ဝန်းလုံး စီးပွားရေး၊ လူမှုရေးနှင့် ကျန်းမာရေးစသည့် အခက်အခဲပေါင်းစုံ ရင်ဆိုင်နေကြရပြီး မည်ကဲ့သို့ ကျော်လွှားနိုင်မည်ကို တစ်နိုင်ငံချင်းသော်လည်းကောင်း၊ နိုင်ငံအများ စုပေါင်း၍သော်လည်းကောင်း အဖြေရှာပြီး ဖြေရှင်းနေကြကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် အချိန်မီကုစားနိုင်မည့် အားလုံးတစ်ပေါင်းတည်းကျော်လွှားခြင်း၊ ကိုဗစ်-၁၉ စီးပွားရေးကုစားမှု အစီအစဉ် (CERP)ကို ထုတ်ပြန်၍ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်လျက်ရှိကြောင်း၊ ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများ အပေါ် သက်ရောက်မှုများကို ဖြေလျှော့ပေးသည့် အနေဖြင့် ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေး လုပ်ငန်းကော်မတီမှ ထိခိုက်နိုင်သည့် စီးပွားရေး လုပ်ငန်းများအတွက် အတိုးနှုန်းသက်သာစွာဖြင့် ကိုဗစ်-၁၉ ချေးငွေအဖြစ် လုပ်ငန်းပေါင်း ၆၃၃၃ ခုကို ထုတ်ချေးပေးခဲ့ပြီးဖြစ်ကြောင်း၊ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လက်တွေ့ကျသော လုပ်ငန်းစဉ်များဖြင့် အချိန်တိုအတွင်း ထိရောက်သော အကျိုးရလဒ်များ ထွက်ပေါ်လာရေး ဆောင်ရွက်နိုင်ရန်အတွက် ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်လာသူများအနေဖြင့် မိမိတို့၏ လုပ်ငန်းဆောင်ရွက်ခဲ့သည့် ယခင်အတွေ့အကြုံများအပေါ် အခြေခံပြီး ဆက်လက်ဆောင်ရွက်သင့်သည့် လုပ်ငန်းစဉ်များကို ရင်းရင်းနှီးနှီး ပွင့်ပွင့်လင်းလင်း အကြံပြုဆွေးနွေး ပေးစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ စက်မှုဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးနှင့် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်တို့က MSME များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ခဲ့မှု၊ MSME များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြု အဖွဲ့များဖြစ်သည့် ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့၊ လုပ်ငန်းသုံးသပ်ရေးနှင့် ညှိနှိုင်းအကောင်အထည်ဖော်ရေး အဖွဲ့၊ အေဂျင်စီများ ပြန်လည်ဖွဲ့စည်းနိုင်ရေးကိစ္စ၊ MSME များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်လက် ဆောင်ရွက်မည့် အစီအမံများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များတွင် ပါဝင်ဆောင်ရွက်ခဲ့သူများက MSME များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်သင့်သည့် အစီအမံများကို ဝိုင်းဝန်းအကြံပြုဆွေးနွေးပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ပုသိမ်မြို့ရှိ ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး၌ ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တွေ့ဆုံ၍ ဧရာဝတီတိုင်းဒေသကြီး အတွင်းရှိ စက်မှုဝန်ကြီးဌာနမှ ဦးစီးဌာနနှင့် စက်ရုံများ၏ လုပ်ငန်းလည်ပတ် အကောင်အထည်ဖော် ဆောင်ရွက်နေမှုအခြေအနေနှင့် ကုန်ကြမ်းလိုအပ်မှု အခြေအနေ၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံဆောင်ရွက်လျက်ရှိသည့် အခြေအနေတို့ကို ဆွေးနွေးပြောကြားရာ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ်က စက်ရုံအလုပ်ရုံများ ပြန်လည်လည်ပတ်နိုင်ရေးအတွက် အစွမ်းကုန်ကူညီ ဖြည့်ဆည်းပေးမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် စီးပွားရေးရာဝန်ကြီး ဦးတင်အေးနှင့်အတူ မှန်ထုတ်လုပ်ရေးဌာနခွဲ(ပုသိမ်)သို့ ရောက်ရှိပြီး စက်ရုံတာဝန်ရှိသူများကို လိုအပ်သည်များ မှာကြားကာ စက်ရုံအတွင်း ကုန်ထုတ်လုပ်မှု လုပ်ငန်းစဉ်အဆင့်ဆင့်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## ကသာမြို့၌ အောက်ဆီဂျင်ထုတ်စက်ရုံ လွှဲပြောင်းပေးအပ်ပွဲကျင်းပ



ကသာ ဒီဇင်ဘာ ၁၈

စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့၌ အောက်ဆီဂျင်ထုတ်စက်ရုံ လွှဲပြောင်းပေးအပ်ပွဲကို ဒီဇင်ဘာ ၁၆ ရက်က ကသာမြို့ ဆေးရုံဝင်းအတွင်းရှိ အဆိုပါ စက်ရုံနေရာ၌ ကျင်းပသည်။

အောက်ဆီဂျင် ထုတ်စက် ဖြစ်မြောက်ရေးအတွက် ကသာမြို့နယ်မှ အလှူရှင်များ၊ စေတနာရှင်များက စုပေါင်းလှူဒါန်းထားသော အောက်ဆီဂျင်ထုတ်စက်နှင့် ဆက်စပ်ပစ္စည်းများအတွက် ရငွေသုံးငွေစာရင်း ရှင်းတမ်းများကို ဖြစ်မြောက်ရေးအဖွဲ့နှင့် အလှူရှင်များမှ ရာသက်ပန် ဆက်လက်လုပ်ဆောင်သွားမည့်“ရောကမ်းသာ” အောက်ဆီဂျင်အလှူတော်လူမှုရေးအသင်းသို့ လွှဲပြောင်းပေးခဲ့ကြောင်း သိရသည်။

ဖြစ်မြောက်ရေးအဖွဲ့မှလည်း စက်ရုံဆောက်လုပ်ခြင်း၊ အောက်ဆီဂျင်ထုတ်စက်ကြီးမှ အောက်ဆီဂျင်အိုးများ အမြန်ရရှိရေးအတွက် ဆောင်ရွက်ကြခြင်း၊ လူနာဆောင်သို့ သွားရာလမ်းများကို ကွန်ကရစ်ခင်းပေးခြင်း၊ အောက်ဆီဂျင်အိုးများ သယ်ယူရာတွင် လွယ်ကူစေရန်အတွက် လက်တွန်းထော်လီများ ဆောင်ရွက်ပေးခြင်းများ ပြုလုပ်ထားသည်။

ယခုအခါ အဆိုပါစက်ရုံကြီးမှ လူနာများအတွက် လိုအပ်သော အောက်ဆီဂျင်အိုးများ နေ့စဉ်ထုတ်လုပ်ပေးနိုင်သဖြင့် အလှူရှင်၊ စေတနာရှင်များ ဝမ်းမြောက်၊ ဝမ်းသာရှိနေကြောင်း အောက်ဆီဂျင်ထုတ်စက် ဖြစ်မြောက်အဖွဲ့ဥက္ကဋ္ဌ ဦးဇော်မင်းဦးထံမှ သိရသည်။ **လူအောင်(ကသာ)**

## ညအပူချိန်များ အနည်းငယ် လျော့နည်းနိုင်

**နေပြည်တော် ဒီဇင်ဘာ ၁၈**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)နှင့် ကယားပြည်နယ်တို့တွင် ညအပူချိန်များ အနည်းငယ် လျော့နည်းနိုင်သည်။

**မိုး/ဇလ**

# မဲခေါင် - လန်ချန်း ဒေသတွင်း အစိုးရပူးပေါင်းဆောင်ရွက်မှု အစည်းအဝေးကျင်းပ

လားရှိုး ဒီဇင်ဘာ ၁၈

**တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီးကျွမ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဘေဟိုင်းမြို့တော်တွင် ဒီဇင်ဘာ ၁၇ ရက် မြန်မာစံတော်ချိန် နံနက် ၈ နာရီက မဲခေါင် - လန်ချန်းဒေသတွင်း အစိုးရပူးပေါင်းဆောင်ရွက်မှု အစည်းအဝေးကို Online နှင့် Offline ပေါင်းစပ်ကာ ကျင်းပခဲ့ကြောင်း သိရသည်။**



အခမ်းအနားတွင် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်းက မဲခေါင်-လန်ချန်း ဒေသတစ်လျှောက်ရှိ မြန်မာနိုင်ငံသားများ၏ ဘဝများ၊ လူမှုစီးပွားအသက်မွေးဝမ်းကျောင်းပြုသူများကို ကိုဗစ်-၁၉ ရောဂါကပ်ဆိုးသည် အတိုင်းအတာတစ်ခုအထိ ပျက်စီးစေခဲ့သည့်အတွက် ပြည်သူလူထုကျန်းမာရေး ပူးပေါင်းဆောင်ရွက်မှုအား မဲခေါင်-လန်ချန်းဒေသ ပူးပေါင်းဆောင်ရွက်မှုမှတစ်ဆင့် ပိုမိုခိုင်မြဲစေရန် လိုအပ်ကြောင်း၊ ကိုဗစ်-၁၉ ကာကွယ်တိုက်ဖျက်ရေးတွင် အထောက်အကူတစ်ခုဖြစ်သည့် အဆက်မပြတ် ကာကွယ်ဆေးများ ထောက်ပံ့ပေးမှုနှင့် အခြားဆေးဘက်ဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ ထောက်ပံ့ပေးသည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် အကူအညီပေးကြသော အခြားမဲခေါင်ဒေသတွင်းနိုင်ငံများကိုလည်း ကျေးဇူးတင်ရှိပါကြောင်း၊ ရှမ်းပြည်နယ်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ လာအိုနိုင်ငံ၊ ထိုင်းနိုင်ငံတို့နှင့် ထိစပ်နေသည့်အတွက် မဲခေါင် - လန်ချန်း ပူးပေါင်းဆောင်ရွက်မှုအနေဖြင့် ၁၀၀ ရာခိုင်နှုန်း ကာကွယ်ဆေးထိုးနှံနိုင်စေရန် အရေးကြီးပါကြောင်း၊ လူမှုစီးပွားပြန်လည်ကောင်းမွန်လာစေရေးအတွက် နိုင်ငံအားလုံးနှင့် ဒေသတွင်းအစိုးရများက ဦးစားပေးလုပ်ဆောင်ရမည်ဖြစ်ကြောင်း၊ ဆက်သွယ်ရေးနှင့် နယ်စပ်ကုန်သွယ်ရေးများ ပြန်လည်ကောင်းမွန်လာစေရန် ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ကိုဗစ် - ၁၉ ရောဂါ အပါအဝင် အခြားအတားအဆီးများကို မဲခေါင် - လန်ချန်း ပူးပေါင်းဆောင်ရွက်ရေးမှရရှိသည့် အင်အားများဖြင့် ကျော်လွှားအောင်မြင်နိုင်မည်ဟု ယုံကြည်ပါကြောင်းနှင့် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုမှတစ်ဆင့် ငြိမ်းချမ်းသော ဖွံ့ဖြိုးတိုးတက်သော မဲခေါင်-လန်ချန်းဒေသ၏ အနာဂတ်အတွက် မြန်မာနိုင်ငံမှ တက်ကြွစွာ ပူးပေါင်းဆောင်ရွက်မည်ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ မဲခေါင်-လန်ချန်း ဒေသတွင်းအစိုးရပူးပေါင်းဆောင်ရွက်မှု အစည်းအဝေးကို တရုတ်ပြည်သူ့သမ္မတနိုင်ငံဘက်မှ CPAFFC ဥက္ကဋ္ဌ H.E.Mr. Lin Songtian ၊ တရုတ်နိုင်ငံဆိုင်ရာ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ကွမ်ရှီး၊ စီချွမ်း၊ ကွီဇူး၊ ရန်နမ်၊ ရှန်ရှီဒေသအစိုးရမှ ခေါင်းဆောင်များ၊ ကမ္ဘောဒီးယား၊ လာအို ၊ မြန်မာ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံများမှ ဒေသအစိုးရတာဝန်ရှိသူများ တက်ရောက်ကြသည်။

အဆိုပါအစည်းအဝေးမှာပြည်သူ့ကျန်းမာရေးကို ကာကွယ်ရန် ကပ်ရောဂါဆိုးကို ဆန့်ကျင်တိုက်ဖျက်ရေး ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုခိုင်မြဲရန်၊ ပိုမိုကောင်းမွန်သော အနာဂတ်အတွက် အပြန်အလှန်အကျိုးရှိသော ပူးပေါင်းဆောင်ရွက်မှုကို နက်ရှိုင်းစေရန်ရည်ရွယ်ကြောင်း သိရသည်။

**မောင်မောင်သန်း (တောင်ကြီး)**

## ၂၀၂၁ ခုနှစ် ဒီဇင်ဘာလ စုပေါင်းလမ်းလျှောက်ပွဲများပြုလုပ်

**နေပြည်တော် ဒီဇင်ဘာ ၁၈**

၂၀၂၁ ခုနှစ် ဒီဇင်ဘာအားကစားလ စုပေါင်းလမ်းလျှောက်ပွဲကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ်နှင့် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တို့၌ ပြုလုပ်ရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် အရာရှိ၊ စစ်သည်၊ မိသားစုများ ပါဝင်ဆင်နွှဲကြသည်။



ဦးစွာ ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် အရာရှိ၊ စစ်သည်၊ မိသားစုများက သတ်မှတ်နေရာများ၌ စုပေါင်းလမ်းလျှောက်ခြင်းများ ပြုလုပ်ကြသည်။ ထို့နောက် ကိုယ်လက်ကြံ့ခိုင်ရေး လေ့ကျင့်စုရပ်နေရာများ၌ စုပေါင်း ခန်းများ ပြုလုပ်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## တာမွေမြို့နယ်၌ (၇၄)နှစ်မြောက် လွတ်လပ်ရေးနေ့အကြို ကာယ၊ ဉာဏစွမ်းရည်ပြိုင်ပွဲများကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၁၈**

ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်အရှေ့ပိုင်းခရိုင် တာမွေမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်ပညာရေးဌာနတို့ ပူးပေါင်းကျင်းပသော (၇၄)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်(အကြို) မူလတန်းအဆင့် ကာယ၊ ဉာဏစွမ်းရည်ပြိုင်ပွဲများကို ယနေ့နံနက်ပိုင်းက တာမွေမြို့နယ် မေတ္တာညွန့်ရပ်ကွက် အဝေရာလမ်းရှိ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး လူထုအခြေပြု ဗဟိုဌာနခန်းမ၌ ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေး လမ်းညွှန်ချက်များနှင့်အညီ ကျင်းပခဲ့သည်။

အခမ်းအနားတွင် တာမွေမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ငွေငွေစိုးက ကာယ၊ ဉာဏစွမ်းရည်ပြိုင်ပွဲများ ကျင်းပရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားခဲ့ပြီး အကဲဖြတ်ဒိုင်တစ်ဦးမှ ပြိုင်ပွဲများနှင့် ပတ်သက်သည့် စည်းမျဉ်းစည်းကမ်းများအား ရှင်းလင်းပြောကြားခဲ့သည်။ ထို့နောက် ကာယ၊ ဉာဏစွမ်းရည်ပြိုင်ပွဲများကို ဆက်လက်ကျင်းပရာ မြို့နယ်အတွင်းရှိ အခြေခံပညာ မူလတန်းကျောင်းများမှ ကျောင်းသား ကျောင်းသူလေးများ ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး ပြိုင်ပွဲများတွင် ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများချီးမြှင့်သည်။ ယင်းနောက် ပြိုင်ပွဲများတွင် ဆုရရှိကြသူများကိုယ်စား ဆုရရှိသောကျောင်းသူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ပြီး တာဝန်ရှိသူများနှင့်အတူ အမှတ်တရစုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

**နိုင်လင်းအောင်(ပြန်/ဆက်)**



## ဖြူးမြို့နယ်၌ (၇၄)နှစ်မြောက် လွတ်လပ်ရေးနေ့အကြို အားကစားပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

**ဖြူး ဒီဇင်ဘာ ၁၈**

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ်တွင် (၇၄)နှစ်မြောက် လွတ်လပ်ရေးနေ့အကြိုအားကစားပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲကို ကျောင်းသား ကျောင်းသူ မျိုးဆက်သစ်ကလေးသူငယ်များ လွတ်လပ်ရေးနေ့ကို အစဉ်အမြဲ မမေ့အပ်စေရေးနှင့် အားကစား ပြုလုပ်ခြင်းဖြင့် ကျန်းမာကြံ့ခိုင်ပြီး စိတ်ပိုင်းဆိုင်ရာ ပျော်ရွှင်စေရေးအတွက် ရည်ရွယ်ကာ ဒီဇင်ဘာ ၁၈ ရက် မွန်းလွဲ ၁ နာရီမှစတင်ကာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပသည်။



ရှေးဦးစွာ ဖြူးမြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်နွယ်နွယ်အေးနှင့် ဝန်ထမ်းများက ဖြူးမြို့ပေါ်ရှိ အလကခွဲကျောင်းများမှ အလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူများအား ဇွန်းအတွင်း ပင်ပေါင်သီးထည့်၍ ဇွန်းကိုက် လမ်းလျှောက်ကစားနည်း၊ ပင်ပေါင်သီးခြင်းအတွင်း အလုံးရေအများဆုံးပစ်ထည့်သည့် ကစားနည်း၊ ဖားခုန်ကစားနည်းတို့ကို တစ်ဦးချင်းနှင့် အတွဲလိုက် ယှဉ်ပြိုင်စေကာ ဆုများချီးမြှင့်ပေးပြီး လာရောက် ယှဉ်ပြိုင်ကြသည့် ကျောင်းသား ကျောင်းသူတစ်ယောက်ချင်းစီတိုင်းကို စာအုပ်နှင့် စာရေးကိရိယာများ၊ အာဟာရပြည့် မုန့်ပဲသွားရည်စာများ လက်ဆောင်ပေးခဲ့ကြောင်း သိရသည်။

**နေမျိုးလွင်(ပြန်/ဆက်)**

## သိန္နီမြို့နယ်၌ (၇၄)နှစ်မြောက် လွတ်လပ်ရေးနေ့အကြို ဟောပြောပွဲကျင်းပ

**သိန္နီ ဒီဇင်ဘာ ၁၈** - ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးခရိုင် သိန္နီမြို့နယ်တွင် ၂၀၂၂ ခုနှစ် ဇန်နဝါရီလ ၄ ရက်တွင် ကျရောက်မည့် (၇၄)နှစ်မြောက် လွတ်လပ်ရေးနေ့အကြို ဟောပြောပွဲကို ယနေ့နံနက် ၉ နာရီက သိန္နီမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပညာရေးဌာနတို့ပူးပေါင်း၍ လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပသည်။ ရှေးဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ယာယီတာဝန်ခံ ဒေါ်အိဇာချိုက ကျောင်းသား ကျောင်းသူ လူငယ်လူရွယ်လေးများ နေ့ထူးနေ့မြတ်များကို အစဉ်အမြဲသတိရနေစေရန်၊ လွတ်လပ်ရေးဆိုသည့် အဓိပ္ပာယ်၊ လွတ်လပ်ရေးနေ့သမိုင်းကြောင်း စသည့်အကြောင်းအရာများကို ဟောပြောဆွေးနွေးခဲ့ကြောင်း သိရသည်။

**အိဇာချို(ပြန်/ဆက်)**

# စားသုံးဆီ ဈေးနှုန်းကြီးမြင့်မှု မဖြစ်ပေါ်စေရေး ကြပ်မတ်ဆောင်ရွက်မည်

**ရန်ကုန် ဒီဇင်ဘာ ၁၈**

စားသုံးဆီဈေးနှုန်းကြီးမြင့်မှု မဖြစ်ပေါ်စေရေးနှင့် ပြည်ပမှ စားသုံးဆီများ တရားဝင် ဝင်ရောက်မှုရှိစေရေးတို့အတွက် နိုင်ငံတော်အနေဖြင့် ကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ပွင့်ဆန်းက ရန်ကုန်မြို့ ပြည်လမ်းရှိ Lotte ဟိုတယ်၌ ဒီဇင်ဘာ ၁၇ ရက်က ကျင်းပသည့် မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း (၂၉)ကြိမ်မြောက် နှစ်ပတ်လည် အသင်းသားစုံညီအစည်းအဝေးတွင် Virtual System ဖြင့် ပြောကြားသည်။




"စားသုံးဆီ သုံးစွဲမှုဟာ တစ်နှစ်လျှင် ပျမ်းမျှ တန်ချိန် ၁၇ သိန်းခန့်ရှိပြီး ပြည်တွင်းမှာ လုံလောက်အောင် ထုတ်လုပ်နိုင်ခြင်းမရှိသေးတဲ့အတွက် နှစ်စဉ် ပြည်ပမှ တင်သွင်းခဲ့ရပါတယ်။ နိုင်ငံတော်အနေနဲ့ ကျန်းမာရေးနဲ့အညီ ဆီစားသုံးမှုလျော့ကျလာစေရေး၊ ဆီထွက်သီးနှံများ စိုက်ပျိုးထုတ်လုပ်သည့် တောင်သူများ ဈေးကွက်များအလွယ်တကူရရှိစေရေးအတွက် ရည်မှန်းဆောင်ရွက်လျက်ရှိပြီး နိုင်ငံခြားသုံးငွေသုံးစွဲမှုလျော့ကျစေရေးအတွက်စားသုံးဆီတင်သွင်းရေးကို ၂၀၂၁ ခုနှစ် အောက်တိုဘာလကစတင်ပြီး အခြေခံမူတွေ ချမှတ်ပြီး တင်သွင်းထုတ်လုပ်လျက် ရှိပါတယ်။ အဲဒီလို တင်သွင်းခွင့်သတ်မှတ်လိုက်တဲ့အတွက်ကြောင့် စားသုံးဆီဈေးနှုန်းကြီးမြင့်မှု မဖြစ်ပေါ်စေရေး၊ ပြည်ပမှ တရားဝင် ဝင်ရောက်မှုရှိစေရေးတို့ကို နိုင်ငံတော်အနေနဲ့ ကြပ်မတ်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ် "ဟု ပြည်ထောင်စုဝန်ကြီးက ပြောကြားသည်။

မြန်မာနိုင်ငံ ဆီကုန်သည်နှင့်ဆီလုပ်ငန်းရှင်များအသင်းအနေဖြင့် အများပြည်သူများထံ စားသုံးဆီများကို သက်သာချောင်ချိသော ဈေးဖြင့် ရောင်းချပေးလျက်ရှိပြီး ရန်ကုန်မြို့ရှိ စားသုံးဆီ လက်လီ/ လက်ကား ကုန်သည်များအား ၁၄ ကြိမ်၊ တန်ချိန်အားဖြင့် ၁၈၇၁၇ ဒသမ ၄၀ တန်၊ နေပြည်တော် အပါအဝင် တိုင်းဒေသကြီး/ပြည်နယ် အသင်း ၁၆ သင်းသို့ တန်ချိန် ၄၃၀၇ ဒသမ ၄၄ တန်အား ၁၁ ကြိမ်နှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်း ဈေးကားများဖြင့် လှည့်လည်ရောင်းချခြင်းတွင် တန်ချိန် ၂၁၇၉ ဒသမ ၁၉ တန် ရောင်းချပေးနိုင်ခဲ့ကြောင်း သိရသည်။

ထို့ပြင် အများပြည်သူထံ သက်သာချောင်ချိသော ဈေးဖြင့် စားသုံးဆီများ ဖြန့်ဖြူးရောင်းချနိုင်ရေးအတွက် ရည်ညွှန်းငွေလဲနှုန်းဖြင့် မြန်မာနိုင်ငံတော် ဗဟိုဘဏ်က အမေရိကန်ဒေါ်လာများ ရောင်းချပေးခဲ့ရာ လက်ရှိအချိန်အထိ ဝယ်ယူခွင့် ခြောက်ကြိမ်ရရှိထားကြောင်း မြန်မာနိုင်ငံ ဆီကုန်သည်နှင့်ဆီလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးဆန်းလင်းက ပြောကြားသည်။

လက်ရှိတွင် အမေရိကန်ဒေါ်လာ ဝယ်ယူရရှိမှု ၃၁ သန်းအထိရှိထားပြီး အဆိုပါငွေနှင့် ညီမျှသည့် ဆီများကို နိုဝင်ဘာလတွင် ဆီလက်လီ/လက်ကားလုပ်ငန်းရှင်များ၊ တိုင်းဒေသကြီး/ပြည်နယ်အသင်းများ၊ ဈေးကားများအတွက် ဆက်လက်ရောင်းချပေးခဲ့ကြောင်း သိရသည်။

**အာကာစိုး၊ ဓာတ်ပုံ – တင်စိုး**

# အင်းတော်ကြီးဘေးမဲ့အင်းသို့ ဆောင်းခိုငှက်များ တဖွဲဖွဲဝင်ရောက်လျက်ရှိ

**ကချင်ပြည်နယ် ဒီဇင်ဘာ ၁၈**

ကမ္ဘာ့ရာသီဥတုပြောင်းလဲလာမှုကြောင့် မြောက်ဝင်ရိုးစွန်းတွင် ကျက်စားသည့် ရေပျော်ငှက်များသည် ပူနွေးစိုစွတ်ရာ ကမ္ဘာ့နိုင်ငံများသို့ ယခင်နှစ်ထက်စော၍ ပျံသန်းဝင်ရောက်ကြလျက်ရှိရာ မြန်မာနိုင်ငံ အင်းတော်ကြီးဘေးမဲ့အင်းသို့လည်း ဆောင်းခိုငှက်များ တဖွဲဖွဲဝင်ရောက်ကျက်စားလျက်ရှိသည်။

**အချိန်စော၍ ဝင်ရောက်ခဲ့**

ယခုနှစ်တွင် အင်းတော်ကြီးဘေးမဲ့အင်းသို့ စက်တင်ဘာလမှစ၍ ဆောင်းခိုငှက်များ ဆောလျင်စွာ ဝင်ရောက်ခဲ့ရာ နိုဝင်ဘာလတွင် ဌာနေငှက်မျိုးစိတ် ၁၉ မျိုး ကောင်ရေ ၉၀၀၀ ကျော်နှင့် ဆောင်းခိုရေပျော်ငှက်မျိုးစိတ် ၃၀ ကျော် အကောင်ရေ ၁၇၀၀၀ ကျော်ဖြင့် စုစုပေါင်းရေပျော် ငှက်မျိုးစိတ် ၄၉ မျိုး အကောင်ရေ ၂၆၀၀၀ ကျော် ဝင်ရောက်နားခိုလျက်ရှိသည်။

ဒီဇင်ဘာလတွင်လည်း ဆက်လက်ဝင်ရောက်လျက်ရှိရာ စစ္စလီငှက် ၄၀၀၀ ကျော်၊ ကြိုးကြာခေါင်းမဲ ၁၀၀၀၀ ကျော်၊ စင်ရော်ခေါင်းညို/ခေါင်းမဲ ၁၅၀၀ ကျော်၊ ဘဲနီစပ် ၁၅၀၀ ကျော်၊ ရေကြက်ဒုံ ၃၀၀၀ ကျော်၊ တောငန်း ၁၀၀၀ ကျော်နှင့် ဘဲဖြူနက် အကောင်ရေ ၄၀၀၀ ကျော် ထူးခြားစွာ ဝင်ရောက်ခဲ့သည်။

အာဆီယံနိုင်ငံများတွင် ရေပျော်ငှက်စာရင်းကို ဇန်နဝါရီ ၈ ရက် နှင့် ၉ ရက်တွင် ကောက်ယူလေ့ရှိပြီး ထိုလသည် ကမ္ဘာ့ဆောင်းခိုငှက်အများဆုံးနှင့် မျိုးစိတ်မျိုးစုံ တွေ့မြင်ရသောလဖြစ်သည်။ ထိုလတွင် အင်းတော်ကြီးဘေးမဲ့အင်း ဝန်ထမ်းများနှင့် မိုးညှင်းတက္ကသိုလ်မှ ဆရာ ဆရာမများ၊ မန္တလေး သဘာဝအခြေခံခရီးသွားလုပ်ငန်းအဖွဲ့များနှင့် မြစ်ကြီးနား၊ မန္တလေး၊ အင်းတော်ကြီးတို့မှ ငှက်ဝါသနာရှင်များစုပေါင်း၍ စာရင်းကောက်ယူသည်။ အာရှရေပျော်ငှက် စာရင်းကောက်ယူမှုကို ၂၀၁၆ ခုနှစ်မှ စတင်၍ဆောင်ရွက်ခဲ့ရာ ယနေ့တိုင်ဖြစ်သည်။

ယမန်နှစ် ဆောင်းရာသီက အင်းတော်ကြီးဘေးမဲ့အင်းသို့ ဆောင်းခိုငှက်မျိုးစိတ် ၅၀ ကျော် ကောင်ရေ ၃၀၀၀၀ ခန့် နားခိုကျက်စားခဲ့ပြီး ကမ္ဘာ့မျိုးသုဉ်းရန် အန္တရာယ်နှင့်ရင်ဆိုင်နေရသည့် ဘဲခေါင်းစိမ်း ငါးကောင်နှင့် ဟင်္သာ လေးကောင်ခန့်ကို တွေ့ရှိခဲ့ရာ ယခုနှစ်တွင် ထပ်မံတွေ့ရှိရန် အထူးသတိပြုဆောင်ရွက်လျက်ရှိသည်။

**နိုင်ငံအတွက် ဂုဏ်ယူစရာ**

အင်းတော်ကြီးကန်သည် ၁၀၀ စတုရန်းမိုင် ကျယ်ဝန်းပြီး အင်းနှင့် ဆက်စပ်ရေဝပ်ဧရိယာဖြစ်သော ရေဝေရေလဲကြိုးဝိုင်းတော ၂၁၄ ဒသမ ၇၆ စတုရန်းမိုင် ရှိသောကြောင့် စုစုပေါင်း ၃၁၄ ဒသမ ၆၇ စတုရန်းမိုင်တွင် ကမ္ဘာ့ဆောင်းခိုငှက်များနှင့် ဌာနေငှက်များ ကျက်စားနေထိုင်လျက်ရှိသည်။

မြန်မာနိုင်ငံတွင် အင်းတော်ကြီးကန်၊ အင်းလေးကန်၊ မိုးယွန်းကြီးအင်း၊ မိန်းမလှကျွန်း၊ ရခိုင်ပြည်နယ် နံ့သာကျွန်းနှင့် မုတ္တမကွေ့တို့ကို ရမ်ဆာရေဝပ်ဒေသထိန်းသိမ်းရေးအဖြစ် သတ်မှတ်ထားပြီး နံ့သာကျွန်းနှင့် မုတ္တမကွေ့တို့၌ ကမ္ဘာပေါ်တွင် ရှားပါး၍ ကောင်ရေ ၆၀၀ ခန့်သာ ကျန်ရှိသည့် စပွန်းဘေးဆန်းဘိုက်ဗာ ရေပျော်ငှက် ကောင်ရေ ၃၀၀ ခန့် ဆောင်းခိုလျက်ရှိရာ နိုင်ငံအတွက် ဂုဏ်ယူစရာတစ်ခုဖြစ်သည်။

"မြန်မာနိုင်ငံမှာ အာဆီယံအမွေအနှစ်အဖြစ် သတ်မှတ်ထားတဲ့နေရာ ရှစ်ခုမှာ အင်းတော်ကြီးကန်၊ အင်းလေးကန်နဲ့ မိန်းမလှကျွန်းတို့ဟာ အာဆီယံအဆင့် ရေဝပ်ဒေသအဖြစ် သတ်မှတ်ထားတာပါ။ မြန်မာနိုင်ငံမှာ ဆောင်းခိုငှက်တွေနဲ့ ရေဝပ်ဒေသတွေ ရေရှည်တည်တံ့ဖို့ ဥပဒေ၊ နည်းဥပဒေတွေနဲ့ဆောင်ရွက်နေပါတယ်။ ဘက်ပေါင်းစုံက ထိန်းသိမ်းရေးလုပ်ငန်းတွေ ဆောင်ရွက်နေပါတယ်။ လိုအပ်ချက်တွေတော့ ရှိနေဆဲပါ။ ကမ္ဘာ့ရှားပါးငှက်တွေ ဝင်ရောက်ခိုလှုံကျက်စားရာနေရာဖြစ်တဲ့အတွက် အင်းတော်ကြီးဒေသမှာရှိတဲ့ ဒေသခံတွေအနေနဲ့ နိုင်ငံရဲ့အမွေအနှစ်တစ်ခုအဖြစ် ဂုဏ်ယူပြီး ပူးပေါင်းထိန်းသိမ်းဖို့ အရေးကြီးပါတယ်" ဟု အင်းတော်ကြီးကန် ဘေးမဲ့တောအုပ်ချုပ်ရေးမှူး ဦးမောင်ဝင်းက ပြောကြားသည်။



**ကမ္ဘာ့နိုင်ငံများနှင့် လက်တွဲဆောင်ရွက်**

ကမ္ဘာ့မြောက်ဝင်ရိုးစွန်း၌ ဆောင်းရာသီတွင် အစာရေစာရှားပါးလာမှုကြောင့် အီကွေတာနှင့်နီးသော အပူပိုင်းဒေသများသို့ ရေပျော်ငှက်များ ပြောင်းရွှေ့ကျက်စားရာတွင် ကမ္ဘာ့ငှက်ပျံသန်းရာလမ်းကြောင်း ကိုးကြောင်းဖြင့် ပျံသန်းရာ၌ မြန်မာနိုင်ငံသို့ အရှေ့အာရှ–ဩစတြေးလျ လမ်းကြောင်းနှင့် အာရှဗဟိုလမ်းကြောင်းတို့မှ ဝင်ရောက်လျက်ရှိသည်။ ထိုလမ်းကြောင်းနှစ်ခုပေါ်တွင်ကျရောက်သော နိုင်ငံများစုပေါင်း၍ ဆောင်းခိုငှက်များကို ထိန်းသိမ်းစောင့်ရှောက်ရန် ပူးပေါင်းဆောင်ရွက်လျက်ရှိရာ မြန်မာနိုင်ငံသည် အရှေ့အာရှ–ဩစတြေးလျ ငှက်ပျံသန်းရာလမ်းကြောင်း အဖွဲ့ဝင်နိုင်ငံအနေဖြင့် လည်းကောင်း၊ ရမ်ဆာရေဝပ်ဒေသ အဖွဲ့ဝင်နိုင်ငံအဖြစ်လည်းကောင်း ဆောင်းခိုငှက်များ ထိန်းသိမ်းကာကွယ်မှုကို ကမ္ဘာ့နိုင်ငံများနှင့် လက်တွဲဆောင်ရွက်လျက်ရှိသည်။

အင်းတော်ကြီးအင်းဘေးမဲ့တော၌ သဘာဝက ထွက်ရှိသော သယံဇာတအပေါ် မှီခိုမှုများလာပြီး ရွှေတူးဖော်မှုတို့ကြောင့် သဘာဝပတ်ဝန်းကျင် ထိခိုက်မှုနှင့် ဇီဝနှင့်ရုက္ခထိခိုက်မှုကို ဝိုင်းဝန်းထိန်းသိမ်းရန်လိုအပ်လျက်ရှိသည်။ အင်းတော်ကြီးဘေးမဲ့အင်း၌ အောက်တိုဘာ ၁၀ ရက်တွင် ဆောင်းခိုငှက်ကြိုဆိုပွဲများကို ကျင်းပလေ့ရှိပြီး မေလ ၁၀ ရက်တွင် ဆောင်းခိုငှက်များ နှုတ်ဆက်ပွဲကိုကျင်းပလေ့ရှိကြောင်းလည်း သိရသည်။

**ညိမ်းသူ (သတင်းစဉ်)**
**ဓာတ်ပုံ – ကနူး**

# ဟုမ္မလင်း၌ ရော်ဘာစိုက်ပျိုးထုတ်လုပ်ခြင်း နည်းပညာသင်တန်းဖွင့်

**ဟုမ္မလင်း ဒီဇင်ဘာ ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ဒေသခံတောင်သူများအတွက် ရော်ဘာစိုက်ပျိုးထုတ်လုပ်ခြင်းနည်းပညာပေး သင်တန်းကို ဟုမ္မလင်းမြို့၊ မြို့မနည်းပညာဖွံ့ဖြိုးရေးစင်တာ ရုံးသင်တန်းခန်းမ၌ ဒီဇင်ဘာ ၁၇ ရက်က ဖွင့်လှစ်ရာ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဒေသခံရော်ဘာစိုက်ပျိုးတောင်သူများနှင့် ရော်ဘာစိုက်ပျိုးထုတ်လုပ်သူ လုပ်ငန်းရှင်များ တက်ရောက်သည်။

သင်တန်းတွင် ရော်ဘာမျိုးစေ့ အစို့ဖောက်နည်း၊ ရော်ဘာအဖူးကူးနည်း၊ ရော်ဘာစိုက်ပျိုး ထိန်းသိမ်းနည်း၊ ရော်ဘာအစေး လှီးနည်း၊ ရော်ဘာထုတ်လုပ်ခြင်းနည်းပညာများကို ဟုမ္မလင်းမြို့နယ်အတွင်းရှိ ဒေသခံ ရော်ဘာစိုက်ပျိုးတောင်သူများနှင့် ရော်ဘာစိုက်ပျိုးထုတ်လုပ်သူလုပ်ငန်းရှင်များအပါအဝင် သင်တန်းသားသင်တန်းသူ ၂၅ ဦးအား တစ်ရက်ကြာ စာတွေ့လက်တွေ့သင်ကြားပို့ချပေးခဲ့ကြောင်း မြို့မနည်းပညာဖွံ့ဖြိုးရေးစင်တာ တာဝန်ခံ ဦးမင်းမင်းဇော်ထံမှ သိရသည်။

**ဆောက်(ဟုမ္မလင်း)**

❖ *ကျော်ဖုံးမှ*

တာဝန်သိပြည်သူများ၏ သတင်းပေးချက်အရ ဒီဇင်ဘာ ၁၇ ရက်တွင် သန်လျင်မြို့နယ် လဟာရက်ကျေးရွာအပြင်ဘက်ရှိ လယ်တဲအတွင်း ဝင်ရောက်ရှင်းလင်းခဲ့ရာ သန့်ဇော်အောင် (ခ)စိုးလေး(၂၉)နှစ်၊ ရဲမင်းဖြိုး(ခ)ကိုဖြိုး(၂၇)နှစ်၊ ဖြိုးမောင်မောင် (ခ)ဖြိုးကြီး(၃၂)နှစ်(သေဆုံး)နှင့် ၎င်း၏ရည်းစားဖြစ်သူ စန္ဒာ(၁၇)နှစ်တို့ လေးဦးကို M-16 တစ်လက်၊ M-22 တစ်လက်၊ ပစ္စတို တစ်လက်၊ M-16 ကျည်အိမ်နှစ်ခု၊ M-22 ကျည်အိမ်တစ်ခု၊ SIG SAUER ပစ္စတိုကျည်အိမ် နှစ်ခု၊ ၇.၆၂ ကျည် ၂၅ တောင့်၊ ၅.၅၆ ကျည်အတောင့် ၅၀၊ ၉ မမကျည်အတောင့် ၂၀ တို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိ တရားခံများ၏ ထွက်ဆိုချက်အရ အကြမ်းဖက်ဖောက်ခွဲရေး လုပ်ငန်းများတွင် အသုံးပြုသည့် ဖောက်ခွဲရေးပစ္စည်းများ သိုဝှက်သိမ်းဆည်းပေးထားသော သန်လျင်မြို့နယ် လဟာရက်ကျေးရွာနေ ဆက်စပ်တရားခံ တင်ထွန်းခိုင်(၄၁)နှစ်ကို ပိုတက်ဆီယမ်ကာဗွန်နိတ် ၁၃ ထုပ်၊ ဆီလီကွန်ပုံစံခွက် ၁၀ ခု၊ Sulphuric Acid တစ်ဘူး၊ သံဘောစေ့ သုံးဘူး၊ သံဖောက်စက်တစ်ခု၊ ဆီလီကွန်မှုန့် ၁၀ ပိဿာခန့်၊ အက်ဆစ်အရည်ပုံး တစ်ပုံးနှင့်အတူ ထပ်မံဖမ်းဆီးရမိခဲ့သည်။

ဖြစ်စဉ်တွင် ဖမ်းဆီးရမိ တရားခံ အမျိုးသား လေးဦး၊ အမျိုးသမီးတစ်ဦး စုစုပေါင်း ငါးဦးတို့ကို M-16 တစ်လက်၊ M-22 တစ်လက်၊ ပစ္စတို တစ်လက်၊ ကျည်အိမ်မျိုးစုံ ငါးခု၊ ကျည်မျိုးစုံ ၉၅ တောင့်၊ ဖောက်ခွဲရေးပစ္စည်းများတွင် အသုံးပြုသည့် ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိ တရားခံများ၏ ထွက်ဆိုချက်အရ သန့်ဇော်အောင် (ခ) စိုးလေး နှင့် ဖြိုးမောင်မောင်(ခ) ဖြိုးကြီးသည် ဇူလိုင်လတွင် KNLA တပ်မဟာ(၆)နယ်မြေ လေးကေ့ကော်မှ ရင်းမှူးအဆင့်ရှိ ရန်နိုင်ဖွင့်လှစ်သော အကြမ်းဖက်ဖောက်ခွဲရေးသင်တန်းကို လည်းကောင်း၊ ရဲမင်းဖြိုး(ခ)ကိုဖြိုးသည် ဩဂုတ်လတွင် ကယားပြည်နယ် ရှမ်းစုကျေးရွာအနီး၌ အကြမ်းဖက်ဖောက်ခွဲရေး သင်တန်းကိုလည်းကောင်း တက်ရောက်ထားသူများဖြစ်ကြောင်းနှင့် သိမ်းဆည်းရမိ လက်နက်ခဲယမ်းများမှာ ဖြိုးမောင်မောင်(ခ)ဖြိုးကြီးက အကြမ်းဖက်လုပ်ငန်းများတွင် အသုံးပြုရန် KNLA တပ်မဟာ (၆) နယ်မြေမှ ချိတ်ဆက် မှာယူခဲ့ခြင်းဖြစ်ကြောင်း ဖော်ထုတ်သိရှိရသည်။

ဖမ်းဆီးရမိ တရားခံများ၏ ထွက်ဆိုချက်အရ အပြစ်မဲ့ပြည်သူများအား လုပ်ကြံသတ်ဖြတ်မှုအနေဖြင့် လေးကြိမ်၊ ဖောက်ခွဲဖျက်ဆီးမှုအနေဖြင့် နှစ်ကြိမ် ကျူးလွန်ခဲ့ကြောင်း ဖော်ထုတ်သိရှိရပြီး ကျူးလွန်ခဲ့မှုများအနေဖြင့် စက်တင်ဘာ ၂၉ ရက်တွင် တရားခံ ဖြိုးမောင်မောင် (ခ) ဖြိုးကြီးသည် သန်လျင်မြို့နယ် ဗိုလ်ချုပ်ကျေးရွာရှိ အပြစ်မဲ့ပြည်သူတစ်ဦးကို လက်နက်ငယ်ဖြင့် လည်းကောင်း။

နိုဝင်ဘာ ၁ ရက်တွင် တရားခံ ဖြိုးမောင်မောင် (ခ) ဖြိုးကြီးသည် ဖမ်းဆီးရန်ကျန် တရားခံ ဖိုးကုလား၊ အာနိုး၊ နှုတ်ခမ်းမွှေးတို့နှင့်အတူ သန်လျင်မြို့နယ် ထန်းပင်ကုန်းရပ်ကွက်နေ အပြစ်မဲ့ပြည်သူများကို လက်နက်ငယ်ဖြင့် ပစ်ခတ်ခဲ့ရာ အမျိုးသား တစ်ဦး သေဆုံးခဲ့ပြီး အမျိုးသမီး တစ်ဦး စိုးရိမ်ရ ဒဏ်ရာရရှိခဲ့ကြောင်း။

နိုဝင်ဘာ ၁၈ ရက်နှင့် ၃၀ ရက်တို့တွင် တရားခံ ဖြိုးမောင်မောင် (ခ)ဖြိုးကြီးသည် ဖမ်းဆီးရန်ကျန်တရားခံ မျိုးမင်းဦး၊ ရဲဇော်နိုင်၊ ကောင်လေးတို့နှင့်အတူ သန်လျင်မြို့နယ် မြို့ဟောင်းအနောက်ရပ်ကွက်နေ အပြစ်မဲ့ပြည်သူ နှစ်ဦးကို လက်နက်ငယ်ဖြင့် လည်းကောင်း။

ဒီဇင်ဘာ ၉ ရက်တွင် တရားခံ ဖြိုးမောင်မောင် (ခ) ဖြိုးကြီးသည် ဖမ်းဆီးရန်ကျန် တရားခံ ဖိုးကုလားနှင့်အတူ သန်လျင်မြို့နယ် ဗိုလ်ချုပ်ကျေးရွာနေ အပြစ်မဲ့ပြည်သူ တစ်ဦးကို လက်နက်ငယ်ဖြင့် ပစ်ခတ်သတ်ဖြတ်ခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

အောက်တိုဘာ ၁၃ ရက်တွင် တရားခံ သန့်ဇော်အောင်(ခ) စိုးလေးသည် ဖမ်းဆီးရန်ကျန် တရားခံ ကိုဂျိတ်(ခ)ဇေယျာ၊ ဟိန်းကိုဦးတို့နှင့်အတူ တောင်ဥက္ကလာပမြို့နယ် ပါရမီမီးပွိုင့်ရှိ CCTV Control Box ကို လက်လုပ်ဗုံးဖြင့် လည်းကောင်း။

အောက်တိုဘာ ၁၈ ရက်တွင် တရားခံ ရဲမင်းဖြိုး(ခ)ကိုဖြိုးနှင့် သန့်ဇော်အောင် (ခ)စိုးလေး တို့သည် ဖမ်းဆီးရန်ကျန် တရားခံ ကိုဂျိတ်(ခ)ဇေယျာ၊ ဟိန်းကိုဦးတို့နှင့်အတူ ကမာရွတ်မြို့နယ် ကျွန်းတောလမ်းနှင့် ဟံသာဝတီမီးပွိုင့်လမ်းထောင့်ရှိ CCTV Control Box ကို လက်လုပ်ဗုံးဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

အထက်ပါ ဖမ်းဆီးရမိသူများကို ဥပဒေအရ ထိရောက်စွာ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ဆက်စပ်တရားခံများအား အမြန်ဆုံး ဖမ်းဆီးရမိရေးအတွက် ၎င်းတို့ပုန်းခိုရာနေရာများ၊ လှုပ်ရှားသွားလာနေထိုင်မှု သတင်းများ ရရှိပါက သက်ဆိုင်ရာသို့ လျှို့ဝှက်စွာ သတင်းပေးတိုင်ကြားနိုင်ပါကြောင်းနှင့် မြို့ရွာများ အမြန်ဆုံး အေးချမ်း တည်ငြိမ်ရေးအတွက် ပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင်ကြိုးပမ်း ဆောင်ရွက်နိုင်ပါရန် အသိပေး သတင်းထုတ်ပြန်ထားကြောင်း သက်ဆိုင်ရာမှ သတင်းရရှိသည်။

**သတင်းစဉ်**



ရဲမင်းဖြိုး(ခ)ကိုဖြိုး



တင်ထွန်းခိုင်



သန့်ဇော်အောင်(ခ)စိုးလေး



စန္ဒာ



ဖြိုးမောင်မောင်(ခ)ဖြိုးကြီး(သေဆုံး)





နိုဝင်ဘာ ၁ ရက်က သန်လျင်မြို့နယ် ထန်းပင်ကုန်းရပ်ကွက်နေ အပြစ်မဲ့ပြည်သူများအား လက်နက်ငယ်ဖြင့် ပစ်ခတ်ခဲ့သည့် မှတ်တမ်းဓာတ်ပုံ။



နိုဝင်ဘာ ၁၈ ရက်က သန်လျင်မြို့နယ် မြို့ဟောင်းအနောက်ရပ်ကွက်နေ အပြစ်မဲ့ပြည်သူတစ်ဦးအား လက်နက်ငယ်ဖြင့် ပစ်ခတ်ခဲ့သည့် မှတ်တမ်းဓာတ်ပုံ။



ဒီဇင်ဘာ ၉ ရက်က သန်လျင်မြို့နယ် ဗိုလ်ချုပ်ကျေးရွာနေ အပြစ်မဲ့ပြည်သူတစ်ဦးအား လက်နက်ငယ်ဖြင့် ပစ်ခတ်ခဲ့သည့် မှတ်တမ်းဓာတ်ပုံ။



နိုဝင်ဘာ ၃၀ ရက်က သန်လျင်မြို့နယ် မြို့ဟောင်းအနောက်ရပ်ကွက်နေ အပြစ်မဲ့ပြည်သူတစ်ဦးအား လက်နက်ငယ်ဖြင့် ပစ်ခတ်ခဲ့သည့် မှတ်တမ်းဓာတ်ပုံ။



စက်တင်ဘာ ၂၉ ရက်က သန်လျင်မြို့နယ် ဗိုလ်ချုပ်ကျေးရွာ၌ အပြစ်မဲ့ပြည်သူတစ်ဦးအား လက်နက်ငယ်ဖြင့် ပစ်ခတ်ခဲ့သည့် မှတ်တမ်းဓာတ်ပုံ။



အောက်တိုဘာ ၁၈ ရက်က ကမာရွတ်မြို့နယ် ကျွန်းတောလမ်းနှင့် ဟံသာဝတီလမ်းထောင့် မီးပွိုင့်ရှိ CCTV Control Box အား လက်လုပ်ဗုံးဖြင့် ဖောက်ခွဲခဲ့သည့် မှတ်တမ်းဓာတ်ပုံ။




အောက်တိုဘာ ၁၃ ရက်က တောင်ဥက္ကလာပမြို့နယ် ပါရမီမီးပွိုင့်ရှိ CCTV Control Box အား လက်လုပ်ဗုံးဖြင့် ဖောက်ခွဲခဲ့သည့် မှတ်တမ်းဓာတ်ပုံ။

# တန့်ဆည်မြို့နယ်၌ PDF အမည်ခံ အကြမ်းဖက်လက်နက်ကိုင်အဖွဲ့က သေနတ်ဖြင့် ပစ်ခတ်သတ်ဖြတ်၍ နေအိမ်လေးလုံး မီးရှို့ဖျက်ဆီးခဲ့သဖြင့် အပြစ်မဲ့အရပ်သားပြည်သူ အမျိုးသား လေးဦး၊ အမျိုးသမီး ငါးဦးနှင့် ကိုရင် တစ်ပါးသေဆုံး

**နေပြည်တော် ဒီဇင်ဘာ ၁၈**

စစ်ကိုင်းတိုင်းဒေသကြီးတန့်ဆည်မြို့နယ်၌ PDF အမည်ခံ အကြမ်းဖက် လက်နက်ကိုင်အဖွဲ့က သေနတ်ဖြင့် ပစ်ခတ်သတ်ဖြတ်၍ နေအိမ်လေးလုံး မီးရှို့ဖျက်ဆီးခဲ့သဖြင့် အပြစ်မဲ့ပြည်သူ အမျိုးသား ငါးဦးနှင့် အမျိုးသမီး ငါးဦး သေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဒီဇင်ဘာ ၁၇ ရက် နံနက် ၂ နာရီခွဲတွင် စစ်ကိုင်းတိုင်းဒေသကြီး တန့်ဆည်မြို့နယ် သာကေတကျေးရွာ၌ PDF အမည်ခံ အကြမ်းဖက် လက်နက်ကိုင်အဖွဲ့အင်အား (စိစစ်ဆဲ)က ကျေးရွာအတွင်း ဝင်ရောက်လာပြီး သေနတ်ဖြင့် ကျေးရွာနေပြည်သူအချို့ကို ပစ်ခတ်သတ်ဖြတ်၍ နေအိမ်များအား မီးရှို့ဖျက်ဆီးခဲ့ကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ PDF အမည်ခံ အကြမ်းဖက်လက်နက်ကိုင်အဖွဲ့၏ မီးရှို့ဖျက်ဆီးမှုကြောင့် အဆိုပါ ကျေးရွာနေသူများ ဖြစ်သည့် ဦးကျော်ရှင်၏ အုတ်တိုက် နှစ်ထပ်နေအိမ်တစ်လုံး၊ 7N/8644 FORLAND မော်တော်ယာဉ်တစ်စီး၊ ငါးမူးသားဆွဲကြိုးတစ်ကုံး၊ ငွေကျပ် ၅ သိန်း၊ စပါးတင်း ၃၀၀ ခန့်၊ တစ်ရွာတည်းနေ ကိုမိုးမင်း၏ သွပ်မိုးထရံကာ နှစ်ထပ်နေအိမ်တစ်လုံး၊ ဒေါ်ခင်ဌေး(၆၅)နှစ် (ဘ) ဦးဘသိန်း၏ သွပ်မိုး ထရံကာ နှစ်ထပ် နေအိမ် တစ်လုံးတို့ မီးလောင်ပျက်စီးခဲ့သည်။

ထိုသို့ အကြမ်းဖက်မီးရှို့ပစ်ခတ်သတ်ဖြတ်မှုကြောင့် ဒေါ်ခင်ဌေးနှင့် ၎င်း၏ မိသားစုဝင်များဖြစ်သည့် သမီးဖြစ်သူ ဒေါ်မိကြွယ် (၄၅)နှစ် (ဘ)ဦးချစ်ပြား၊ သမက်ဖြစ်သူ ဦးဖိုးဇော်(ခ)သူရဇော် (ဘ) ဦးစိုးတင့်၊ မြေးဖြစ်သူ ခိုင်ထူး(၂၀)နှစ်၊ မခိုင်နွယ်ထွန်း(၁၅)နှစ်နှင့် မောင်အာဇာနည်(၁၀)နှစ် (ကိုရင်ဝတ်)နှင့် ကိုမိုးမင်းနှင့် ၎င်း၏ မိသားစုဝင်များဖြစ်သည့် မိခင်ဖြစ်သူ ဒေါ်ညိုသေး(၆၀)နှစ် (ဘ)ဦးမောင်ဟန် ဇနီးဖြစ်သူ မစန္ဒာ(၃၂)နှစ် (ဘ)ဦးညိုမောင် သားဖြစ်သူ မောင်မိုးဇက်(၁၄)နှစ်တို့ သေနတ်ထိမှန်ဒဏ်ရာ၊ မီးလောင်ဒဏ်ရာများဖြင့် အခင်းဖြစ်နေရာ၌ သေဆုံးခဲ့ပြီး အခင်းဖြစ်စဉ်အတွင်း ကိုမိုးမင်းနှင့် ဦးကျော်ရှင်တို့မှာ အသက်အန္တရာယ်ဘေးမှ ထွက်ပြေးလွတ်မြောက်ခဲ့သည်။



တန့်ဆည်မြို့နယ် သာကေတကျေးရွာ၌ PDF အမည်ခံ အကြမ်းဖက်လက်နက်ကိုင်အဖွဲ့က ကျေးရွာနေပြည်သူအချို့ကို ပစ်ခတ်သတ်ဖြတ်၍ နေအိမ်များအား မီးရှို့ဖျက်ဆီးခဲ့သည့် မှတ်တမ်းဓာတ်ပုံ။



တန့်ဆည်မြို့နယ် သာကေတကျေးရွာ၌ PDF အမည်ခံ အကြမ်းဖက်လက်နက်ကိုင်အဖွဲ့က ကျေးရွာနေပြည်သူအချို့ကို ပစ်ခတ်သတ်ဖြတ်၍ မီးရှို့ဖျက်ဆီးခဲ့မှုကြောင့် နေအိမ်များ မီးလောင်ပျက်စီးမှုနှင့် ပြည်သူများ မီးလောင်သေဆုံးခဲ့မှု မှတ်တမ်းဓာတ်ပုံ။

ထိုကဲ့သို့ ကျေးရွာနေပြည်သူများကို အကြောက်တရားများ လွှမ်းမိုးစေရန်၊ ၎င်းတို့၏ အကြမ်းဖက်မှုလုပ်ရပ်များအပေါ် ပူးပေါင်းပါဝင်လာစေရန်နှင့် ပူးပေါင်းပါဝင်မှုမရှိဘဲ အေးချမ်းစွာ နေထိုင်လျက်ရှိသော ကျေးရွာနေပြည်သူများအား အကြောင်းအမျိုးမျိုးပြ၍ ရက်စက်စွာသတ်ဖြတ်၊ မီးရှို့ခြင်းများ ကျူးလွန်သည့်အပြင် ယခုကဲ့သို့ အေးချမ်းစွာ ပညာသင်ကြားလျက်ရှိသည့် ကျောင်းနေအရွယ်နှင့် ကိုရင်ဝတ် ကလေးသူငယ်များပါမကျန် ရက်စက်စွာ သတ်ဖြတ်မှု ကျူးလွန်ခဲ့သည့် အကြမ်းဖက်သမားများအား ဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက နယ်မြေခံ တပ်မတော်စစ်ကြောင်းများနှင့် ပူးပေါင်း၍ လုံခြုံရေးလုပ်ငန်းစဉ်များနှင့် အညီ ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# တန့်ဆည်မြို့နယ်၌ အကြမ်းဖက်ဖောက်ခွဲမှုပြုလုပ်ရန် လက်လုပ်မိုင်းထောင်နေစဉ် ပေါက်ကွဲမှုဖြစ်ပွားခဲ့သဖြင့် အကြမ်းဖက်သူ အမျိုးသားနှစ်ဦး သေဆုံး

**နေပြည်တော် ဒီဇင်ဘာ ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး တန့်ဆည်မြို့နယ်၌ အကြမ်းဖက်ဖောက်ခွဲမှုပြုလုပ်ရန် လက်လုပ်မိုင်းထောင်နေစဉ် ပေါက်ကွဲမှုဖြစ်ပွားခဲ့သဖြင့် အကြမ်းဖက်သူ အမျိုးသားနှစ်ဦး သေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဒီဇင်ဘာ ၁၇ ရက် နံနက် ၈ နာရီခွဲတွင် စစ်ကိုင်းတိုင်းဒေသကြီး တန့်ဆည်မြို့နယ် တန့်ဆည်-ကာဘိုးသွားကားလမ်း ကာဘိုးကျေးရွာအထွက် တန့်ဆည်မြို့အဝင် ဆိုင်းဘုတ်အနီး၌ ပေါက်ကွဲမှုဖြစ်ပွားကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ အခင်းဖြစ်နေရာတွင် အသက်(၂၃)နှစ်ခန့်ရှိ အမျိုးသား တစ်ဦး (စိစစ်ဆဲ)တွင် မျက်နှာပွင့်ထွက်ဒဏ်ရာ၊ ယာပေါင်ကြေမွပြတ်ထွက်ဒဏ်ရာနှင့် အသက်(၂၁)နှစ်ခန့်ရှိ အမျိုးသားတစ်ဦး(စိစစ်ဆဲ)တွင် ယာဘက်တံတောင်ပြတ်ထွက်ဒဏ်ရာ၊ ဝဲဘက်နားရွက်အောက်ဖောက်ဝင်ဒဏ်ရာတို့ ရရှိကာ သေဆုံးနေသည်ကို တွေ့ရှိရပြီး ဖြစ်စဉ်အား စိစစ်ခဲ့ရာ ဗိုလ်မြရပ်ကွက်နေ မျိုးမြတ်နိုင် (၂၁)နှစ် (ဘ)ဦးကြည်ဆန်းနှင့် အမျိုးသား တစ်ဦး(စိစစ်ဆဲ)တို့သည် အကြမ်းဖက်ဖောက်ခွဲမှု ပြုလုပ်ရန်အတွက် လက်လုပ်မိုင်းထောင်နေစဉ် ပေါက်ကွဲမှုဖြစ်ပွားခဲ့သဖြင့် မိုင်းစထိမှန်ဒဏ်ရာများ ရရှိကာ အခင်းဖြစ်နေရာ၌ သေဆုံးခဲ့ကြောင်း သိရသည်။

အထက်ပါဖြစ်စဉ်မှ သေဆုံးသူနှစ်ဦးကို ဥပဒေနှင့်အညီ သေမှုသေခင်းရေးဖွင့် ဆောင်ရွက်လျက်ရှိပြီး အခင်းဖြစ်နေရာ အနီးဝန်းကျင်အား လုံခြုံရေးတပ်ဖွဲ့ဝင်များက မိုင်းရှင်းလင်းခြင်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



တန့်ဆည်မြို့နယ်၌ အကြမ်းဖက်ဖောက်ခွဲမှုပြုလုပ်ရန် လက်လုပ်မိုင်းထောင်နေစဉ် ပေါက်ကွဲမှုဖြစ်ပွားခဲ့သဖြင့် အကြမ်းဖက်သူ အမျိုးသားနှစ်ဦး (စိစစ်ဆဲ)သေဆုံးမှု မှတ်တမ်းဓာတ်ပုံ။

# မင်းလှမြို့နယ်တွင် မီးလောင်မှုဖြစ်ကာ လူနေအိမ် ၁၂ လုံးနှင့် တဲလေးလုံး ဆုံးရှုံး

**မင်းလှ ဒီဇင်ဘာ ၁၈**

ပဲခူးတိုင်းဒေသကြီး မင်းလှမြို့နယ် ထန်းပင်ကုန်းကျေးရွာတွင် ဒီဇင်ဘာ ၁၇ ရက် မွန်းလွဲပိုင်းက မီးလောင်မှုဖြစ်ကာ လူနေအိမ် ၁၂ လုံးနှင့် မြေစိုက်တဲ လေးလုံး ဆုံးရှုံးကြောင်း သိရသည်။

ယင်းကျေးရွာနေ ဦးတင့်ဟန်(၃၅)နှစ်၏နေအိမ်တွင် မီးဖိုချောင်မှတစ်ဆင့် စတင်၍ မီးလောင်ခဲ့ခြင်းဖြစ်ပြီး အနီးပတ်ဝန်းကျင်ရှိ လူနေအိမ် ၁၁ လုံးနှင့် မြေစိုက်တဲ လေးလုံးကို ကူးစက်လောင်ကျွမ်းခဲ့ရာ သာယာဝတီခရိုင်မီးသတ်တပ်ဖွဲ့၊ မင်းလှမြို့နယ် မီးသတ်တပ်ဖွဲ့နှင့် မိုးညိုမီးသတ်တပ်ဖွဲ့တို့ပူးပေါင်း၍ အချိန်မီငြိမ်းသတ်ခဲ့ရာ မွန်းလွဲ ၃ နာရီ ၁၀ မိနစ်တွင် မီးငြိမ်းနိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါမီးလောင်မှုကြောင့် မီးဘေးသင့်ပြည်သူများကို ၎င်း၏ဆွေမျိုးများ နေအိမ်တွင်ယာယီထားရှိပြီး မီးလောင်မှုနှင့်ပတ်သက်၍ ဦးတင့်ဟန်အား အမှုဖွင့် အရေးယူ ဆောင်ရွက်လျက်ရှိသည်။ ဒီဇင်ဘာ ၁၈ ရက်တွင် အဆိုပါ မီးဘေးသင့် နေအိမ် ၁၆ လုံးအတွက် အိမ်ဆောက်ပစ္စည်းဖိုးထောက်ပံ့ငွေကျပ် ၁၆ သိန်း၊ မီးဘေးသင့်ပြည်သူစုစုပေါင်း ၇၄ ဦးတို့အတွက် ဆန်ရိက္ခာဖိုး ထောက်ပံ့ငွေကျပ် ၁၇၅၅၄၀၀ နှင့် ကယ်ဆယ်ရေးပစ္စည်းများကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးထွဋ်နှင့် တာဝန်ရှိသူများက ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**ပေါက်စ(မင်းလှ)**

# ဘူးသီးတောင်မြို့၌ ခမီရိုးရာနှစ်သစ်ကူး(ဆနီ) ပွဲတော် စည်ကားသိုက်မြိုက်စွာကျင်းပ

**ဘူးသီးတောင် ဒီဇင်ဘာ ၁၈**

ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့၌ ခမီရိုးရာနှစ်သစ်ကူး(ဆနီ)ပွဲတော် ကျင်းပခြင်းကို ယနေ့နံနက် ၇ နာရီက ဂန္ဓရီကျေးရွာ၌ ကျင်းပသည်။

ရှေးဦးစွာ ခမီရိုးရာ ကြေးမောင်း ကိုးကြိမ် တီးခတ်ပြီး ရိုးရာလက်ာ ရွတ်ဖတ်သီဆိုကာ အခမ်းအနား စတင်ဖွင့်လှစ်သည်။ ယင်းနောက် ဘူးသီးတောင်မြို့ ဂန္ဓရီလူငယ်ဖွံ့ဖြိုးရေး ပရဟိတကျောင်း ဆရာတော် အရှင်အာဒိစ္စက ခမီရိုးရာ(ဆနီ)ပွဲ ကျင်းပရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားကာ ခမီတေးသီချင်းသီဆိုပြီး "နေ"ထွက် အက၊ " လ" ထွက် အကဖြင့် ကပြဖျော်ဖြေ သည်။

ထို့နောက် ဘူးသီးတောင်မြို့နယ် ခမီတိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုအဖွဲ့ ဥက္ကဋ္ဌ ဦးထွန်းစိန်အောင်က ခမီရိုးရာ(ဆနီ)ပွဲနှင့် ပတ်သက်၍ အမှာစကားပြောကြားပြီး ရခိုင်ရိုးရာယဉ်ကျေးမှု အကအဖွဲ့၊ မြို့တိုင်းရင်းသားယဉ်ကျေးမှုအကအဖွဲ့၊ ဒိုင်းနက်(ခေါ်) ဆက္ကမတိုင်းရင်းသားယဉ်ကျေးမှုအကအဖွဲ့တို့ကလည်းကောင်း၊ ခမီရိုးရာစစ်ရေးပြအက၊ ခမီရိုးရာ ဝါးညှပ်အကဖြင့် လည်းကောင်း ကပြဖျော်ဖြေခဲ့ကြကာ ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

ထို့နောက် ခမီရိုးရာနှစ်သစ်ကူး (ဆနီ) ပွဲတော်သို့ တက်ရောက်လာသည့် မျိုးနွယ်စု အကအဖွဲ့များက "စည်းလုံးကြစို့" တေးသီချင်းဖြင့် ကပြဖျော်ဖြေခဲ့ကြကြောင်း သိရသည်။



ခမီရိုးရာနှစ်သစ်ကူး (ဆနီ) ပွဲတော်သည် ခမီတိုင်းရင်းသားတို့၏ဘိုးဘွားလက်ထက်ကတည်းက ကျင်းပလာခဲ့ကြသည့် ပွဲတစ်ခုဖြစ်ပြီး နေနှင့်လကို ပူဇော်သည့် ပွဲတော်တစ်ခုဖြစ်ကြောင်း၊ နေထွက်လာချိန်တွင် "နေ" ထွက်အက၊ လ ထွက်လာချိန်တွင် "လ"ထွက်အကတို့ကို ကပြရသည့် ရိုးရာနှစ်သစ်ကူး ပွဲတော်တစ်ခုဖြစ်သည်။ ဆနီပွဲတော်ကို ၂၀၀၁ ခုနှစ်မှ ၂၀၀၆ ခုနှစ်အထိ ဘူးသီးတောင်မြို့ ဂန္ဓရီ ပရဟိတကျောင်းတွင် ကျင်းပခဲ့ပြီး နောက်ပိုင်းတွင် မြောက်ဦးမြို့နယ် လောင်းရှည်ချောင်း ကျေးရွာတွင် တစ်နှစ် ကျင်းပခဲ့သည်။ နောက်ပိုင်းတွင် အကြောင်းအမျိုးမျိုးကြောင့် ဆက်လက်မကျင်းပနိုင်ခဲ့ဘဲ ၂၀၁၈ ခုနှစ်ကစ၍ ဘူးသီးတောင်မြို့တွင် ပြန်လည်ကျင်းပနိုင်ခဲ့သည်။

ခမီ တိုင်းရင်းသားများသည် ရခိုင်တိုင်းရင်းသားမျိုးနွယ်စုများအနက်မှ တိုင်းရင်းသားမျိုးနွယ်စုတစ်မျိုးဖြစ်ပြီး စစ်တွေ၊ ကျောက်တော်၊ ပုဏ္ဏားကျွန်း၊ မြောက်ဦး၊ ပေါက်တော၊ ဘူးသီးတောင်၊ အမ်းနှင့် မောင်တောမြို့နယ်တို့တွင် လူဦးရေတစ်သိန်းခန့် နေထိုင်ကြကြောင်း ပွဲတော်ကျင်းပရေး ကော်မတီဝင် ဦးသိန်းမောင်ထံမှ သိရသည်။ **လှကျော်(ပြန်/ဆက်)**



ပြပွဲ၌ခင်းကျင်းပြသထားသည့် ကျောက်စိမ်းအတွဲများအား ရတနာကုန်သည်များ ကြည့်ရှုလေ့လာကြစဉ်။

❒ *ကျောဖုံးမှ*

ပြသထားသည့် ပုလဲအတွဲများ၊ ကျောက်စိမ်းအတွဲများနှင့် ခန်းမအပြင်ဘက် သတ်မှတ်နေရာများအလိုက် ခင်းကျင်းပြသထားသည့် ကျောက်စိမ်းအတွဲများကို စိတ်ကြိုက်ကြည့်ရှု လေ့လာကြသည်။

မွန်းလွဲပိုင်းတွင် ရတနာကုန်သည်များသည် ရောင်းချမည့် ပုလဲအတွဲ အမှတ် ၁ မှ အတွဲအမှတ် ၂၂၀ အထိ ပုလဲအတွဲများကို ကြည့်ရှုစစ်ဆေးကြပြီး ဈေးနှုန်းတင်သွင်းလွှာများကို တင်ဒါပုံးများအတွင်းသို့ ထည့်သွင်းကြသည်။

ထို့နောက် တာဝန်ရှိသူများက ဈေးနှုန်းအဆိုပြုလွှာများကို ဖွင့်ဖောက်စစ်ဆေးကြပြီး ပုလဲအတွဲပေါင်း ၂၂၀ ကို ရောင်းချရကြောင်း ကြေညာသည်။

ပုလဲအတွဲများနှင့် ကျောက်စိမ်းအတွဲများ ပြသရောင်းချပွဲကို မဏိရတနာ ကျောက်စိမ်းခန်းမ၌ ဒီဇင်ဘာ ၁၇ ရက်မှ ၂၂ ရက်အထိ ကျင်းပနေခြင်းဖြစ်ပြီး ပြပွဲတွင် ပုလဲအတွဲ ၃၃၀၊ ကျောက်စိမ်းအတွဲ ၇၈၀ တို့ကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များကို ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ဆူဇူကီးဖလားပြိုင်ပွဲ အုပ်စုနောက်ဆုံးပွဲတွင် မြန်မာအသင်းအရေးနိမ့်

**ရန်ကုန် ဒီဇင်ဘာ ၁၈**

၂၀၂၀ ဆူဇူကီးဖလားပြိုင်ပွဲ အုပ်စု (က) နောက်ဆုံးနေ့ကို ယနေ့ မြန်မာစံတော်ချိန် ည ၇ နာရီက စင်ကာပူနိုင်ငံ၌ ဆက်လက်ကျင်းပရာ မြန်မာအသင်း အရေးနိမ့်ခဲ့သည်။ နောက်ဆုံးနေ့တွင် ဖိလစ်ပိုင်အသင်းက မြန်မာအသင်းကို သုံးဂိုး-နှစ်ဂိုး၊ ထိုင်းအသင်းက စင်ကာပူအသင်းကို နှစ်ဂိုးပြတ်ဖြင့် အနိုင်ရခဲ့သည်။

မြန်မာအသင်းသည် အုပ်စုနောက်ဆုံးပွဲတွင် ရှုံးပွဲထပ်မံကြုံတွေ့ခဲ့ပြီး ဖိလစ်ပိုင်အသင်းကို ပထမပိုင်းတွင် သုံးဂိုးအထိ ပေးခဲ့ရသဖြင့် ဒုတိယပိုင်းတွင် နှစ်ဂိုးသာ ပြန်သွင်းနိုင်ပြီး အရေးနိမ့်ခဲ့ရခြင်းဖြစ်သည်။ ဖိလစ်ပိုင်အသင်းသည် ပထမပိုင်းကတည်းက သုံးဂိုးပြတ် အနိုင်ရနေပြီး ဆီမီးဖိုင်နယ်တက်ရန် မျှော်လင့်ချက်မရှိသော်လည်း နောက်ဆုံးပွဲတွင် ဂိုးပြတ်နိုင်ပွဲဖြင့် အမှတ်ပြည့်ရယူနိုင်ခဲ့သည်။

မြန်မာအသင်းသည် နောက်ဆုံးကစားသည့် ထိုင်းနှင့်ပွဲမှ ပွဲထွက်လူစာရင်းကို တစ်ဦးသာ ပြောင်းလဲခဲ့ပြီး မောင်မောင်ဝင်းနေရာတွင် အောင်နိုင်ဝင်းကို အသုံးပြုကာ မျိုးမင်းလတ်(ဂိုး)၊ ဒေးဗစ်ထန်၊ ဝင်းမိုးကျော်၊ ဟိန်းဖြိုးဝင်း၊ ဆွမ်လမန်၊ လှိုင်းဘိုဘို၊ ဟိန်းထက်အောင်၊ လွင်မိုးအောင်၊ မောင်မောင်လွင်၊ သန်းပိုင်တို့ဖြင့် ပွဲထွက်ခဲ့သည်။

ဖိလစ်ပိုင်အသင်းမှာလည်း အမာခံကစားသမား အစုံအလင်ဖြင့် ပွဲထွက်ခဲ့ပြီး ပွဲစကတည်းက မြန်မာဂိုးပေါက်ကို ခြိမ်းခြောက်နိုင်ခဲ့သည်။ ဖိလစ်ပိုင်အသင်းသည် ပထမပိုင်းမှာပင် သုံးဂိုးပြတ်အနိုင်ရနေပြီး တိုက်စစ်မှူး မာရာနွန် တစ်ဦးတည်းက ၁၆၊ ၁၉၊ ၄၅ မိနစ်တွင် ဟက်ထရစ်သွင်းယူခဲ့သည်။ ဒုတိယပိုင်းတွင် ဖိလစ်ပိုင်အသင်းက ထိန်းကစားခဲ့၍ မြန်မာအသင်း အခွင့်အရေးများရလာပြီး ၇၄ မိနစ်တွင် အောင်ကောင်းမာန်၏ ဖန်တီးပေးမှုမှတစ်ဆင့် ထက်ဖြိုးဝေကချေပဂိုးတစ်ဂိုးပြန်သွင်းခဲ့သည်။ ဂိုးရပြီးနောက်ပိုင်းတွင် မြန်မာအသင်းက ဂိုးထပ်ရရန် ကစားသမားများ အပြောင်းအလဲပြုလုပ်ကာ တိုက်စစ်မြှင့်ခဲ့ပြီး ၈၅ မိနစ်တွင် ထက်ဖြိုးဝေကပင် ဒုတိယဂိုးထပ်မံသွင်းယူခဲ့သည်။

အုပ်စု (က) ပွဲစဉ်များအပြီးတွင် ထိုင်းအသင်းက ၁၂ မှတ်ဖြင့် အုပ်စုပထမ၊ အိမ်ရှင်စင်ကာပူအသင်းက ကိုးမှတ်ဖြင့် အုပ်စုဒုတိယရရှိကာ ဆီမီးဖိုင်နယ်တက်ရောက်သွားပြီး ခြောက်မှတ်ရရှိသည့် ဖိလစ်ပိုင်၊ သုံးမှတ်ရရှိသည့် မြန်မာအသင်းနှင့် လေးပွဲစလုံးရှုံးခဲ့သည့် တီမောအသင်းတို့မှာ အုပ်စုအဆင့်မှ ထွက်ခဲ့ရသည်။

**ရဲရင့်လွင်**

● *ကျောဖုံးမှ*

ဂိုးအများဆုံးသွင်းယူနိုင်သည့် ၆၉ ဂိုး စံချိန်ကိုလည်း လိုက်မီခဲ့ပြီ ဖြစ်သည်။ သို့သော် ဒီဇင်ဘာ ၁၈ ရက် နံနက်ပိုင်းက ဝုဖ်ဘတ်အသင်းကို ဂိုးပြတ်အနိုင်ရရှိခဲ့သောပွဲစဉ်မှာ ဘိုင်ယန်မြူးနစ်အသင်းအတွက် ၂၀၂၁ ခုနှစ်၏ နောက်ဆုံးပွဲစဉ်ဖြစ်သောကြောင့် လီဝမ်ဒေါစကီးအနေဖြင့် ပြက္ခဒိန်တစ်နှစ်အတွင်း မက်ဆီသွင်းယူခဲ့သော ၉၁ ဂိုး စံချိန်ကိုချိုးဖျက်ရန် ပျက်ပြယ်သွားခဲ့ပြီဖြစ်သည်။

**ဂိုးအများဆုံးသွင်းယူထားသူစာရင်း**

ပြက္ခဒိန်တစ်နှစ်အတွင်း ဂိုးအများဆုံး သွင်းယူထားသူစာရင်းတွင် မက်ဆီက ၂၀၁၂ ခုနှစ်တွင် ၉၁ ဂိုးဖြင့် ဦးဆောင်လျက်ရှိပြီး ၎င်းနောက်တွင် ဂတ်မူလာက ၁၉၇၂ ခုနှစ်တွင် ၈၅ ဂိုး၊ ပီလီက ၁၉၅၈ ခုနှစ်တွင် ၇၅ ဂိုး၊ ရိုမာရီယိုက ၂၀၀၀ ပြည့်နှစ်တွင် ၇၂ ဂိုး၊ ပီလီက ၁၉၆၅ ခုနှစ်တွင် ၇၂ ဂိုး၊ ဇီကိုက ၁၉၇၉ ခုနှစ်တွင် ၇၂ ဂိုး၊ စီရော်နယ်ဒိုက ၂၀၁၃ ခုနှစ်တွင် ၆၉ ဂိုးဖြင့် အစဉ်လိုက်ရပ်တည်နေသည်။

ပြက္ခဒိန်တစ်နှစ်အတွင်း ဘွန်ဒက်စ်လီဂါသွင်းဂိုးများ အဆုံးစာရင်းတွင် လီဝမ်ဒေါစကီးက ယခုနှစ်တွင် ၄၃ ဂိုးဖြင့် ဦးဆောင်လျက်ရှိပြီး ဂတ်မူလာက ၁၉၇၂ ခုနှစ်တွင် ၄၂ ဂိုး၊ ဒီယေတာမူလာက ၁၉၇၇ ခုနှစ်တွင် ၃၉ ဂိုး၊ ဂတ်မူလာက ၁၉၇၆ ခုနှစ်တွင် ၃၆ ဂိုးဖြင့် အစဉ်လိုက် ရပ်တည်နေသည်။

ဘိုင်ယန်မြူးနစ်အသင်းသည် ဝုဖ်ဘတ်ကိုအနိုင်ရရှိခဲ့သောကြောင့် ဒုတိယနေရာမှ ဒေါ့မွန်အသင်းထက် တစ်ပွဲပိုကစားထားပြီး ကိုးမှတ်အသာဖြင့် အမှတ်ပေးဇယားကို ဦးဆောင်ထားသည်။ ဘိုင်ယန်မြူးနစ်အသင်းသည် လာမည့် ဇန်နဝါရီ ၈ ရက်တွင် မိုချန်ဂလာဘတ်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

**၃၂၄ ဂိုး သွင်းယူပေးထား**

အသက် ၃၃ နှစ်အရွယ်ရှိ လီဝမ်ဒေါစကီးသည် ဘိုင်ယန်မြူးနစ်အသင်းသို့ ၂၀၁၃ ခုနှစ်တွင် ပြိုင်ဘက်ဒေါ့မွန်အသင်းမှ ပြောင်းရွှေ့ရောက်ရှိလာသူဖြစ်ပြီး အသင်းအတွက် ပြိုင်ပွဲအရပ်ရပ် ၃၅၄ ပွဲ ပါဝင်ကစားထားပြီး ၃၂၄ ဂိုး သွင်းယူပေးထားသည်။

**အောင်ဇော်**

# အမေရိကန်၌ အိုမီခရွန်ဗိုင်းရပ်စ် လျင်မြန်စွာကူးစက်ပျံ့နှံ့လျက်ရှိ




အမေရိကန်ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာ။

**နယူးယောက် ဒီဇင်ဘာ ၁၈**
အမေရိကန် ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာက ပြည်သူများ ကိုဗစ်-၁၉ ကူးစက်ခံရမှုမှ အကာအကွယ်ဖြစ်စေရန်အတွက် ကာကွယ်ဆေးထိုးကြရန် တိုက်တွန်းလျက်ရှိသည်။

အမေရိကန်၌ အိုမီခရွန်ကူးစက်မှုမှာ လျင်မြန်စွာပျံ့နှံ့လျက်ရှိသည့်အတွက် ယခုလို တိုက်တွန်းခဲ့ခြင်းဖြစ်သည်။ အမေရိကန်ပြည်ထောင်စုတွင် ဒယ်လ်တာကူးစက်မှုမှာ ဆက်လက်ပြန့်ပွားနေပြီး အိုမီခရွန်ကူးစက်မှုမှာလည်း လျင်မြန်စွာ ပျံ့နှံ့လျက်ရှိသည်ဟု စီဒီစီမှ ညွှန်ကြားရေးမှူး ရိုချဲလ်လီ ဝေလ်လန်စကီးက ဒီဇင်ဘာ ၁၇ ရက်တွင် ပြောသည်။

အမေရိကန်နိုင်ငံ၌ မကြာမီအချိန်အတွင်း အိုမီခရွန်မှာ လွှမ်းမိုးနိုင်သည့် မျိုးကွဲဖြစ်လာနိုင်သည်ဟု ခန့်မှန်းထားကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

အမေရိကန်ပြည်ထောင်စုရှိ ပြည်နယ်ပေါင်း ၃၉ ခုတွင် အိုမီခရွန်ကူးစက်မှုကို ကျန်းမာရေးအာဏာပိုင်များက ထောက်လှမ်းတွေ့ရှိထားသည်။ ကာကွယ်ဆေးထိုးခြင်း၊ ပါးစပ်၊ နှာခေါင်းစည်းဝတ်ဆင်ခြင်း အပါအဝင် ကာကွယ်ရေးအစီအမံများကို ပြုလုပ်ကြရန်လည်း ၎င်းက တောင်းဆိုထားသည်။

မကြာမီအချိန်အတွင်း အားလပ်ရက်ရာသီကျရောက်တော့မည်ဖြစ်ပြီး လူစုလူဝေးပြုလုပ်ခြင်းများနှင့် လူအများအပြား ခရီးထွက်ခြင်းများ ပြုလုပ်ကြတော့မည်ဖြစ်သည်။ ယင်းကာလမတိုင်မီ ယခုလို တောင်းဆိုခဲ့ခြင်းဖြစ်သည်။

တစ်ပတ်တာအတွင်း နေ့စဉ်ကူးစက်မှုနှုန်းမှာ ၁၂၀၀၀၀ ရှိပြီး ဆေးရုံတက်ရမှုနှုန်းမှာ ၇၈၀၀ ရှိကြောင်း အမေရိကန်ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာက ပြောသည်။

**အင်န်အိတ်ချ်ကေ**

# ဗြိတိန်နိုင်ငံ၌ ကိုဗစ်-၁၉ နေ့စဉ်ကူးစက်မှုနှုန်း ၉၀၀၀၀ ကျော်ရှိလာ

**လန်ဒန် ဒီဇင်ဘာ ၁၈**
ဗြိတိန်နိုင်ငံ၌ ဒီဇင်ဘာ ၁၇ ရက်က ကိုဗစ်-၁၉ ကူးစက်ခံရသူ ၉၃၀၄၅ ဦး တွေ့ရှိခဲ့ပြီး သုံးရက်ဆက်တိုက် ကူးစက်မှုမြင့်မားနေခြင်းပင်ဖြစ်သည်။ အိုမီခရွန်ကူးစက်ခံရသူဦးရေမှာ ၁၄၉၀၀ ကျော်ရှိသည်။

လန်ဒန်၌ နောက်ထပ်ကူးစက်မှုများ၏ ၈၀ ရာခိုင်နှုန်းမှာ အိုမီခရွန်ကူးစက်မှုကြောင့်ပင်ဖြစ်သည်။ ကူးစက်မှုများ ပြန်လည်ဖြစ်ပွားလာသည့်အတွက် ပြည်သူ့ဝန်ဆောင်မှုစနစ်ကို ထိခိုက်လာသည်။

မြို့တော်ရှိ မီးသတ်ဝန်ထမ်းအင်အား လျော့နည်းခြင်းကြောင့် မီးသတ်ယာဉ်များ အင်အားပြည့် လုပ်ကိုင်နိုင်ခြင်း မရှိချေ။ ဆေးရုံများတွင်လည်း အလားတူပြဿနာမျိုးဖြစ်လာမည်ကို စိုးရိမ်နေကြရသည်။ အားလပ်ရက်ရာသီကာလအတွင်း အဖျော်ယမကာဆိုင်များနှင့် စားသောက်ဆိုင်များမှာလည်း ဝန်ဆောင်မှုပေးနိုင်မည့်လူဦးရေကို တိုးမြှင့်ရန် မျှော်လင့်ထားကြသည်။

သို့သော်လည်း ယခုအခါ ကူးစက်မှုများပြန်လည်များပြားလာသည့်အတွက် အဆိုပါအစီအစဉ်များကို ဖျက်သိမ်းထားရသည်။ အာဏာပိုင်များသည် တတိယအကြိမ် ကာကွယ်ဆေးထိုးပေးမည့်အစီအစဉ်ကို အရှိန်အဟုန်မြှင့် ဆောင်ရွက်နေသည်။ ယခုအချိန်အထိ လူပေါင်း ၂၅ ဒသမ ၆ သန်းကို တတိယအကြိမ် ကာကွယ်ဆေးထိုးပေးပြီးဖြစ်သည်။

**အင်န်အိတ်ချ်ကေ**

# အမေရိကန်နိုင်ငံ ဟူစတန်မြို့တော်ဝန် ကိုဗစ် -၁၉ ကူးစက်ခံထားရ

**ဟူစတန် ဒီဇင်ဘာ ၁၈**
အမေရိကန်နိုင်ငံ တောင်ပိုင်းပြည်နယ် တက္ကဆက်ရှိ အကြီးဆုံးမြို့တော်ဖြစ်သော ဟူစတန်မြို့မှ မြို့တော်ဝန် ဆယ်ဗက်စတာတန်နာတွင် ကိုဗစ် -၁၉ ကူးစက်ခံထားရသည်ဟု သိရသည်။

ဟူစတန်မြို့၌ အိုမီခရွန်ကူးစက်ပျံ့နှံ့မှုများ ဖြစ်ပွားနေစဉ် မြို့တော်ဝန်တွင် ယခုလို ကိုဗစ်-၁၉ ကူးစက်ခံထားရခြင်းဖြစ်သည်။ ၎င်းတက်ရောက်ရမည့် ပွဲများကိုလည်း ဖျက်သိမ်းထားပြီး ရက်အတန်ကြာ နေအိမ်၌သာ အသွားအလာကန့်သတ်နေထိုင်မည်ဟု သိရသည်။

ဟူစတန်မြို့၌ ကိုဗစ် -၁၉ နောက်ထပ်ကူးစက်မှုအန္တရာယ်နှင့် ကြုံတွေ့လာနိုင်သည့် အရိပ်အယောင်များ တွေ့နေရသည်။

**ဆင်ဟွာ**

# နိုဗာဗက်ကာကွယ်ဆေးကို အရေးပေါ်သုံးစွဲခွင့်အတွက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ခွင့်ပြုပေး

**ဂျီနီဗာ ဒီဇင်ဘာ ၁၈**
ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ကိုဗစ်-၁၉ ကာကွယ်ဆေးအဖြစ် အမေရိကန်ဆေးဝါးထုတ်လုပ်ရေးကုမ္ပဏီမှ ထုတ်လုပ်သော နိုဗာဗက်ကာကွယ်ဆေးကို အရေးပေါ်သုံးစွဲခွင့်အတွက် ခွင့်ပြုပေးလိုက်ပြီဖြစ်ကြောင်း သိရသည်။

အဆိုပါကာကွယ်ဆေး၏ လုံခြုံစိတ်ချရမှုနှင့် အစွမ်းထက်မှုတို့ကို အတည်ပြုပြီးနောက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ခွင့်ပြုပေးခဲ့ခြင်းဖြစ်သည်။ နိုဗာဗက်ကုမ္ပဏီလိုင်စင်အောက်တွင် အိန္ဒိယစီရမ်အင်စတီကျူက ထုတ်လုပ်သွားမည်ဖြစ်သည်။

အဆိုပါ ကာကွယ်ဆေးမှာ သာမန်ရေခဲသေတ္တာများတွင် ထိန်းသိမ်းထားနိုင်သည့်အတွက် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် အသုံးပြုရန်အတွက် သင့်လျော်သည်ဟု စဉ်းစားထားသည်။

နိုဗာဗက်မှ ထုတ်လုပ်သည့် နောက်ထပ် ကိုဗစ်-၁၉ ကာကွယ်ဆေးတစ်မျိုးကိုလည်း အကဲဖြတ်နေဆဲပင်ဖြစ်သည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ပြောသည်။ ကိုဗက်အစီအစဉ်အောက်တွင် ယခုနှစ်အတွင်း ကာကွယ်ဆေးအလုံးရေ နှစ်ဘီလီယံကို ဖြန့်ဝေပေးရန် မျှော်လင့်ထားသည်။

သို့သော်လည်း ယခုအချိန်အထိ သန်း ၇၀၀ သာ ထောက်ပံ့ပေးရသေးသည်။ ချမ်းသာသော နိုင်ငံများမှ ကာကွယ်ဆေးလှူဒါန်းပေးမှုများမှာလည်း ရပ်တန့်နေသည်။

**အင်န်အိတ်ချ်ကေ**




နိုဗာဗက် ကာကွယ်ဆေး။

# အီရတ်နိုင်ငံမြောက်ပိုင်း၌ ရုတ်တရက် ရေကြီးမှုကြောင့် ၁၁ ဦးသေဆုံး

**ဘဂ္ဂဒက် ဒီဇင်ဘာ ၁၈**
အီရတ်နိုင်ငံမြောက်ပိုင်း၌ မိုးအဆက်မပြတ် ရွာသွန်းမှုကြောင့် ရုတ်တရက် ရေကြီးမှုဖြစ်ပွားခဲ့ပြီး ဒီဇင်ဘာ ၁၇ ရက်တွင် သေဆုံးသူဦးရေမှာ ၁၁ ဦးရှိသည်ဟု သိရသည်။

အာဘီရယ်ပြည်နယ် မြို့တော်ဝန် နာဘတ်အဗ္ဗဒူလာဟာမစ်က ရေကြီးမှုဖြစ်စဉ်အကြောင်းကို ကြေညာချက်ထုတ်ပြန်ခဲ့သည်။ အာဘီရယ်ပြည်နယ်တောင်ပိုင်း ကွတ်ရှ်တာပါမြို့နှင့် ဒါရတိုမြို့ ဆင်ခြေဖုံး ရပ်ကွက်တို့တွင် ပျက်စီးမှု အကြီးအကျယ် ပေါ်ပေါက်ခဲ့သည်ဟု သိရသည်။



ရေကြီးမှုကြောင့် ကားများပျက်စီးနေသည်ကို တွေ့ရစဉ်။

**ဆက်လက်မိုးသည်းထန်နိုင်**

နေအိမ်ပေါင်း ၁၀၀ နှင့် ကားပေါင်း ၂၀၀ နီးပါး ပျက်စီးသွားသည်ဟု ကွတ်ရှ်တာပါ မြို့တော်ဝန် ဆက်တာအိုမာက ပြောသည်။ ကာဒစ္စတန် မိုးလေဝသခန့်မှန်းမှုဌာန၏ ပြောကြားချက်အရ မိုးသည်းထန်စွာ ရွာသွန်းမှုမှာ အာဘီရယ်ပြည်နယ်တွင် ဆက်လက်ဖြစ်ပွားနိုင်သည်ဟု ခန့်မှန်းထားသည်။

အီရတ်နိုင်ငံတွင် မိုးခေါင်မှုနှင့် ကြုံတွေ့နေစဉ် ယခုလို ဖျက်အားကြီးမားသည့် မိုးသည်းမှုနှင့် ကြုံတွေ့ရခြင်းဖြစ်သည်။

**ဆင်ဟွာ**

# သဘာဝရဲ့ ဆိုးရွားတဲ့ဒဏ်ကို ခံစားနေရတဲ့ ဖိလစ်ပိုင်နိုင်ငံ

ထွန်းကျော်

**လေပြင်းတိုက်သံတွေကို ကျွန်တော် ကြောက်မက်ဖွယ်အတိုင်းသား ကြားနေရတယ်။ တဝေါဝေါနဲ့ လေတိုက်သံတွေက ကျွန်တော်တို့အိမ်ရဲ့သွပ်တွေကို ခွာနေသလိုပါပဲလို့ တိုင်ဖွန်းမုန်တိုင်းတိုက်ခတ်ပြီး ခုနစ်နာရီကြာပြီးနောက်မှာ ဖိလစ်ပိုင်နိုင်ငံအလယ်ပိုင်း လာပူ-လာပူမြို့က ဒေသခံတစ်ဦးဖြစ်တဲ့ အာဆန်ဗီလက်စ်ကိုက လူမှုကွန်ရက်စာမျက်နှာတစ်ခုဖြစ်တဲ့ Facebook မှာ ပြောကြားလိုက်ပါတယ်။**



မုန်တိုင်းကြောင့် ဖြစ်ပေါ်လာသော ပျက်စီးမှုများကို စိတ်မကောင်းဖွယ် တွေ့ရစဉ်။

● **တိုင်ဖွန်းမုန်တိုင်းကြောင့် သေဆုံးသူ ၃၁ ဦးရှိကြောင်း သတင်းဖော်ပြမှုအနက် လေးဦးသာ အတည်ပြုနိုင်ခဲ့တယ်လို့ အမျိုးသားသဘာဝဘေးဒုက္ခလျှော့ချရေးနဲ့ စီမံခန့်ခွဲရေးကောင်စီက ဖော်ပြခဲ့ပါတယ်။ အမျိုးသားရဲအဖွဲ့ကတော့ အနည်းဆုံး ၁၉ ဦး သေဆုံးခဲ့တယ်လို့ ဖော်ပြခဲ့သော်လည်း အသေးစိတ်အချက်အလက်ကိုတော့ မဖော်ပြခဲ့ပါဘူး။**

**လူပေါင်း ၃၁ ဦးသေဆုံး**

ဖိလစ်ပိုင်နိုင်ငံကို ဝင်ရောက်ခဲ့တဲ့ အင်အားအပြင်းဆုံး တိုင်ဖွန်းမုန်တိုင်းကြောင့် မြစ်ချောင်းတွေ ရေတွေလျှံပြီး အနိမ့်ပိုင်းတွေ ရေကြီးနစ်မြုပ်ကုန်ကြပါတယ်။ ဒါတင်ပဲလားဆိုတော့ မဟုတ်ပါဘူး။ ဖိလစ်ပိုင်နိုင်ငံ အလယ်ပိုင်းနဲ့ မင်ဒါနာအိုမြောက်ပိုင်းမှာရှိတဲ့ မြို့တွေ ကျေးရွာတွေလည်း မုန်တိုင်းကြောင့် အတော်လေးပျက်စီးခဲ့ပါတယ်။ တိုင်ဖွန်းမုန်တိုင်းကြောင့် လူပေါင်း ၃၁ ဦးလည်း သေဆုံးခဲ့ပါတယ်။

တိုင်ဖွန်းမုန်တိုင်းကြောင့် သေဆုံးသူ ၃၁ ဦးရှိကြောင်း သတင်းဖော်ပြမှုအနက် လေးဦးသာ အတည်ပြုနိုင်ခဲ့တယ်လို့ အမျိုးသားသဘာဝဘေးဒုက္ခ လျှော့ချရေးနဲ့ စီမံခန့်ခွဲရေးကောင်စီက ဖော်ပြခဲ့ပါတယ်။ အမျိုးသားရဲအဖွဲ့ကတော့ အနည်းဆုံး ၁၉ ဦး သေဆုံးခဲ့တယ်လို့ ဖော်ပြခဲ့သော်လည်း အသေးစိတ်အချက်အလက်ကိုတော့ မဖော်ပြခဲ့ပါဘူး။

**ကယ်ဆယ်ရေးတွေပြုလုပ်**

အင်အားပြင်း တိုင်ဖွန်းမုန်တိုင်းရဲ့ ပြင်းထန်တဲ့ လေတိုက်အားကြောင့် သစ်ပင်တွေ အမြစ်ကပါ ကျွတ်ထွက်ကုန်ကြပြီး လျှပ်စစ်ဓာတ်အားလိုင်းတွေလည်း ပြိုလဲပျက်စီးကုန်ကျပါတယ်။

မုန်တိုင်းရဲ့အရှိန်ကြောင့် တချို့နေရာတွေမှာ ရေတွေကြီးကာ ရေတွေဟာ ရင်စို့လောက်အထိ ရောက်နေကြသလို တချို့နေရာတွေမှာဆိုရင် ရေတွေဟာ ဒူးလောက်အထိ ရှိပါတယ်။ တချို့ရေကြီးတဲ့ ဒေသတွေမှာဆိုရင် အိမ်ခေါင်မိုးလေးတွေပဲ မြင်ရပါတော့တယ်။ ဒါက ရေဘေးကယ်ဆယ်သူတွေကို ရော်ဘာလှေတွေ အသုံးပြုရုံတင်မက ကြိုးတစ်ချောင်းနဲ့ အန္တရာယ်ရှိတဲ့ အနိမ့်ပိုင်းမှာ ရောက်နေတဲ့သူတွေကို လိုက်ကယ်ဖို့ရာ တွန်းအားတွေဖြစ်စေခဲ့ပါတယ်။ ကယ်ဆယ်ရေးသမားတွေဟာ ရေဘေးကြုံတွေ့နေသူတွေကို လိုက်ကယ်ပြီး သူတို့ကို အန္တရာယ်ကင်းတဲ့ ကုန်းမြင့်ဒေသတွေဆီကို ပို့ဆောင်ပေးကြပါတယ်။

**ဆက်သွယ်ရေးတွေပြတ်တောက်**

ဘိုဟောဆိုရင် တိုင်ဖွန်းမုန်တိုင်း တိုက်ခတ်မှုဒဏ်ကို အဆိုးဆုံးခံစားခဲ့ရတဲ့ နေရာတစ်ခုဖြစ်ပါတယ်။ တချို့ဒေသခံတွေဆိုရင် မုန်တိုင်းအရှိန်ကြောင့် ရေနစ်မြုပ်နေပြီဖြစ်တဲ့ သူတို့ရဲ့ အိမ်ခေါင်မိုးလေးတွေပေါ်မှာထိုင်ပြီး ကယ်ဆယ်ရေးသမားတွေကို စောင့်မျှော်နေကြရပါတယ်။

မုန်တိုင်းကျရောက်နေတဲ့ မုန်တိုင်းဒဏ်ခံ ဒုက္ခသည်တွေဟာ သူတို့ရဲ့ ဆွေမျိုးတွေဆီဆက်သွယ်ဖို့ ခက်ခဲနေကြပါတယ်။ ဆက်သွယ်ရေးတိုင်တွေနဲ့ လျှပ်စစ်ဓာတ်အားလိုင်းတွေလည်း ပြတ်တောက်သွားတဲ့အတွက် သူတို့ဟာ ဆက်သွယ်ဖို့ အခက်တွေ့နေကြတာဖြစ်ပါတယ်။

ဘိုဟောအုပ်ချုပ်ရေးမှူး အာသာယက်ပ်က ဆက်သွယ်ရေးတွေပြတ်တောက်ခြင်းက တိုင်ဖွန်းမုန်တိုင်းနဲ့ပတ်သက်တဲ့ အခြေအနေတွေကို လျင်မြန်စွာ ခန့်မှန်းအကဲဖြတ်မှုတွေ လုပ်ဆောင်ရာမှာ အခက်အခဲတွေ ဖြစ်စေခဲ့ပါတယ်။

**အရေးပေါ်ကပ်ဘေးအခြေအနေ ကြေညာချက်ကို လက်မှတ်ရေးထိုး**

ဘိုဟောအုပ်ချုပ်ရေးမှူး အာသာယက်ပ်က ဒေသအစိုးရဟာ မိသားစု ၁၃၀၀၀ ကျော်ကို စိုးရိမ်ရတဲ့နေရာကနေ ရွှေ့ပြောင်းကယ်ဆယ်ရေးစခန်းကို ရွှေ့ပေးခဲ့တယ်လို့ ပြောပါတယ်။ သို့သော်လည်း မုန်တိုင်းကြောင့် ဆုံးရှုံးပျက်စီးမှုတွေ ပိုများလာတဲ့အတွက် ဒီ အရေအတွက်ထက် ပိုများဖို့ပဲ ရှိပါတယ်လို့ သူက ပြောပါတယ်။

အာသာယက်ပ်က ပြည်နယ်တစ်ခုလုံးအတွက် အရေးပေါ်ကပ်ဘေးအခြေအနေ ကြေညာချက်ကို လက်မှတ်ရေးထိုး ထုတ်ပြန်ခဲ့ကြောင်း ပြောပါတယ်။

**မုန်တိုင်းကြောင့် လုံးဝကိုပျက်စီး**

ဒီနာဂတ်ကျွန်းစု အုပ်ချုပ်ရေးမှူး ကာကာဘတ်အောင်က တိုင်ဖွန်းမုန်တိုင်း Rai ဟာ ဘာမှမကျန်တော့အောင် ဖြိုဖျက်လိုက်တယ်လို့ ပြောပါတယ်။ လျှပ်စစ်ဓာတ်အားတွေ ပြတ်တောက်ပြီး ဆက်သွယ်ရေးလိုင်းတွေလည်း ပြတ်တောက်ခဲ့တယ်လို့ သူက ပြောပါတယ်။ အိမ်တွေ ဆုံးရှုံးခဲ့တယ်။ နံရံတွေနဲ့ ခေါင်မိုးတွေလည်း ပျက်စီးပြီး စက္ကူလေးတစ်ရွက်လို လေနှင်ရာလွင့်ကုန်ပါတော့တယ်။

မုန်တိုင်းသင့်ဒေသတွေလို့ ခေါ်ရမယ့် နိုင်ငံအလယ်ပိုင်းနဲ့ တောင်ပိုင်းဒေသတွေမှာရှိတဲ့ အများပြည်သူကယ်ဆယ်ရေးဝန်ထမ်းတွေဟာ လမ်းတွေပေါ်မှာ လဲကျနေတဲ့ သစ်ပင်တွေနဲ့ အပျက်အစီးအပိုင်းအစတွေကို ရှင်းလင်းဖို့ အားသွန်ခွန်စိုက် ကြိုးစားလုပ်ကိုင်ခဲ့ကြပါတယ်။ လျှပ်စစ်ဓာတ်အားလိုင်းတွေနဲ့ ဆက်သွယ်ရေးလိုင်းတွေကိုလည်း ပြန်လည်ကောင်းမွန်အောင် ပြုပြင်ခဲ့ကြပါတယ်။

နိုင်ငံခြားသားခရီးသွားတွေ အပါအဝင် ဆိုင်ရာဂိုကျွန်းရဲ့လူဦးရေအားလုံး ရက်စက်ပြင်းထန်တဲ့ မုန်တိုင်းဒဏ်ကို ကြံ့ကြံ့ခံရပ်တည်နိုင်ခဲ့ကြပါတယ်။ နိုင်ငံခြားသားခရီးသွားတွေအတွက် ဆွဲဆောင်စရာနေရာဖြစ်တဲ့ ဒီဒေသဟာ မုန်တိုင်းကြောင့် လုံးဝကို ပျက်စီးခဲ့ပါတယ်။

**အတော်လေး ဘေးဒုက္ခရောက်**

Rai ဟာ အဲဒီဒေသကို ဒီဇင်ဘာ ၁၆ ရက် မွန်းလွဲပိုင်းက ဝင်ရောက်တိုက်ခတ်ခဲ့တာဖြစ်ပါတယ်။ အများဆုံး လေတိုက်နှုန်းဟာ တစ်နာရီကို ၁၉၅ ကီလိုမီတာရှိပြီးတော့ အလယ်ဗဟိုချက်မှာဆိုရင် လေတိုက်နှုန်းဟာ တစ်နာရီကို ၂၄၀ ကီလိုမီတာဖြစ်ပါတယ်။ အလွန်ပဲကြောက်စရာကောင်းပါတယ်။

တွဲဖက်အတွင်းရေးမှူး ဂျူဆန်ဗင်းဆင့်အာဆီနာက သူ့ရဲ့ဇာတိမြို့ဖြစ်တဲ့ ဆာရာကိုဟာ မုန်တိုင်းကြောင့် လုံးဝကို ပျက်စီးသွားခဲ့တယ်လို့ ပြောပါတယ်။

သူတို့ရဲ့ ဘေးကင်းလုံခြုံမှုအတွက် စိုးရိမ်ပါတယ်။ အမျိုးတွေနဲ့ ခုချိန်အထိ အဆက်အသွယ်မရသေးပါဘူးလို့ သူက ပြောပါတယ်။ မုန်တိုင်းကြောင့် မြေပြိုမှုတွေနဲ့ လျှပ်တစ်ပြက်ရေကြီးမှုတွေဟာ မိုးရာသီမှာ ဖြစ်ပွားလေ့ရှိပေမယ့် ဒီတစ်ခါကတော့ အတော်လေး ဘေးဒုက္ခရောက်ခဲ့ကြပါတယ်။

**သူများနိုင်ငံတွေထက် ပိုပြီးကြုံတွေ့**

ကမ္ဘာပေါ်မှာ ဖိလစ်ပိုင်နိုင်ငံဟာ သဘာဝဘေးဒုက္ခတွေကို အများဆုံး ကြုံတွေ့ရာ နိုင်ငံတစ်နိုင်ငံဖြစ်ပါ တယ်။ အထူးသဖြင့် ပစိဖိတ်လျင်ကြောနဲ့ ပစိဖိတ်တိုင်ဖွန်းမုန်တိုင်း ပတ်လမ်းကြောင်းမှာရှိတဲ့အတွက် အခုလို ဘေးဒုက္ခတွေသူများနိုင်ငံတွေထက် ပိုပြီးကြုံတွေ့နေရတာဖြစ်ပါတယ်။ လွန်ခဲ့တဲ့ နှစ် ၃၀ တုန်းကလည်း သဘာဝဘေးအန္တရာယ်ကြောင့် ဖိလစ်ပိုင်နိုင်ငံမှာ လူပေါင်း ၃၃၀၀၀ သေဆုံးခဲ့ပြီး သန်းပေါင်း ၁၂၀ ကျော် သဘာဝဘေးအန္တရာယ် ဆိုးရွားစွာ ကျရောက်ခဲ့ရတယ်လို့ ကမ္ဘာ့ဘဏ်က ဖော်ပြထားပါတယ်။ **ကိုးကား ဆင်ဟွာ**

## ဒီဇင်ဘာ ၁၈ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၇၀ တွေ့ရှိ

**ထပ်မံသေဆုံးသူ ၅ ဦးရှိသဖြင့် ယနေ့အထိ သေဆုံးသူ စုစုပေါင်း ၁၉,၂၁၃ ဦးရှိ**

**ကိုဗစ်-၁၉ ဗီဇပြောင်းမျိုးကွဲ Omicron (အိုမီခရွန်) ရောဂါပိုး နိုင်ငံပေါင်း ၉၄ နိုင်ငံ ပျံ့နှံ့**

(၁၈–၁၂–၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်–၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်–၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၁၇–၁၂–၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၈–၁၂–၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၁၃,၆၈၇) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်–၁၉ ရောဂါ **ဓာတ်ခွဲအတည်ပြုလူနာသစ် (၁၇၀) ဦး တွေ့ရှိရပါသည်။** ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၁.၂၄) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၅,၈၈၆,၃၉၄) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်–၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၅၂၈,၁၀၁) ဦး ရှိပြီ ဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၂၄၇) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၅၀၅,၁၀၃) ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။ ကိုဗစ်–၁၉ ရောဂါဖြင့် **ထပ်မံသေဆုံးသူ (၅) ဦး** ရှိသဖြင့် ယနေ့အထိ သေဆုံးသူ စုစုပေါင်း (၁၉,၂၁၃) ဦး ရှိပါသည်။

**ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ**
**(၁၈–၁၂–၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ**

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၁,၀၉၅) ခု | (၁၀) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၁၁၀) ခု | (၃) ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၂၈၁) ခု | (၁) ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၈၄) ခု | (၁၀) ဦး |
| ပြင်ဦးလွင်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံ (ခုတင် ၇၀၀) | (၇၂) ခု | (၈) ဦး |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၁,၃၉၇) ခု | (၇) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၄၄၀) ခု | (၉) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ ပြည်နယ်များရှိ ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁၀,၂၀၈) ခု | (၁၂၂) ဦး |
| စုစုပေါင်း | (၁၃,၆၈၇) ခု | (၁၇၀) ဦး |

- ကိုဗစ်–၁၉ ဗီဇပြောင်းမျိုးကွဲ **Omicron (အိုမီခရွန်)** ရောဂါပိုးသည် (၁၈–၁၂–၂၀၂၁) ရက်နေ့၊ (၁၇:၀၀) နာရီအချိန်အထိ နိုင်ငံပေါင်း (၉၄) နိုင်ငံတို့တွင် ပျံ့နှံ့လျက်ရှိကာ အတည်ပြုလူနာ စုစုပေါင်း (၃၄,၈၂၁) ဦးရှိပြီး အာဖရိကနိုင်ငံများ၊ ဥရောပနိုင်ငံများ၊ အမေရိကန်၊ ကနေဒါ၊ ဂျပန်၊ တောင်ကိုရီးယား၊ ဟောင်ကောင်၊ ဩစတြေးလျနိုင်ငံ အစရှိသည်တို့တွင် အတည်ပြုတွေ့ရှိရပြီးဖြစ်သည့်အပြင် အိမ်နီးချင်းနိုင်ငံများဖြစ်သော အိန္ဒိယနိုင်ငံ၊ ထိုင်းနိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဒေသတွင်းနိုင်ငံများဖြစ်သော သီရိလင်္ကာနိုင်ငံ၊ နီပေါနိုင်ငံ၊ စင်ကာပူနိုင်ငံ၊ မော်လဒိုက်နိုင်ငံ၊ မလေးရှားနိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံ၊ ကမ္ဘောဒီးယား နိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံတို့တွင်လည်း ဓာတ်ခွဲအတည်ပြုလူနာများတွေ့ရှိကြောင်း သိရှိရပါသည်။
- ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်–၁၉ ဗီဇပြောင်းမျိုးကွဲ Omicron (အိုမီခရွန်) နှင့် ပတ်သက်၍ ကမ္ဘာတစ်ဝှမ်းဖြစ်ပွားမှု အခြေအနေများကို မျက်ခြည်မပြတ် စောင့်ကြပ်ကြည့်ရှုလျက်ရှိကာ မိမိတို့နိုင်ငံအတွင်းသို့ ဝင်ရောက်ကူးစက်မှု မရှိစေရန် အချိန်နှင့်တစ်ပြေးညီ အားသွန်ခွန်စိုက် ဆောင်ရွက်လျက်ရှိပါ၍ ပြည်သူလူထုအနေဖြင့်လည်း အဆိုပါရောဂါပိုးနှင့် ပတ်သက်၍ အလွန်အမင်း စိုးရိမ်ကြောင့်ကြခြင်းမပြုဘဲ တစ်ဦးချင်း ကိုဗစ်–၁၉ ရောဂါ ကာကွယ်ရေး အခြေခံစည်းမျဉ်းစည်းကမ်းများကို လိုက်နာခြင်း၊ သံသယရောဂါလက္ခဏာရှိသူများအနေဖြင့် နီးစပ်ရာကျန်းမာရေးဌာနသို့ ချက်ချင်းသတင်းပေးပို့ခြင်း၊ အလှည့်ကျရရှိလာသည့် ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှု မပျက်မကွက် အကြိမ်ပြည့်ခံယူခြင်းနှင့် ကာကွယ်ဆေးထိုးရန် ကျန်ရှိသူများကို ကာကွယ်ဆေးထိုးနှံပေးနိုင်ရန်အတွက် ကျန်းမာရေးဌာနသို့ ဆက်သွယ်ပို့ဆောင်ပေးခြင်းစသည်တို့ကို မမေ့မလျော့ သတိပြု၍ ဆောင်ရွက်ကြပါရန်နှင့် မိမိတို့နိုင်ငံသို့ ကိုဗစ်–၁၉ ဗီဇပြောင်းမျိုးကွဲများ ဝင်ရောက်ကူးစက်မလာစေရေး ကျန်းမာရေးဝန်ကြီးဌာနက ကြိုးပမ်းဆောင်ရွက်နေသည့် လုပ်ငန်းများကို ကျရာကဏ္ဍမှ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြပါရန် အသိပေးတိုက်တွန်းနှိုးဆော်အပ်ပါသည်။
- ကိုဗစ်–၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင် အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

### ၁၈- ၁၂ -၂၀၂၁ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၅၁၆၁၀၂၈၁ | ၄၀၄၇၄၃၄၆ | ၈၂၆၇၁၉ |
| ၂။ | အိန္ဒိယ | ၃၄၇၃၃၁၉၄ | ၃၄၁၇၁၄၇၁ | ၄၇၇၁၅၈ |
| ၃။ | ဘရာဇီး | ၂၂၂၀၉၀၂၀ | ၂၁၄၁၄၃၁၈ | ၆၁၇၆၄၇ |
| ၄။ | ဗြိတိန် | ၁၁၁၉၀၃၅၄ | ၉၆၉၇၆၅၉ | ၁၄၇၀၄၈ |
| ၅။ | ရုရှား | ၁၀၁၈၆၈၂၃ | ၈၉၅၂၂၆၆ | ၂၉၆၁၈၀ |
| ၆။ | တူရကီ | ၉၁၃၆၅၆၅ | ၈၇၃၇၁၇၄ | ၈၀၀၅၃ |
| ၇။ | ပြင်သစ် | ၈၅၁၈၈၄၀ | ၇၄၆၇၀၆၇ | ၁၂၁၃၃၃ |
| ၈။ | ဂျာမနီ | ၆၇၅၇၅၉၃ | ၅၇၂၄၁၀၀ | ၁၀၈၆၀၆ |
| ၉။ | အီရန် | ၆၁၆၉၀၁၁ | ၅၉၉၉၈၆၀ | ၁၃၁၀၃၃ |
| ၁၀။ | စပိန် | ၅၄၅၅၅၂၇ | ၄၉၆၈၂၈၇ | ၈၈၇၀၈ |

### အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

၁၈ – ၁၂ – ၂၀၂၁

| နိုင်ငံ | ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၄၂၆၀၃၈၀ | ၄၁၁၁၄၆၄ | ၁၄၃၉၉၈ |
| ဖိလစ်ပိုင် | ၂၈၃၇၅၅၅ | ၂၇၇၆၉၅၆ | ၅၀၆၇၅ |
| မလေးရှား | ၂၇၁၁၇၆၄ | ၂၆၂၅၂၄၅ | ၃၁၀၄၄ |
| ထိုင်း | ၂၁၈၈၆၂၉ | ၂၁၂၃၉၆၉ | ၂၁၃၅၃ |
| ဗီယက်နမ် | ၁၅၂၄၃၆၈ | ၁၀၉၇၁၆၃ | ၂၉၃၅၁ |
| မြန်မာ | ၅၂၈၁၀၁ | ၅၀၅၁၀၃ | ၁၉၂၁၃ |
| စင်ကာပူ | ၂၇၅၃၈၄ | ၂၇၀၃၅၃ | ၈၀၉ |
| ကမ္ဘောဒီးယား | ၁၂၀၄၁၀ | ၁၁၆၇၈၂ | ၃၀၀၃ |
| လာအို | ၉၇၅၀၅ | ၈၄၄၆၄ | ၂၆၈ |
| ဘရူနိုင်း | ၁၅၃၈၆ | ၁၅၀၈၈ | ၉၈ |



အပြင်ထွက်တိုင်း
ပါးစပ်နှင့်နှာခေါင်းစည်း(mask) ကို
စနစ်တကျ
မပျက်မကွက် တပ်ဆင်ပါ



တတ်နိုင်သမျှ
မိမိအိမ်တွင်သာ
နေပါ

# စာပေကောင်းကျိုး စဉ်သယ်ပိုးသည့် ဆရာကြီး မောင်သာနိုး

*ရဲရင့်နဒီ (စာပေဗိမာန်)*

**မြန်မာနိုင်ငံ၏ ထင်ရှားကျော်ကြားသော စာပေပညာရှင်ကြီးများထဲတွင် ဆရာကြီး မောင်သာနိုးသည်လည်း တစ်ဦးအပါအဝင် ဖြစ်သည်။ စာပေအမျိုးအစားများစွာ ရှိသည့်အနက် ကဗျာရေးသားသူ၊ ဘာသာပြန်ဆိုသူ၊ ဝေဖန်ရေးစာပေ ရေးသားသူအဖြစ် မြန်မာစာပေလောကတွင် ထူးခြားထင်ရှားသည့် ဆရာတစ်ဦးလည်းဖြစ်သည်။ မြန်မာဘာသာ၊ အင်္ဂလိပ်ဘာသာနှင့် ပါဠိဘာသာတို့ကို ကျွမ်းကျင်တတ်မြောက်သည့်အပြင် နိုင်ငံခြားဘာသာအချို့ကိုလည်း လေ့လာလိုက်စား နားလည်သူဖြစ်သည်။**

**ဆရာကြီး၏ ငယ်ဘဝ**

ဆရာကြီးကို ၁၉၃၄ ခုနှစ် မေလတွင် စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့၌ အဖ ကျောက်ဆောက် ခင်မောင်ကလေး၊ အမိ ဒေါ်စံမြင့်တို့က မွေးဖွားခဲ့သည်။ မွေးချင်းမောင်နှမ သုံးဦး ရှိသည့်အနက် သားအလတ်ဖြစ်သည်။ အမည်ရင်းမှာ ကျောက်ဆောက်သာနိုးဖြစ်ပြီး အစ်မဖြစ်သူမှာ ဒေါ်လှမင်း၊ ညီဖြစ်သူမှာ ကျောက်ဆောက်အံ့ထူးဖြစ်သည်။ ဆရာကြီးသည် ငယ်စဉ်ကတည်းက စာပေကို ဝါသနာကြီးမားခဲ့ပေရာ အင်္ဂလိပ်နှင့် ပါဠိ ဘာသာတို့ကို ဖခင်ထံမှ အတတ် သင်ယူလေ့လာခဲ့သည်။ အဘိုးဖြစ်သူမှာ တောင်ထားဝယ်ဗိုလ် ကျောက်ဆောက် မြို့စား တိုင်တားမင်းကြီး ဦးဖိုး ဖြစ်သည်။


၁၉၅၃ ခုနှစ်တွင် စစ်ကိုင်းမြို့၊ အမှတ်(၁)၊ အစိုးရအထက်တန်းကျောင်းမှ ဒသမတန်း အောင်မြင်ခဲ့သည်။ အထက်တန်းကျောင်းသား ဘဝကတည်းက စာအတိုအထွာလေးများ ရေးသားကာ ရှုမဝ၊ သွေးသောက် စသည့်မဂ္ဂဇင်းများသို့ ပေးပို့ပြီး ဖော်ပြခံရပါက ဝမ်းသာနေတတ်သည်။ ၁၉၆၅ ခုနှစ်တွင် မန္တလေး တက္ကသိုလ်မှ ဝိဇ္ဇာဘွဲ့ (အင်္ဂလိပ်စာ)၊ ၁၉၇၆ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်မှ မဟာဝိဇ္ဇာဘွဲ့ (မြန်မာစာ) ရရှိခဲ့သည်။ ၁၉၅၃ ခုနှစ်နှင့် ၁၉၆၅ ခုနှစ်ဝန်းကျင်တွင် မန္တလေးတက္ကသိုလ် ကျောင်းသားသမဂ္ဂ အတွင်းရေးမှူးနှင့် မန္တလေးတက္ကသိုလ် နှစ်လည်မဂ္ဂဇင်း အင်္ဂလိပ်စာ စာတည်း အဖြစ် ဆောင်ရွက်ခဲ့သည်။ တက္ကသိုလ် နှစ်လည်မဂ္ဂဇင်းတွင် မောင်သိင်္ဂါအမည်ဖြင့် ကဗျာများ ရေးသားခဲ့သည်။ အမျိုးသမီးအမည်များဖြင့် ဝတ္ထု၊ ကဗျာများ ရေးသားသည်။ မောင်သိင်္ဂါ အမည်နှင့် ရေးသည့် ကဗျာများတွင် "မလင်းပြာသို့" ကဗျာသည် ထင်ရှားသည်။

တက္ကသိုလ်ကျောင်းသားဘဝကပင် အင်္ဂလိပ်စာပြဆရာ ဖြစ်လာသည်။ စာပေပညာဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို ပံ့ပိုးပေးချင်ခဲ့သည်။ ထို့ကြောင့် စာပေနှင့် ဆက်နွယ်သမျှ ဗဟုသုတ များစွာကို လေ့လာခဲ့၏။ ဖတ်ခဲ့၏။ သူ့ထံသို့ လာရောက်ပြီး အင်္ဂလိပ်စာလေ့လာဆည်းပူးသူများကိုလည်း စေတနာထား၍ သင်ကြားပေးသည်။ သူသည် စာပေလောကကို ကလေးဘဝကတည်းက စတင်ခဲ့ရသည့်အတွက် နောင်အနာဂတ်ကာလများတွင် ထင်ရှားကျော်ကြားသော စာပေပညာရှင်လူငယ်များ ဆင့်ပွား ပေါ်ပေါက်လာစေနိုင်ရေးကိုလည်း မျှော်လင့်ခဲ့သည်။ ထို့ကြောင့် မန္တလေးမြို့တွင် ရှန်တက္ကသိုလ် အမည်ရှိသည့် ပုဂ္ဂလိကကျောင်းအပါအဝင် အခြားသင်တန်းများတွင်ပါ အင်္ဂလိပ်စာ သင်ကြားပို့ချပေးခဲ့သည်။ အင်္ဂလိပ်စာ လေ့လာဆည်းပူးသူများအတွက် အင်္ဂလိပ်စာနှင့် ပတ်သက်သည့် စာအုပ်များကိုလည်း ထုတ်ဝေခဲ့သည်။ ဆရာကြီး ပထမဆုံးရေးသည့် အင်္ဂလိပ်သဒ္ဒါစာအုပ်မှာ English the Easy Way ဖြစ်သည်။

**ရေးသားခဲ့သော စာပေများ**

၁၉၅၆ ခုနှစ်တွင် လူထုသတင်းစာ၊ ၁၉၆၃ ခုနှစ်တွင် မန်းခေတ်သတင်းစာ အယ်ဒီတာအဖွဲ့ဝင်အဖြစ် ဆောင်ရွက်ခဲ့သည်။ ၁၉၆၃ ခုနှစ်မှ ၁၉၆၈ ခုနှစ်တိုင် အထက်ဗမာနိုင်ငံ စာရေးဆရာအသင်းက ကျင်းပသော စာတမ်းဖတ်ပွဲများတွင် မောင်သိင်္ဂါ၊ မောင်သာနိုး အမည်များဖြင့် စာတမ်းများတင်သွင်းခဲ့ရာ "ဗမာစာပေ အရေးအသား"စာတမ်းမှာ ထင်ရှားသည်။ ၁၉၆၈ ခုနှစ်တွင် "ထင်းရှူးပင်ရိပ်" နိုင်ငံခြားကဗျာ ဘာသာပြန်ထုတ်ဝေ၍ မြန်မာကဗျာ တစ်ခေတ်ဆန်းရေး ကြိုးပမ်းခဲ့သည်။ ၁၉၇၇ ခုနှစ်တွင် ဆာအက်ဒွင် အန်းလ်ဒ်၏ ကမ္ဘာကျော် The Light of Asia ကို "အာရှတိုက်ရဲ့ အလင်းရောင်" အမည်ဖြင့် မြန်မာပြန်သည်။ ၁၉၈၀ ပြည့်နှစ်တွင် မဟာစည်ဆရာတော်၏ "အခြေခံ ဝိပဿနာရှုနည်း"၊ ၁၉၉၃ ခုနှစ်တွင် ဦးအေးမြင့်၏ "မြန်မာ့ရိုးရာဒီဇိုင်း"၊ ဒေါက်တာခင်မောင်ဝင်း (အသည်း) ၏ "အမေနှင့်ကျွန်တော်" စာအုပ်များကို အင်္ဂလိပ်ဘာသာ ပြန်ဆိုခဲ့သည်။

၁၉၆၈ ခုနှစ်တွင် ဆရာကြီးသည် ရန်ကုန်မြို့သို့ ပြောင်းရွှေ့လာခဲ့ပြီး ၁၉၆၈ ခုနှစ်မှ ၂၀၁၅ ခုနှစ်တိုင် အင်္ဂလိပ်စာသင် ဆရာအဖြစ် အသက်မွေးခဲ့သည်။ စာပေများလည်း ဆက်လက်ရေးသားခဲ့ပြီး အင်္ဂလိပ်စာကို လေ့လာလိုက်စားသူ သင်တန်းသားများစွာကို ပညာဖြန့်ဝေပေးခဲ့သည်။ ရုပ်ရှင်တေးကဗျာ၊ ရုပ်ရှင် အမြုတေ၊ ရင်ခွင်သစ်၊ ရွှေအောင်လံ၊ ဟန်သစ်၊ မဟေသီ၊ ကလျာ၊ မိုးဝေ၊ အိပ်မက်ဖူး၊ ရနံ့သစ်၊ စောင့်ကြည့် ဂျာနယ်၊ စံပယ်ဖြူအမျိုးသမီးမဂ္ဂဇင်း စသည့် မဂ္ဂဇင်းစာစောင်များတွင် ဆောင်းပါးများစွာ ရေးသားခဲ့သည်။ အထူးသဖြင့် နိုင်ငံခြားကဗျာတစ်ပုဒ်ကို ဘာသာပြန်ပြီး စာဖတ်သူနားလည် အောင်၊ ခံစားတတ်အောင် ဖွင့်ဆို ဆွေးနွေးသည့် ဆောင်းပါးများ ဖြစ်သည်။







ဆရာကြီးသည် ကဗျာ၊ ဝတ္ထုတို၊ ဆောင်းပါး၊ ဘာသာဗေဒ၊ အင်္ဂလိပ် ဘာသာစကား စသည့်စာအုပ်များအပါ အဝင်အုပ်ရေ ၈၀ ကျော်၊ ဆောင်းပါးပေါင်း ၁၀၀၀ ကျော် ရေးသားခဲ့သည်။ ၂၀၀၄ ခုနှစ်တွင် အမေရိကန်ပြည်ထောင်စု၊ အိုင်အိုဝါတက္ကသိုလ် နိုင်ငံတကာ စာပေ အရေးအသားညီလာခံ၊ အီလီနွိုင်း တက္ကသိုလ် မြန်မာမှုစာတမ်းဖတ်ပွဲ၊ ၂၀၁၀ ပြည့်နှစ်တွင် တောင်ကိုးရီးယား နိုင်ငံ၊ ဆိုးလ်မြို့ မာန်ဟဲဆရာတော် နှစ်ပတ်လည် စာတမ်းဖတ်ပွဲများ တက်ရောက်ခဲ့သည်။ နိုင်ငံခြားဘာသာ တက္ကသိုလ်တွင် ရုရှားဘာသာကို တက်ရောက်လေ့လာခဲ့ပြီး ပြင်သစ်ဘာသာ၊ တရုတ်ဘာသာ၊ ကိုရီးယားဘာသာတို့ကို လေ့လာလိုက်စားခဲ့သည်ဟု သိရသည်။

ခိုးစားတဲ့သစ်သီး စာအုပ်ထဲတွင် ဆရာကြီးက "ကျွန်တော်ဟာ စာရေး ဝါသနာပါတယ် ဆိုကတည်းက ဝတ္ထုတို တွေရေးခဲ့ပါတယ်။ တက္ကသိုလ်မဂ္ဂဇင်း တွေနဲ့ လူထုဂျာနယ် စတာတွေမှာ အခါ အားလျော်စွာ ထည့်သွင်းခဲ့ပါတယ်။ ဒါပေမယ့် နောင်မှာ သတင်းစာဆရာ လုပ်လိုက်တော့ ဆောင်းပါးဘက် အားသန်ပြီး ဝတ္ထုဘက် အရေးကျဲခဲ့ပါ တယ်။ စောစောပိုင်းက ဘာသာပြန်ဝတ္ထု တော်တော်များများ အားထုတ်ခဲ့ပေမယ့် နောက်ပိုင်း ကဗျာပဲ ဘာသာပြန်များ သွားတယ်" ဟု ရေးသားထားသည်။

ဆရာကြီးသည် ၁၉၈၆ ခုနှစ် ဇွန်လ ၁၀ ရက်တွင် မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့သူ ဒေါ်ခင်လေးနွယ်နှင့် အိမ်ထောင်ပြုခဲ့သည်။ အစစအရာရာ ပါရမီဖြည့်ပေးသည့် ဇနီးဖြစ်သူအပေါ် ကြင်နာတတ်သူလည်းဖြစ်ရာ ဆရာကြီး၏ ဂန္ထဝင် နိုင်ငံခြားကဗျာရှည်ကြီး လေးပုဒ်ကို ဘာသာပြန်ဆိုထားသည့် မဟာကဗျာစာအုပ်ထဲတွင် "မဂ္ဂဇင်းဟောင်းတွေကို စာအုပ်ပုံအကြိုအကြား မှာ ဒုက္ခခံ ရှာဖွေပေးခဲ့တဲ့ အိမ်ရှင်မရဲ့ ကျေးဇူးကတော့ ထိပ်ဆုံးပါပဲ"ဟု ဖော်ပြထားသည်။ ထို့ပြင် ဆရာကြီး၏ ဆောင်းပါးအချို့တွင် "ဒေါ်ခင်လေးနွယ်၊ မခင်လေးနွယ်"ဟူ၍ ဇနီးဖြစ်သူ၏အကြောင်းများကိုအလျဉ်းသင့်သလိုထည့်သွင်းဖော်ပြတတ်သည်ကိုလည်း ဖတ်ရှုရပါသည်။

**ဆရာကြီး၏ ထင်ရှားသော စာအုပ်များ**

ဆရာကြီးသည် ကဗျာ၊ ဆောင်းပါး၊ ဝတ္ထုတို၊ ဘာသာပြန်နှင့် ဝေဖန်ရေးဆိုင်ရာ ဆောင်းပါးများစွာ ရေးသားခဲ့သည့်အနက် ပင်ကိုရေးစာအုပ်များထဲတွင် ဗမာစာ ဗမာစကား(၁၉၇၂)၊ ခိုးစားတဲ့ သစ်သီး(၁၉၉၆)၊ အင်္ဂလိပ်ဘာသာမှ မြန်မာဘာသာသို့ ပြန်ဆိုထားသည့် စာအုပ်များထဲတွင် ကဗျာသဘောတရား(၁၉၆၆)၊ ထင်းရှူးပင်ရိပ်(၁၉၆၈)၊ အာရှတိုက်ရဲ့ အလင်းရောင်(၁၉၇၇)၊ မဟာကဗျာ (၁၉၈၂)၊ အိုမာရ်ခိုက်ယမ်း (၁၉၈၄)၊ နိုင်ငံရပ်ခြား ကဗျာများ(၁၉၈၅)၊ မြန်မာဘာသာမှ အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုထားသည့် စာအုပ်များထဲတွင် Songster in a Boat by Tin Moe(1963)၊ Red and Blue by Maung Swan Yi(1981)၊ Fundamentals of Insight by Mahasi Sayadaw (1981)၊ Burmese Design Through Drawings by U Aye Myint(1994) စသည့်စာအုပ်တို့မှာ နာမည်ကျော် လူကြိုက်များလှသည်။



ဆရာကြီး၏ အီလီနွိုင်းတက္ကသိုလ် စာပေဆွေးနွေးပွဲ အမှတ်တရ

**ဆရာကြီးသည် စာရေးသားရာတွင် စကားပြေဖြင့်သာ ရေးသားလေ့ရှိပြီး စာလုံးတိုင်းကို အသေးစိတ်လေ့လာပြီး ဂရုတစိုက် ရေးသားသူဖြစ်သည်။ စာလုံးတစ်လုံးချင်းစီတိုင်းတွင် အဓိပ္ပာယ်ပြည့်ဝနေ၍ မဂ္ဂဇင်း၊ စာစောင်များသို့ စာမူများ ပေးပို့ရာတွင်လည်း သူရေးထားသည်ကို သေချာဂရု နားမလည်ဘဲ ဝင်ရောက်ပြင်ဆင်သည့် စာပြင်ဆရာ၊ အယ်ဒီတာများကို အလွန်ပင် သဘောမကျ ဖြစ်တတ်သည်**

*စာမျက်နှာ ၁၇ သို့*

*စာမျက်နှာ ၁၆ မှ*

အင်္ဂလိပ်စာအတွက် ရေးသားခဲ့သည့် English The Easy Way၊ English Grammar For All၊ Translation InPractice (ဘာသာပြန်လက်တွေ့) စသည့် စာအုပ်များသည်လည်း ထင်ရှားသည်။ အင်္ဂလိပ်စာ လေ့လာသူများ၊ သင်တန်းသားများ၊ ဆရာ ဆရာမများအတွက် လက်စွဲစာအုပ်ပင် ဖြစ်သည်။

**ဆရာ မကြိုက်သော အမှားများ**


ဆရာကြီးသည် သူ၏နာမည်ကို လွဲမှားရေးပါက စိတ်ဆိုးတတ်ကြောင်းကို ဆရာကြီး၏ ဆောင်းပါးများ၌ ဖတ်ရှုသိရှိရသည်။

တစ်ခါတွင် ဆရာကြီးသည် မှတ်ပုံတင်အသစ်ပြုလုပ်ရာ သူ၏ မှတ်ပုံတင်ကတ်အဟောင်းတွင် ပါရှိသည့် အမည် ကျောက်ဆောက်သာနိုးကို ရပ်ကွက်ကောင်စီစာရေးက ကူးယူရေးသားရာ ကျောက်ဆောင်သာနိုးဟု မှားရေးသည့်အတွက် ထောက်ပြပြင်ဆင်ခဲ့ရသော်လည်း မှတ်ပုံတင်အသစ် ထွက်လာသည့်အခါ ကျောက်ဆောင်သာနိုးပင်ဖြစ်နေကြောင်း၊ အမှားကို ထောက်ပြရာ ငြင်းဆိုနေသည့်အတွက် အချေအတင် ပြောဆိုခဲ့ရကြောင်း၊ ကတ်ပြားပေါ်တွင် ဖျက်ပြီးပြင်ပေးလိုက်သော်လည်း နိုင်ငံခြားသွားခါနီး ပတ်စ်ပို့(Passport) လုပ်ရာမှာ ပြဿနာပေါ်လာ၍ ဟိုလူဒီလူ အကူအညီရယူကာ မှတ်ပုံတင်အသစ် ထပ်မံပြုလုပ်ခဲ့ရသည်ဟု ဆိုသည်။

ထို့ပြင် ဆရာ့ဇနီး ဒေါ်ခင်လေးနွယ်၏ ကျောက်ဆောက်အမည်ဖြင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်းကို စာစောင်တစ်ခုတွင် ကြော်ငြာထည့်ရာ ထုတ်ဝေသူနေရာတွင် ကျောက်ဆောင်ဟု မှားရေးထားကြောင်း၊ ထို့ကြောင့် တခြားစာစောင်များတွင် ကြော်ငြာထည့်ပါက ကျောက်ဆောင်ဟု မှားရေးလျှင် ပိုက်ဆံမပေးဟု သတိပေးပြောကြားရသည်အထိ ဖြစ်ခဲ့ရသည်ဟု ဆိုသည်။


ဆရာ့အမည်ကို အင်္ဂလိပ်လိုစာလုံးပေါင်းလျှင်လည်း Thar Noe ဟု ရေးသားနေကြကြောင်း၊ r မပါကြောင်းကို အမြဲသတိပေးနေရကြောင်း၊ အထူးသဖြင့် ဟိုတယ်၊ ပုဂ္ဂလိကဆေးရုံ စသည်တို့သို့ သွားသည့်အခါ နာမည်ကို အင်္ဂလိပ်လိုရေးမှတ်လျှင် r မပါသည်ကို စောင့်ကြည့်ပြောပေးနေရကြောင်း၊ အင်္ဂလိပ်လို ထုတ်ဝေသည့် အပတ်စဉ်ထုတ် စာစောင်တစ်စောင်ကို နှစ်ပေး မှာယူကြည့်ရှုရာ လိပ်စာနေရာတွင် U Thar Noe ဟု ရေးထားသောကြောင့် ပြင်ပေးခိုင်းရာ မလွယ်ကူတော့ကြောင်း သိရ၍ တစ်နှစ်သည်းခံပြီး ဖတ်ရှုခဲ့ကြောင်း၊ နောက်တစ်နှစ်မှာလည်း ထိုကဲ့သို့ ထပ်မှားနေပြန်၍ စာစောင်ကို မယူတော့ဘဲ ဖြတ်ပစ်လိုက်ကြောင်း သိရသည်။

ဆရာကြီးသည် စာရေးသားရာတွင် စကားပြေဖြင့်သာ ရေးသားလေ့ရှိပြီး စာလုံးတိုင်းကို အသေးစိတ်လေ့လာပြီး ဂရုတစိုက် ရေးသားသူဖြစ်သည်။ စာလုံးတစ်လုံးချင်းစီတိုင်းတွင် အဓိပ္ပာယ်ပြည့်ဝနေ၍ မဂ္ဂဇင်း၊ စာစောင်များသို့ စာမူများ ပေးပို့ရာတွင်လည်း သူရေးထားသည်ကို သေချာဂရု နားမလည်ဘဲ









ဝင်ရောက်ပြင်ဆင်သည့် စာပြင်ဆရာ၊ အယ်ဒီတာများကို အလွန်ပင် သဘောမကျ ဖြစ်တတ်သည်။

**အင်္ဂလိပ်စာတတ်လိုသူများအတွက်**

အင်္ဂလိပ်စာကို လေ့လာနေသူများအတွက် ဆရာကြီးက သူ့ကိုယ်တွေ့နှင့် ယှဉ်ပြီး ပြောဆိုထားသည့် ဆောင်းပါးတစ်ပုဒ်တွင် သဒ္ဒါတတ်ရုံနဲ့ အင်္ဂလိပ်စာ မတတ်ကြောင်း၊ စာဖတ်မှသာ စာတတ်ကြောင်း၊ အခြေခံသဒ္ဒါ ပိုင်ဖို့ သဒ္ဒါသင်ရုံ၊ ကျက်မှတ်ရုံနှင့် မရနိုင်ကြောင်း၊ ထို့ပြင် အင်္ဂလိပ်စကား ပြောတတ်ဖို့၊ ဘယ်နေရာမှာ Idiom သုံးမလဲ၊ ဘယ်နေရာမှာ Phrasal Verb သုံးမလဲဆိုသည်ကို သင်လို့ရတာ၊ ပုံသေ အလွတ်ကျက်ရတာ မဟုတ်ကြောင်း အင်္ဂလိပ်စကားပြောသူများရေးသည့် စာများကို များများဖတ်ဖို့သာ လိုအပ်ကြောင်း၊ ရေဒီယို နားထောင်၊ တီဗွီကြည့်ဆိုတာသည် သာမန် အင်္ဂလိပ်စကားပြောဖို့၊ ရေးဖို့ကိုသာ အထောက်အကူပြုနိုင်သော နည်းလမ်းများဖြစ်ကြောင်း၊ အင်္ဂလိပ်စာကို လူရိုသေ၊ ရှင်ရိုသေ အဆင့်ရှိအောင် ရေးတတ်ဖို့ဆိုလျှင် အင်္ဂလိပ်စာ များများဖတ်သည့် နည်း တစ်နည်းသာရှိသည် ဆိုသည်ကို သိစေချင်ကြောင်း တိုက်တွန်းပြောဆိုထားသည်။

ထို့ပြင် ကျောင်းနေခဲ့သည့် လူချင်း အတူတူ စာဖတ်သူနှင့် မဖတ်သူမှာ ဖတ်သူက ပိုတတ်နေပြီး မဖတ်သူက ရပ်နေရတတ်ကြောင်း၊ စာဖတ်တယ်ဆိုရာမှာ အပျင်းပြေဖတ်တာရှိသလို ကိုယ့်မှာမရှိသေးသဖြင့် ဖြည့်သည့်သဘော ဖတ်ရတာမျိုးလည်းရှိကြောင်း၊ လူရာဝင်ချင်သည်၊ လူတစ်လုံး သူတစ်လုံးဖြစ်ချင်သည်ဆိုလျှင် စာမဖတ်၍ ဖြစ်ကို မဖြစ်ကြောင်း၊ စာကောင်းပေကောင်းကို ရွေးချယ်ဖတ်တတ်ဖို့လိုကြောင်း ဆရာကြီး၏ **"သိအောင်စာဖတ်ရတယ်"** စာအုပ်ထဲတွင် ပြောကြားထားသည်။

**ကဗျာအကြောင်း၊ ရစ်သမ်အကြောင်း**

ဒွေးချိုး၊ လေးချိုး၊ လွမ်းချင်း၊ တမ်းချင်း၊ ဘောလယ် စသည်ဖြင့် အမည်အမျိုးမျိုးရှိကြသော်လည်း ကဗျာကို အကြမ်းဖျင်း ခွဲခြားလိုက်ပါက စာနှင့် စာပြောင်ဟူ၍ နှစ်မျိုးရှိကြောင်း၊ စာပြောင်ဆိုသည်မှာ လှောင်ပြောင်သည့်စာဟု ဆိုလိုခြင်းမဟုတ်ဘဲ ပြောင်မြောက်သည့်စာဟု ပြောလိုရင်းဖြစ်ကြောင်း၊ မြန်မာဂန္ထဝင်ကဗျာကို မကျွမ်းကျင်ဘဲ မြန်မာခေတ်ပေါ်ကဗျာကို ဖန်ဆင်းဖို့ဆိုသည်မှာ စိတ်မကူးအပ်သည့်အရာပင် ဖြစ်ကြောင်းနှင့် ရစ်သမ်ကို ကဗျာပေါ်ဦးကတည်းက ကဗျာဆရာများ အသုံးချလာခဲ့ကြောင်း ဆရာကြီးက သတိပြုကြရန် ပြောကြားထားသည်။ မြန်မာကဗျာနှင့် ရစ်သမ်တို့၏ သဘောတရားများကို နားလည်စေရန်၊ ရစ်သမ်၏ အရေးပါပုံကို လေ့လာနိုင်စေရန် အသေးစိတ်ရှင်းလင်းဖော်ပြထားသည့် **"ရစ်သမ်အကြောင်း"** စာအုပ်ထဲတွင် ဆရာကြီးက-

"တစ်ခုတော့ သတိထားရမယ်။ ကဗျာဆိုတာ အကောင်းဆုံး အညွန့်ဆုံး ဘာသာစကားကို ခေါ်တာဖြစ်တယ်။ သာမန် စကားပြောရာမှာတောင် စကားပြောကောင်းသူနဲ့ စကားပြောညံ့သူ ရစ်သမ် မတူဘူး။ စကားပြောကောင်းသူဟာ သူပြောနေတဲ့ အကြောင်းအရာအလိုက် လိုက်ဖက်အောင် ရစ်သမ်ကို ဖန်တီးအသုံးချသွားတတ်တယ်။ ပြောနေတာက စိတ်တက်ကြွဖွယ်ရာ၊ သုံးနေတဲ့ ရစ်သမ်က လေးလေးတွဲ့တွဲ့၊ ပျင်းရိစရာဆိုရင် အကျိုးမရှိပေဘူး။ သွက်တဲ့အခါ သွက်၊ နှေးတဲ့အခါ နှေး၊ အကြောင်းအရာအလိုက် ကဗျာဆရာဟာ သူ့ကဗျာရဲ့ ရစ်သမ်ကို ဖော်ထုတ်ပေးဖို့ လိုလိမ့်မယ်" ဟု ရေးသားထားသည်။

**ဆရာကြီး၏ အယ်ဒီတာဘဝ**

သတင်းစာတိုက် တစ်တိုက်တွင် ဆရာကြီး တာဝန်ထမ်းဆောင်နေစဉ် မိတ်ဆွေတစ်ဦးက လူငယ်လေးတစ်ယောက်ကို ခေါ်လာပြီး "သူက ကာတွန်းဆွဲတာ ဝါသနာပါတယ်၊ သူဆွဲထားတဲ့ ကာတွန်းလေးတွေ ယူလာပါတယ်၊ အဲဒါ သင့်တော်သလို ခင်ဗျားတို့ သတင်းစာမှာ သုံးပေးပါဗျာ"ဟု မိတ်ဆက်စကားဆိုခဲ့သည်။ အချိုးအစား ကျနမှု မရှိသည့် ရုပ်ပုံမျှသာရှိသော ကာတွန်းပုံများကိုကြည့်ပြီး ဆရာကြီးက အယ်ဒီတာချုပ်ကို တင်ပြပါဦးမည်ဟု ဆိုကာ လက်ခံထားလိုက်သော်လည်း အသုံးမပြုခဲ့ဟု ဆိုသည်။

အယ်ဒီတာတိုင်းသည် မိမိတို့တိုက်သို့ ရောက်လာသမျှ ရုပ်ပုံ၊ စာမူများကို မသုံးကြကြောင်း၊ သို့သော် တစ်ယောက်တလေက အားနာပါးနာ မကောင်းတတ်လို့ သုံးပေးနေကြကြောင်းနှင့် အားနာမှုသည် ဆိုးကျိုးပေးတတ်ကြောင်း၊ အရုပ်လည်း မလှ၊ ရယ်လည်း မရယ်ရသည့် ကာတွန်းများကို သုံးခြင်းသည် မဂ္ဂဇင်းစာမျက်နှာများကို ဖြုန်းတီးခြင်းဖြစ်ပြီး စာဖတ်သူကို စိတ်တိုနေစေမည်ဖြစ်ကြောင်း၊ ထို့ကြောင့် အားပေးသင့်သူကိုသာ အားပေးရမှာဖြစ်ကြောင်း၊ ပါရမီအခံရှိသူကိုသာ အားပေးရမည်ဖြစ်ကြောင်း လမ်းညွှန်ခဲ့သည်။

ပန်းချီအစွမ်းအစ ပြနိုင်သည့် လက်သင်တစ်ယောက်ကို တွေ့နေပါက အားပေးပါ။ ပန်းချီကျော်တစ်ယောက်ဖြစ်လာပါစေ။ သူမတူအောင် ပြောင်မြောက်သော ကဗျာများ စမ်းရေးနေသည့် ကလောင်သစ်ကလေးကို သတိပြုမိပါက အားပေးပါ။ ဘာမှ ကိုယ့်အစွမ်းအစမပါ၊ ဟိုက ဒီက အချက်အလက်တွေ ကူးယူပေါင်းစပ်ပြီး ဆောင်းပါးလုပ်ထားတာမျိုး၊ ဝတ္ထုလုပ်ထားတာမျိုး၊ ဘာမျှ အဆန်းတကြယ် မဟုတ်သော အခြင်းအရာတစ်ခုကို အတွေးအခေါ်ကြီး တစ်ခုနှယ် ကာရန်သီကာ ကဗျာလုပ်ထားတာမျိုး၊ အင်္ဂလိပ်စာကိုဖတ်ပြီး မှန်မှန်ကန်ကန် အဓိပ္ပာယ်မကောက်တတ်ဘဲ တလွဲ ဘာသာပြန်ထားတာမျိုးဆိုလျှင် အားနာရမည် မဟုတ်ကြောင်း စသည်ဖြင့် သတင်းစာတိုက်တွင် ဆရာကြီး တာဝန်ထမ်းဆောင်စဉ်က လုပ်ဟန်ကို နမူနာယူကြရန်၊ အယ်ဒီတာများနှင့် စာပေဝါသနာပါသူများအနေဖြင့် ဂရုပြုလိုက်နာကြရန် ပြောပြထားသည်။

စာပေဝါသနာပါသူများ အနေဖြင့် အမှန်တကယ် ကိုယ်ဖြစ်ချင်သည့်၊ ကိုယ်ဝါသနာပါသည့် အလုပ် ဟုတ်မဟုတ်ကို သေချာစစ်ဆေးကြည့်ရမည်ဖြစ်ကြောင်း၊ အမှန်တကယ် ဝါသနာပါကြောင်း ကိုယ့်ကိုယ်ကိုယ် စိတ်ချသွားသည့်အခါ ဝတ္ထုဖြစ်လျှင်လည်း ဝတ္ထုအလိုက်၊ ကဗျာဖြစ်လျှင်လည်း ကဗျာအလိုက် တတ်သိရမည့် ပညာရပ်များကို အပတ်တကုတ် ကြိုးစားဆည်းပူးရမည်ဖြစ်ကြောင်း၊ အထိုက်အလျောက် ပြည့်ဝမှသာ ဝတ္ထုရေးဖို့၊ ကဗျာရေးဖို့ ကြိုးပမ်းကြရမည်ဖြစ်ကြောင်း၊ ထိုအခါကျမှသာ အယ်ဒီတာများကလည်း အားပေးသင့်သူကို တတ်နိုင်ရာက မြေတောင်မြှောက်ပေးကြရမည်ဖြစ်ကြောင်း၊ ထိုသို့မဟုတ်ပါက အဂတိလိုက်စားခြင်းဖြစ်ပြီး အပြစ်ကြီးလှကြောင်း ရေးသားတင်ပြထားသည်။

**စာရေးချင်သူများအတွက်**

ဆရာကြီး၏ **"မောင်သာနိုးရဲ့ နိုင်ငံရေးအမြင်"** စာအုပ်ထဲတွင် "စာရေးတယ်ဆိုတာ တစ်ဖက်သားကို စာနဲ့ စကားပြောနေတာဖြစ်တယ်။ ကိုယ်ပြောတဲ့ စကားအတွက် အင်မတန် တာဝန်ကြီးပါတယ်။ မပေါ့ဆရာဘူး။ ကိုယ်တိုင်က နားလည်မှ၊ သိမှ ရေးသင့်တယ်။ ကိုယ်တိုင်ကမသိဘဲ ရေးတယ်ဆိုတာ လတ်တလော လူပြိန်းအထင်ကြီးတာ ခံရနိုင်သော်လည်း နောင်တတ်သိသူနဲ့ တွေ့သွားရင် အနည်းဆုံး အထင်သေးခံရမယ်"ဟု သတိပေး ရေးသားထားသည်။

**ဝေဖန်ရေးစာပေ ရေးဖြစ်သည့် အကြောင်းရင်း**

ဆရာသည် စာရေးဝါသနာပါသော်လည်း ဝေဖန်ရေးဆရာလုပ်မည်ဟု မရည်ရွယ်ခဲ့ဖူးကြောင်း၊ တစ်နေ့တွင် ဆရာမကြီး လူထုဒေါ်အမာက တို့တိုင်းပြည်မှာ စာပေဝေဖန်ရေးသမားဟုတ်တိပတ်တိ မရှိသေးသောကြောင့် တစ်ယောက်ယောက်က ကြိုးစားဖို့ကောင်းတယ်ဟု ပြောဆိုရာ ဆရာက ဆရာမောင်စွမ်းရည်ကို အကြံပြုပေးခဲ့ကြောင်း၊ နောက်ပိုင်းတွင် ဆရာမောင်စွမ်းရည်သည် စာပေဝေဖန်ရေးဆရာတစ်ဦးအဖြစ် အသိအမှတ်ပြုခံခဲ့ရကြောင်း၊ ဆရာမောင်သာနိုး ကိုယ်တိုင်လည်း ၁၉၇၃ ခုနှစ်တွင် ဆရာမြသန်းတင့်၏ ခါးတောင်းဝတ္ထုစာအုပ်ကို ဝေဖန်ခဲ့ကြောင်းနှင့် နောက်ပိုင်းတွင် ဘာသာစကားနှင့် ပတ်သက်သည့် ဝေဖန်ရေးများ ရေးသားခဲ့ကြောင်း သိရသည်။

ဆရာသည် မြန်မာစာ၊ အင်္ဂလိပ်စာ၊ ပါဠိတို့နှင့် ပတ်သက်၍ နိုင်သလောက် လေ့လာထားသည်ဖြစ်ရာ မဟုတ်မဟတ် ရေးသားလာလျှင် ကြည့်တတ်၊ မြင်တတ်နေပြီး အခြားသူများလို ငြိမ်မနေတတ်သည့်အတွက် ထပြောမိတတ်ကြောင်း၊ ငယ်ငယ်ကတည်းက မဟုတ်မဟတ် ပြောတာကြားလျှင် သည်းခံမနေတတ်၊ တတ်ယောင်ကား လုပ်တာမြင်လျှင် ကြည့်မနေတတ်ကြောင်း၊ အမျိုးသားဘာသာစကားအတွက် တာဝန်သိသူ၊ စေတနာရှိသူများက ဖွံ့ဖြိုးတိုးတက်ရေး နည်းလမ်းရှာကြံနေချိန်တွင် တတ်ယောင်ကားများက ဝင်နှောက်သည့်အခါ ချေပရမည်ဖြစ်သည့်အတွက် ပြန်လည်ချေပခြင်းဖြစ်ကြောင်းနှင့် တတ်ယောင်ကား ဖြီးဖြန်းနေသည်ကို အထုပ်ဖြေပြပြီး စာပေ ဒေါက်တာ ရမ်းတုတ်တွေကို မောင်းထုတ်ခြင်းသာဖြစ်ကြောင်း ဆရာ့ဆောင်းပါးများ ဖတ်ရှုရခြင်းမှ တစ်ဆင့် သိရှိရပါသည်။

**စကားပြောဟန်ရေးနည်းကို ပထမဆုံး စတင်ခဲ့သူ**

စကားပြောဟန်ဖြင့် စာအရေးအသားကို စတင်ခဲ့သူများထဲတွင် ဆရာကြီး မောင်သာနိုးလည်း အပါအဝင်ဖြစ်သည်။ ၁၉၆၅ ခုနှစ်တွင် အထက်ဗမာနိုင်ငံ စာရေးဆရာအသင်းက နှစ်စဉ်ကျင်းပမြဲဖြစ်သည့် စာဆိုတော်နေ့ စာတမ်းဖတ်ပွဲတွင် ဗမာစာပေ ရေးသားပြုစုရာ၌ ရှေးခေတ်သုံး ဂန္ထဝင်ဗမာစကားကို မသုံးဘဲ ခေတ်ပေါ်ဗမာစကားကိုသုံးပြီး ရေးသားကြဖို့ "ဗမာစာပေအရေးအသား" စာတမ်းကို တင်သွင်းခဲ့သည်။ စာရေးရာတွင် စကားပြောသလို ရေးသားရန် တစ်နည်းအားဖြင့် ခေတ်ပေါ်စကားကို သုံးရန် အကြံပြုသည့် စာတမ်းဖြစ်သည်။ ထိုစာတမ်းကို နိုင်ငံတစ်ဝန်းလုံးမှ ဝေဖန်သူအများအပြား ရှိခဲ့ကြသည်။ *(ဆက်လက်ဖော်ပြပါမည်)*

# ကချင်ပြည်နယ် တိုင်းရင်းသားရေးရာဝန်ကြီးဌာနနှင့် တိုင်းရင်းသားစာပေ/ယဉ်ကျေးမှုအဖွဲ့များ၏ စုပေါင်းခရစ္စမတ်ပွဲတော် ဝတ်ပြုဆုတောင်းပွဲပြုလုပ်

**နေပြည်တော် ဒီဇင်ဘာ ၁၈**

ကချင်ပြည်နယ် တိုင်းရင်းသားရေးရာဝန်ကြီးဌာနက ကြီးမှူး၍ ပြည်နယ်အတွင်းရှိ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များ၏ စုပေါင်းခရစ္စမတ်ပွဲတော် ဝတ်ပြုဆုတောင်းပွဲကို ယမန်နေ့က မြစ်ကြီးနားမြို့ စီတာပူရပ်ကွက် မနော‌ကွင်းအတွင်းရှိ မနော အိမ်တော်၌ ပြုလုပ်ရာ ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် မြတ်သက်ဦးနှင့် အဖွဲ့ဝင်များ၊ ဒေသခံတိုင်းရင်းသားများ တက်ရောက်ကြသည်။

ဦးစွာ ဝန်ကြီးချုပ်က ခရစ္စမတ်ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။ ထို့နောက် ခရစ္စမတ်ပွဲတော် အထိမ်းအမှတ် ဝတ်ပြုဆုတောင်းခြင်းအစီအစဉ်ကို ဆက်လက်ကျင်းပခဲ့ရာ သိက္ခာတော်ရ ဆရာတော်များက ခရစ္စမတ်ဒေသနာတော်ဟောကြားခြင်း၊ ခရစ္စမတ်သီချင်း၊ ဓမ္မတေးသီချင်းများသီဆိုခြင်း၊ ကောင်းချီးဆက်ကပ် တောင်းခံပေးခြင်းများ ဆောင်ရွက်ကြကာ ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က အလှူငွေများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ (အပေါ်ပုံ)

**သတင်းစဉ်**





# ဘားအံမြို့၌ ဒီဇင်ဘာအားကစားလှုပ်ရှားမှုအဖြစ် ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်းများဆောင်ရွက်

**ဘားအံ ဒီဇင်ဘာ ၁၈**

ကရင်ပြည်နယ် ဘားအံမြို့တွင် ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်ရေး စည်းကမ်းချက်များနှင့်အညီ ဒီဇင်ဘာအားကစားလှုပ်ရှားမှု လမ်းလျှောက်ခြင်းနှင့် ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်းများ ဆောင်ရွက်ခြင်းကို ဒီဇင်ဘာ ၁၈ ရက် နံနက် ၆ နာရီက အမှတ်(၄)ရပ်ကွက်ရှိ သီရိကွင်း၌ ပြုလုပ်သည်။

အဆိုပါ လမ်းလျှောက်ခြင်းနှင့် ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်းများ ဆောင်ရွက်ခြင်းသို့ ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် ဦးသိန်းကိုကို၊ ပြည်နယ်ဝန်ကြီးများနှင့် ဌာနဆိုင်ရာများ ပါဝင်ဆင်နွှဲခဲ့ကြပြီး Physical Distancing အနေအထားဖြင့် သီရိလမ်း၊ နန်းလုံးကြိုင်လမ်း ဘားမဲတောင်သဘာဝဥယျာဉ်၊ ဘားအံ-ထုံးအိုင်လမ်း၊ အင်ကုန်းလမ်း သီရိလမ်းမှ တစ်ဆင့် သီရိကွင်းအတွင်းသို့ စုပေါင်းလမ်းလျှောက်ခဲ့ကြကာ အဆိုပါကွင်းရှိ ဒုံးစင်မြင့်ရှေ့၌ အားကစားလှုပ်ရှားခြင်းကို ပါဝင်ဆင်နွှဲကြသူများက တစ်ဦးနှင့်တစ်ဦး ရှေ့၊ နောက်၊ ဘယ်၊ ညာ ခြောက်ပေအကွာ အနေအထားဖြင့် အကြောလျှော့လေ့ကျင့်ခန်းများ ဆောင်ရွက်၍စုပေါင်းကိုယ်လက်ကြံ့ခိုင်ရေး လေ့ကျင့်ခန်းအစီအစဉ် အတွဲအမှတ်(၁)နှင့် အမှတ်(၂) တို့ကို ဆောင်ရွက်ကြသည်။

ဆက်လက်၍ ၂၀၂၁ ခုနှစ် ပြည်နယ်အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌဖလား ရိုးရာလှေလှော်ပြိုင်ပွဲဖွင့်ပွဲကို နံနက် ၈ နာရီခန့်က ဘားအံမြို့ ဖွဲကပင်ခန်းမရှေ့ ကန်သာယာ၌ကျင်းပရာ ပြည်နယ်အားကစားနှင့်ကာယပညာကော်မတီဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ပြိုင်ပွဲဝင်အသင်းများအား တစ်သင်းလျှင် ငွေကျပ် သုံးသိန်းနှုန်းဖြင့် ပြိုင်ပွဲဝင်အသင်း ကိုးသင်းအတွက် စုစုပေါင်း ငွေကျပ် ၂၇ သိန်းကို ထောက်ပံ့ချီးမြှင့်ခဲ့ပြီး ပြည်နယ်ဝန်ကြီးချုပ် နှင့်တာဝန်ရှိသူများသည် ပြိုင်ပွဲဝင် အားကစားသမားများအား ရင်းရင်းနှီးနှီး လိုက်လံတွေ့ဆုံနှုတ်ဆက်သည်။

အဆိုပါ ရိုးရာလှေလှော်ပြိုင်ပွဲကို ဘားအံမြို့နယ်အတွင်းရှိ တိုက်နယ်အသီးသီးမှ ရိုးရာလှေလှော်အသင်း ကိုးသင်း၊ အားကစားသမား ၁၅၀ ဝင်ရောက်ယှဉ်ပြိုင်ကစားခဲ့ကြပြီး အမျိုးသား အမျိုးသမီး ငါးတက်လှော်ပြိုင်ပွဲ၊ သုံးတက်လှော်ပြိုင်ပွဲနှင့် တစ်ဦးချင်းပြိုင်ပွဲဟူ၍ ပြိုင်ပွဲအလိုက် ယှဉ်ပြိုင်နေမှုများအား ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့၊ အားကစားဝါသနာရှင်များက ကြည့်ရှုအားပေးကြပြီး ဒီဇင်ဘာ ၁၉ ရက် နံနက်ပိုင်းတွင် ဗိုလ်လုပွဲစဉ်နှင့် ဆုချီးမြှင့်ပွဲ တို့ကို ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# ကျုံမငေးမြို့၌ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ပေးအပ်ပွဲကျင်းပ

**ဝါးခယ်မ ဒီဇင်ဘာ ၁၈**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ် ကျုံမငေးမြို့ စက်ရုံကျောင်းလမ်းရှိ ရွှေထီးဓမ္မာရုံတွင် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေး ကတ်ပြား ပေးအပ်ပွဲကို ယနေ့မွန်းလွဲ ၁ နာရီက ကျင်းပရာ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့်အဖွဲ့ တက်ရောက်သည်။

အခမ်းအနားသို့ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အတူ တိုင်း/ခရိုင်အဆင့် တာဝန်ရှိသူများ၊ မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ တက်ရောက်ကြပြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်စိုးနှင့်အဖွဲ့က ကွင်းဆင်းဆောင်ရွက်ထားသော မြစိမ်းရပ်ကွက်အပါ ရပ်ကွက်လေးခုနှင့် မရမ်းချောင်းကျေးရွာအုပ်စုအပါ ကျေးရွာအုပ်စုရှစ်ခုတို့မှ အိမ်ထောင်စု လူဦးရေစာရင်းအစောင် ၁၀၀ နှင့် နိုင်ငံသားစိစစ်ရေးကတ် ၈၈၅ ခုအား ပေးအပ်ခဲ့ရာ မြစိမ်းရပ်ကွက် အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက လက်ခံရယူသည်။ မြို့နယ်အတွင်း ရပ်ကွက်နှင့်ကျေးရွာအုပ်စု ၁၄၅ ခုရှိသည့်အနက် ပန်းခင်းစီမံချက်ဖြင့် ၁၂၆ ခုသို့ ကွင်းဆင်းဆောင်ရွက်ခဲ့ရာ အိမ်ထောင်စု လူဦးရေစာရင်း ၁၄၁၈ စောင်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ၇၅၅၅ခု ပြုလုပ်ပေးပြီးဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကျုံမငေးတိုက်နယ်ဆေးရုံသို့ရောက်ရှိပြီး ဆေးရုံတက်လူနာများနှင့်တွေ့ဆုံ၍ အားပေးစကားပြောကြားခြင်း၊ အခြေခံပညာ အထက်တန်းကျောင်းသို့ ရောက်ရှိပြီး ကျောင်းသားကျောင်းသူများ ပညာသင်ကြားနေမှုကို ကြည့်ရှုအားပေးကာ ရွှေကျုံရတနာအားကစားခန်းမ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးနေမှုကို ကြည့်ရှုအားပေးသည်။

ယင်းနောက် ကျုံမငေး-ဝါးခယ်မ မော်တော်ယာဉ်လမ်းရှိ အဝေးပြေး ယာဉ်ရပ်နားစခန်း (ကျုံမငေး)ဆောက်လုပ်ရန် လျာထားသည့်မြေနေရာကို ကြည့်ရှုပြီး၊ အူကျွန်းကျေးရွာအုပ်စု/ကျေးရွာ တောင်သူ ဦးဘမြင့် လုပ်ကိုင်ခွင့်ရရှိသော အူကျွန်းကွင်းအမှတ်(၁၀၁၅)၊ ဦးပိုင်အမှတ်(၅၂/၁)၊ လယ်မြေခြောက်ဧကနွေစပါးစိုက်ခင်းအတွင်း MPE ဓာတ်မြေသြဇာ ကြဲပက်နေမှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ **စောသန္တာဦး(ပြန်/ဆက်)**




# ဒေါ့ဖုန်းယန်မြို့၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး အသိပညာပေးဆောင်ရွက်

**ဒေါ့ဖုန်းယန် ဒီဇင်ဘာ ၁၈**

ကချင်ပြည်နယ် ဗန်းမော်ခရိုင် ဒေါ့ဖုန်းယန်မြို့၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး နှာခေါင်းစည်းတပ်ဆင်ရေးအသိပညာပေးဆောင်ရွက်ခြင်းကို ဒီဇင်ဘာ ၁၈ ရက် နံနက် ၇ နာရီ မိနစ် ၃၀ က လူစည်ကားရာနေရာဖြစ်သော အမှတ်(၂)ရပ်ကွက်ရှိ မြို့စည်ပင်သာယာရေး ဈေးအရှေ့၌ ဆောင်ရွက်သည်။

အသိပညာပေးဆောင်ရွက်ရာတွင် မြို့အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်ဦးနှင့် ဌာနဆိုင်ရာများက ဈေးရောင်း၊ ဈေးဝယ်ပြည်သူများအနေဖြင့် ကိုဗစ်-၁၉ ဗီဇပြောင်းမျိုးကွဲ အိုမီခရွန် ကြိုတင်ကာကွယ်နိုင်ရေးအတွက် နေအိမ်ပြင်ပသို့သွားလာရာတွင် ပါးစပ်နှင့် နှာခေါင်းစည်းကို မဖြစ်မနေ စနစ်တကျတပ်ဆင်ရန်၊ လက်ကိုမကြာခဏဆေးကြောရန်၊ တစ်ဦးနှင့်တစ်ဦးခပ်ခွာခွာနေထိုင်ရန်စသည့် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး အသိပညာပေးနှိုးဆော်ပြီး နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေပေးသည်။

**သန်းနိုင်စိုး(ပြန်/ဆက်)**

## ထူးခြားသည့် ညအပူချိန်

**နေပြည်တော် ဒီဇင်ဘာ ၁၈**

ထူးခြားသည့် ညအပူချိန်များမှာ ဟားခါးမြို့တွင် (-၃) ဒီဂရီစင်တီဂရိတ်၊ ဟဲဟိုးမြို့တွင် ၃ ဒီဂရီစင်တီဂရိတ်၊ ကျောက်မဲမြို့နှင့် နမ့်စန်မြို့တို့တွင် ၄ ဒီဂရီစင်တီဂရိတ်စီ၊ လွိုင်လင်မြို့တွင် ၅ ဒီဂရီစင်တီဂရိတ်နှင့် လားရှိုးမြို့၊ တီးတိန်မြို့၊ မတူပီမြို့၊ မင်းကင်းမြို့၊ ပြင်ဦးလွင်မြို့နှင့် မိုးကုတ်မြို့တို့တွင် ၆ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။

**မိုး/ဇလ**

# ဗဟန်းမြို့နယ် ငါးထပ်ကြီးမြောက်ရပ်ကွက် လိပ်ပြာကန်ကျောင်းတိုက် ဟံသာဝတီကျောင်းရှိ လမ်းအလှူရေစက်ချမင်္ဂလာ ကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၁၈**

ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ငါးထပ်ကြီး မြောက်ရပ်ကွက် လိပ်ပြာကန်ကျောင်းတိုက် ဟံသာဝတီကျောင်း ပဓာနနာယကဆရာတော် ဘဒ္ဒန္တ ဥ ယျမထေရ်၊ သက်တော် (၁၀၁) နှစ်၊ သိက္ခာတော်(၈၁)ဝါ၏ ဘဝနတ်ထံ စံလွန်တော်မူခြင်း တစ်လပြည့်အလှူတော်နှင့် ဆရာတော်အား ရည်မှန်း၍ ပေ ၃၀၀ ကျော်အရှည်ရှိလမ်းအလှူရေစက်ချ မင်္ဂလာအခမ်းအနားကို ဒီဇင်ဘာ ၁၈ ရက်က အဆိုပါကျောင်းတိုက်၌ ကျင်းပသည်။

ရွှေဦးစွာ ကြာနီကန်ကျောင်း ဆရာတော် အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ရေဝတမှ ပရိသတ်များအား ငါးပါးသီလ ချီးမြှင့်ပြီး ပရိသတ်များက သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်ကြသည်။ ဆက်လက်၍ နန္ဒာအောင်မြေကျောင်းဆရာတော် ဘဒ္ဒန္တ နိမိလက ပေ ၃၀၀ ကျော်အရှည်ရှိလမ်းခင်းရခြင်းအကြောင်း လျှောက်ထားပြီး ကြာနီကန်ကျောင်း ဆရာတော်က ရေစက်ချ အနုမောဒနာတရား ဟောကြားသည်။ (ဓါတ်ပုံ)



ဆရာတော်အား ရည်မှန်း၍ အဆိုပါလမ်းကို ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ငါးထပ်ကြီး မြောက်ရပ်ကွက် လိပ်ပြာကန်ကျောင်းတိုက် နန္ဒာအောင်မြေကျောင်း ပဓာနနာယကဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တနိမလ(Ph.D) နှင့် အလှူရှင်များစုပေါင်း၍ လမ်းခင်းပေးခဲ့ကြောင်း သိရသည်။

**အာကာစိုး**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၈ - ၁၂ - ၂၀၂၁

**ရွှေ**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား ကျပ် | ၁၈၀၂၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား ကျပ် | ၁၆၉၆၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား ကျပ် | ၁၈၀၀၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား ကျပ် | ၁၆၉၄၁၀၀ |

(အောင်သမာဓိမှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၁၂၆၅/၁၂၉၀ ကျပ် | ၁၂၉၀/၁၃၁၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၁၂၇၅/၁၃၀၀ ကျပ် | ၁၃၀၅/၁၃၄၅ ကျပ် |
| အောက်တိန်း ၉၂ | ၁၂၉၀/၁၃၁၅ ကျပ် | ၁၃၄၀/၁၃၆၅ ကျပ် |
| အောက်တိန်း ၉၅ | ၁၃၄၀/၁၃၆၅ ကျပ် | ၁၄၄၅/၁၄၇၀ ကျပ် |

(မြန်မာနိုင်ငံ စက်သုံးဆီအသင်း)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၇၇၈ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၂၀၁၄ . ၃ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၃၀၂ . ၅ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၅၃ . ၃၂၁ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၅၆၅ . ၆ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၄၂၁ . ၅၈ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၇၈ . ၉၆ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၃ . ၃၇၀ |

**ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၁၀၀ | ၈၃၀၀ | ၇၃ | ၅၉၂၉၀၀ |
| MTSH | ၃၀၅၀ | ၃၁၀၀ | ၆၀၇ | ၁၈၅၂၃၅၀ |
| MCB | ၇၇၀၀ | ၈၀၀၀ | ၅၁ | ၃၉၉၀၀၀ |
| FPB | ၁၉၅၀၀ | ၁၉၅၀၀ | ၃၂၈ | ၆၃၃၂၅၀၀ |
| TMH | ၂၆၀၀ | ၂၇၀၀ | ၃ | ၇၉၀၀ |
| EFR | ၂၉၀၀ | ၂၉၀၀ | ၂၅ | ၇၂၅၀၀ |
| AHP | ၀ | ၀ | ၀ | ၀ |

ညီညီ - စုစည်းသည်


**မြန်မာ့အလင်း**

| | |
|---|---|
| စာတည်းမှူးချုပ် | - အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - မြင့်စိုး |
| သတင်းထောက်မှူး | - ခင်ရတနာ |
| စာတည်းများ | - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး |
| ဘာသာပြန်စာတည်း | - ခြူးစန္ဒီနွေး၊ တင်လင်းအောင် |
| အကြီးတန်းသတင်းထောက်များ | - ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော် |
| အငယ်တန်းသတင်းထောက်များ | - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မီမီဖြိုး |
| ဓာတ်ပုံသတင်းထောက် | - တင်စိုး |
| သုတေသန | - အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - (၀၀၈၇၇) |

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။



MYANMAR Digital News Presented by NPE www.mdn.gov.mm


## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၉-၁၂-၂၀၂၁ တနင်္ဂနွေနေ့

**MRTV HD**

**၀၆:၀၀** မေတ္တသုတ်၊ ရတနသုတ်၊ မောရှ်သုတ် အန္တရာယ်ကင်းပရိတ်တရားတော်
**၀၇:၀၀** နံနက်ခင်းသတင်း
**၀၈:၄၅** တရုတ်ကာတွန်း 'မိုးကောင်ကြီးဥယျာဉ်စွန့်စားခန်း' (အပိုင်း-၄၅)
**၀၉:၁၀** 'တူယှဉ်နွဲ့ပျော်ဂီတပွဲတော်' သီချင်းဆိုပြိုင်ပွဲ(ပွဲစဉ်-၄)
**၁၂:၃၀** This Week's Special Interest
**၁၃:၁၀** MRTV National News
**၁၃:၄၅** မြန်မာဂန္တဝင်ရုပ်ရှင် 'ငါ့ညီ ငါ့မြေ ငါ့အဝေ' (ညွှန့်ဝင်း၊ ဝင်းဗိုလ်၊ ကြည်ကြည်ဌေး)
**၁၆:၃၀** ၂၀၁၃ ဆီးဂိမ်းအမှတ်တရအစီအစဉ် (စတီရီယိုတေးများ ပျော်မြေမှ)
**၁၇:၃၀** ထူးခြားစုံလင်အာရှပစိဖိတ်အစီအစဉ်
**၁၇:၄၀** ရာဇဝင်ထဲက သမိုင်းအနုပညာ
**၁၈:၀၀** ပြည်တွင်းသတင်း
**၁၈:၄၅** သုတဝေဖြာသီရိဂေဟာ
**၁၉:၂၀** နိုင်ငံခြားဇာတ်လမ်းတွဲ 'အမှန်တရားရဲ့ရှုထို့ရှက်ချက်' (အပိုင်း-၄၇)
**၂၀:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
**၂၁:၀၀** 'ဗိုလ်ကလေးတင့်အောင်၏ ဘဝစာမျက်နှာများ'
**၂၂:၀၀** ရုပ်မြင်သံကြားဇာတ်လမ်း 'ကံဆိုတာအလုပ်'

သောကြာနေ့ ညတိုင်းတွင် တေးဂီတဖျော်ဖြေပွဲ တိုက်ရိုက် (LIVE) ထုတ်လွှင့်ပေးလျက်ရှိပါသည်

MRTV online www.mrtv.gov.mm
t.me/mrtvnews
twitter.com/mrtvwebportal

**mitv**

**07:01** News
**07:26** Global Partnership for Brighter Future: Venezuela Pavilion at Expo 2020 Dubai
**07:33** Chanmyay Yeiktha Meditation Centre- Chaw Dwin Gone
**07:49** Thin Byu Mat
**08:01** Myanmar Puppeteers (Tha Nge Taw Dance)
**08:11** Capable Though Disabled
**08:22** Today Myanmar
**08:30** Lucrative Myanma Rattan Industry
**08:49** Sagaing: Guitars
**09:02** Myanmar Social & Charitable Association (Ep-1) Mingalar Byuhar
**09:27** Shwe Maw Daw: The Glory Of Bago City
**09:53** Trishaw Man

**MRTV NRC**

**ကောကရင် (၀၆:၀၀ မှ ၀၇:၀၀)**
Kambawza Thardi Golden Palace

**အနောက်ပိုးကရင် (၀၇:၀၀ မှ ၀၈:၀၀)**
ပန်းတနော်ယဉ်ကျေးမှုဒုံးအက

**အရှေ့ပိုးကရင် (၀၈:၀၀ မှ ၀၉:၀၀)**
တောင်ပေါ်မြေမှ ကယန်းတိုင်းရင်းသားတို့ရဲ့ တံခွန်တိုင်ပွဲတော်

**ချင်း (လိုင်ဇိုး) (၀၉:၀၀ မှ ၁၀:၀၀)**
သိကောင်းစရာငှက်ဖျားရောဂါအကြောင်း

**ချင်း (ဇိုမီး) (၁၀:၀၀ မှ ၁၁:၀၀)**
ဒေသတစ်လွှားစိတ်ဝင်စားဖွယ်ရာများ (အပိုင်း-၁၅)

**မွန် (၁၁:၀၀ မှ ၁၃:၀၀)**
ဆေးဖက်ဝင်ပေဒါပင်

**ရခိုင် (၁၃:၀၀ မှ ၁၅:၀၀)**
မာရ်ငါးပါးဘုရားဖူးကြမယ်

**ရှမ်း (၁၅:၀၀ မှ ၁၇:၀၀)**
ရှမ်းမုန့်တီချက်နည်း

**ဝ (၁၇:၀၀ မှ ၁၉:၀၀)**
နေကြာစိုက်ပျိုးခြင်း(အပိုင်း-၂)

**ကချင် (၁၉:၀၀ မှ ၂၁:၀၀)**
ဟင်းသီးဟင်းရွက်စိုက်ခင်းဆီ

**ကယား (၂၁:၀၀ မှ ၂၃:၀၀)**
ကယားရိုးရာခေါင်ရည်

**MRTV PARLIAMENT**

**၀၉:၀၀** အဖွင့်၊ အလံ
**၀၉:၁၀** ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'အလည်လွန် အလွယ်လုပ် အလွဲဖြစ်'
**၁၀:၀၀** ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ကြေညာချက်သတင်းများ
**၁၀:၃၀** ဥပဒေဆိုင်ရာ သိမှတ်ဖွယ်ရာဆွေးနွေးခန်း(အပိုင်း-၂)
**၁၁:၀၀** နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း(ကိုရီးယားနိုင်ငံ) (အပိုင်း-၂)
**၁၁:၃၀** အတွေးအမြင် (အပိုင်း-၂)

**MRTV SPORTS**

**၀၆:၀၀** အဖွင့်
**၀၆:၃၀** အခြေခံအားကစားနည်းစနစ်များ
**၀၇:၀၀** Sports News
**၀၇:၃၀** Soccer View/ Weekly Sports Info
**၀၇:၄၅** အားကစားလောကထဲက သူတို့အကြောင်း
**၀၈:၀၀** ပြန်လည်ခံစားမြန်မာနေ့ရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
**၂၀:၀၀** ပြည်တွင်းသတင်း

MRTV Farmers' Channel ကို နေ့စဉ်နံနက်(၆:၀၀)နာရီမှ ည(၁၀:၀၀)နာရီထိ၊ Education Channel ကို စနေ၊ တနင်္ဂနွေမှအပ နံနက်(၁၀:၀၀)နာရီမှ ည(၁၀:၀၀)နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

## ဗုဒ္ဓ အဆုံးအမဖြင့် အောင်မြင်ခြင်း

# ခန္တီ

### အရာရာသည်းခံခြင်းသည် မင်္ဂလာမည်၏။

**အရာရာသည်းခံခြင်းသည် မင်္ဂလာမည်၏ဟု ဗုဒ္ဓဘုရားရှင်က ဟောပါသည်။ လူအများစုသည် သည်းခံလျှင် အရှုံးပေးရာ ရောက်သည်၊ ကြောက်တယ်ဟု ထင်မည်၊ ကိုယ်ကသည်းခံလျှင် တစ်ဖက်က ပိုစော်ကားမည်ဆိုသည့် အတွေးများရှိကြပါသည်။ မှားယွင်းသော အတွေးအခေါ် အယူအဆများ ဖြစ်ပါသည်။ သည်းခံခြင်းသည် ကြောက်ခြင်း၊ အရှုံးပေးခြင်း မဟုတ်ပါ။ အလွန်သတ္တိရှိသူများသာ သည်းခံခွင့်လွှတ်နိုင်ပါသည်။ သတ္တိဟုပြောလျှင် သတ္တိနှစ်မျိုးရှိပါသည်။ အနာခံနိုင်သည့်သတ္တိက လူသိများသည့် သတ္တိဖြစ်ပါသည်။ သည်းခံနိုင်သည့်သတ္တိသည် နှလုံးသားသတ္တိဖြစ်ပါသည်။ အနာခံနိုင်သည့် သတ္တိထက် သည်းခံနိုင်သည့်သတ္တိ ပိုင်ဆိုင်ရန် ပိုခက်ပါသည်။ လောဘ၊ ဒေါသ၊ မာနနှင့် မစ္ဆရိယစိတ်များကို ထိန်းချုပ်နိုင်မှ သည်းခံနိုင်သည့်သတ္တိကို မွေးမြူနိုင်ပါမည်။**

လောဘတက်နေသူသည် သည်းခံဖို့ခက်ပါသည်။ မိမိရစရာရှိတာ မရသည့်အခါ၊ စီးပွားဆုံးရှုံးသည့်အခါ လောဘကြောင့် ဒေါသဖြစ်လာပြီး တစ်ဖက်သားကို ရန်ရှာတတ်ပါသည်။ တစ်ဖက်သားကလည်း သည်းခံစိတ်မမွေးဘဲ ပြန်လည်ရန်ရှာသည့်အခါ လက်စားချေမှုများကြောင့် ရေရှည်တွင် နှစ်ဖက်စလုံး ဆုံးရှုံးနစ်နာရပါသည်။ “ချစ်စကို ရှည်စေ၊ မုန်းစကို တိုစေ” ဆိုသည့်အဆိုအတိုင်း သည်းခံစိတ် မွေးမြူနိုင်မှသာ ချစ်စရှည်ပါမည်။

သည်းခံစိတ် မမွေးနိုင်၍ မိသားစုနှစ်ခုကြား ရန်စရှည်ကာ အသက်များ ဆုံးရှုံးရသည့်အကြောင်းကို အင်္ဂလိပ်စာရေးဆရာကြီး ဝီလျံရှိတ်စပီးယားက ရိုမီယိုနှင့် ဂျူးလီယက်ဝတ္ထုအဖြစ် ၁၅၉၇ ခုနှစ်တွင် ရေးခဲ့ပါသည်။ ရိုမီယိုနှင့် ဂျူးလီယက်ဝတ္ထုကို အီတလီနိုင်ငံ ဗီရိုနာမြို့တွင် အခြေခံထားပါသည်။

**ရိုမီယိုနှင့် ဂျူးလီယက်ဝတ္ထုအကျဉ်းမှာ–**

ဗီရိုနာမြို့တွင် နေထိုင်သူ မွန်တေဂူ မိသားစုနှင့် ကပူလက် မိသားစုသည် တစ်ဦးအပေါ်တစ်ဦး ကြည့်မရအောင် မုန်းတီးကြပြီး ရန်ငြိုးကြီးသည့် မိသားစုများ ဖြစ်ပါသည်။ မွန်တေဂူနှင့် ကပူလက် မိသားစု၏ ကျွန်များကအစ တွေ့သည့်နေရာတွင် တစ်ဖက်နှင့်တစ်ဖက် ရန်ငြိုးထားကာ တိုက်ခိုက်သဖြင့် ဗီရိုနာမင်းသား အက်စ်ကူလပ်စ်က ရန်ဖြစ်တာတွေ့လျှင် သေဒဏ်ပေးမည်ဟုပင် အမိန့်ထုတ်ထားရပါသည်။

သူဌေး ကောင့်ပဲရစ်စ်က ကပူလက်ထံမှ ကပူလက်၏ သမီးဖြစ်သူ ဂျူးလီယက်နှင့် လက်ဆက်ပေးရန် တောင်းပါသည်။ ကပူလက်က သမီး၏အသက်သည် ၁၄ နှစ်သာ ရှိသေး၍ နှစ်နှစ်ခန့် စောင့်ရန် တောင်းပန်ပြောဆိုပြီး ကပူလက်မိသားစု ကျင်းပမည့်ကပွဲတွင် ဂျူးလီယက်နှင့် တွဲကရန် ခွင့်ပြုပေးပါသည်။ ထိုအချိန်တွင် မွန်တေဂူမိသားစုမှ ရိုမီယိုသည် ကပူလက်၏ တူမဖြစ်သူ ရိုစလင်းကို တစ်ဖက်သတ် ချစ်နေပါသည်။ ရိုစလင်းက အရေးမပေး၍ ရိုမီယို စိတ်ဓာတ်ကျ အသည်းကွဲနေပါသည်။ သူငယ်ချင်းဖြစ်သူ ဘင်ဗိုလီယိုနှင့် မာကူတီယိုတို့က ကပူလက်မိသားစုကပွဲကို ခိုးဝင်သင့်ကြောင်း ရိုမီယိုကို တိုက်တွန်းပါသည်။ ရိုစလင်းသာမက ရိုစလင်းထက် ချောသူများကိုလည်း တွေ့နိုင်ကြောင်း ပြောသဖြင့် ကပွဲကို ခိုးသွားရန် ရိုမီယိုက ဆုံးဖြတ်လိုက်ပါသည်။ မာကူတီယိုသည် ဗီရိုနာမင်းသား အက်စ်ကူလပ်စ်နှင့် သူဌေး ကောင့်ပဲရစ်စ်တို့နှင့် သွေးသားတော်စပ်ပါသည်။ ကပွဲတွင် ရိုမီယိုက ဂျူးလီယက်ကို တွေ့မြင်ရာမှ ချစ်ကြိုက်သွားပါသည်။ ကပွဲသို့ ရိုမီယို ခိုးဝင်သည်ကို ဂျူးလီယက်၏ အစ်ကိုဝမ်းကွဲဖြစ်သူ တစ်ဘော့ သိသွားပြီး ရိုမီယို ကို သတ်မည်လုပ်ပါသည်။ အိမ်ထဲတွင် သွေးစွန်းတာကို မမြင်လို၍ ကပူလက်က တားလိုက်သဖြင့် ရိုမီယို အသက်ချမ်းသာရာ ရသွားပါသည်။ ရိုမီယိုနှင့် ဂျူးလီယက်တို့သည် တစ်ဦးနှင့်တစ်ဦး အလွန်အမင်း ချစ်သွားကြရာမှ မိသားစု ရန်စကြောင့် ကွဲမှာကို စိုးရိမ်၍ ဘုန်းကြီး လောရင့်စ်ကို လက်ထပ်ပေးရန် တောင်းဆိုပါသည်။ ဘုန်းကြီးက ကလေးနှစ်ယောက်မှ တစ်ဆင့် မိသားစုနှစ်စု ပြန်လည်သင့်မြတ်နိုင်သည်ကို တွေးမိပြီး လက်ထပ်ပေးလိုက်ပါသည်။

ဈေးထဲတွင် ရိုမီယိုနှင့် တစ်ဘော့တို့တွေ့ရာ ကပွဲသို့ ရိုမီယို ခိုးဝင်သည့်ကိစ္စနှင့် ပတ်သက်ပြီး “တစ်ဘော့” က ရိုမီယိုကို ဓားချင်းယှဉ်ခုတ်ရန် စိန်ခေါ်ပါသည်။ တစ်ဘော့သည် ယောက်ဖတော်နေပြီဖြစ်၍ ရိုမီယိုက ဓားချင်းယှဉ်ခုတ်ရန် ငြင်းဆန်ပါသည်။ ရိုမီယိုက ငြင်းဆန်သည့်အခါ တစ်ဘော့က မခံနိုင်အောင် ပြောဆို ရန်စပါသည်။ ရိုမီယိုနှင့် အတူပါလာသည့် ရိုမီယို၏ သူငယ်ချင်း မာကူတီယိုက မခံနိုင်၍ ရိုမီယိုအစား ဓားချင်းယှဉ်ခုတ်ပါသည်။ ရိုမီယိုက ဝင်တားရာမှ ရိုမီယိုလက်ထဲတွင် တစ်ဘော့ ဓားချက်ကြောင့် မာကူတီယိုသေသွားပါသည်။ ရိုမီယိုက ဒေါသဖြင့် တစ်ဘော့နှင့် ဓားချင်းခုတ်ရာ ရိုမီယို ဓားချက်ဖြင့် တစ်ဘော့သေရပါသည်။ မိသားစုနှစ်စုကြားရှိ အမုန်းတရားများကြောင့် မိမိ၏ ဆွေမျိုးတော်စပ်သူ မာကူတီယို သေရသည်ကို ဗီရိုနာမင်းသား အက်စ်ကူလပ်စ် သိရှိပြီး ရိုမီယိုကို မြို့မှ နှင်ထုတ်လိုက်ပါသည်။ ပြန်လာလျှင် သေဒဏ်ပေးမည်ဟုလည်း အမိန့်ထုတ်ပါသည်။

ရိုမီယိုထွက်သွားပြီးနောက် ဂျူးလီယက်၏ မိဘများက ဂျူးလီယက်ကို သူဌေး ကောင့်ပဲရစ်စ်နှင့် လက်ထပ်ပေးရန် စီစဉ်ပါသည်။ ဂျူးလီယက်က ဘုန်းကြီး လောရင့်စ်ကို အကူအညီတောင်းရာ ဘုန်းကြီးက ၄၂ နာရီ သေသွားနိုင်သည့်ဆေးကို ပေးလိုက်ပါသည်။ ရိုမီယိုကို အကြောင်းကြားပေးမည် ဖြစ်ကြောင်းလည်း ပြောလိုက်ပါသည်။ လက်ထပ်ပွဲမတိုင်မီညတွင် ဂျူးလီယက်က ဆေးသောက်လိုက်ပါသည်။ ဂျူးလီယက် ရုတ်တရက်သေသွားပြီထင်၍ ဂျူးလီယက်ကို ကပူလက်မိသားစု မြုပ်နှံသည့်ဂူသို့ ပို့လိုက်ပါသည်။ ဘုန်းကြီး လောရင့်စ် အကြောင်းကြားသည့် သတင်းက ရိုမီယိုထံမရောက်ဘဲ ရိုမီယို၏ တပည့်ထံမှ ဂျူးလီယက် အဆိပ်သောက်၍ သေသွားသည့်သတင်းများကိုသာ ရိုမီယိုရရှိခဲ့ပါသည်။ ရိုမီယိုက ဂျူးလီယက် ရှိသည့် ဂူသို့သွားရာ ဂူတွင် သူဌေး ကောင့်ပဲရစ်စ်နှင့် တွေ့ရာမှ အချင်းများကြပြီး ဓားချင်းယှဉ်ခုတ်ရာမှ ရိုမီယို ဓားချက်ဖြင့် သူဌေးကောင့်ပဲရစ်စ် သေသွားပါသည်။ ဂျူးလီယက် သေသွားသည်ကို မျက်ဝါးထင်ထင်မြင်တွေ့ရသည့် ရိုမီယိုက အဆိပ်သောက် သေလိုက်ပါသည်။ ဂျူးလီယက် နိုးလာသည့်အခါ အဆိပ်သောက်၍ သေဆုံးနေသည့် ရိုမီယိုကိုတွေ့ပြီး မိမိကိုယ်မိမိ ဓားဖြင့်ထိုး၍ အဆုံးစီရင်လိုက်ပါသည်။

မိသားစုနှစ်ခုကြားရှိ အမုန်းတရားများ၊ ရန်ငြိုးများကြောင့် ရိုမီယိုနှင့် ဂျူးလီယက် ချစ်သူနှစ်ဦးအပြင် မာကူတီယို၊ တစ်ဘော့နှင့် သူဌေးကောင့်ပဲရစ်စ်တို့ပါ အသက်ဆုံးရှုံးခဲ့ရသည်ကို စာရေးဆရာကြီး ရှိတ်စပီးယားက လွန်ခဲ့သည့် နှစ်ပေါင်း ၄၀၀ ကျော်ကတည်းက ရေးဖွဲ့ခဲ့ပါသည်။ ဝမ်းနည်းစရာကောင်းသည်က သည်းခံခွင့်လွှတ်နိုင်မှုမရှိဘဲ အမုန်းတရားများကြောင့် လူ့အသက်များစွာ စတေးနေရသည့် အဖြစ်အပျက်များကို ယနေ့တိုင် နေ့စဉ်မြင်တွေ့နေရခြင်း ဖြစ်ပါသည်။

**ခွင့်လွှတ်ခြင်း**

ရာထူးအားဖြင့် လည်းကောင်း၊ အာဏာအားဖြင့် လည်းကောင်း၊ ငွေကြေးအားဖြင့် လည်းကောင်း၊ အသက်အားဖြင့် လည်းကောင်း၊ အားကြီးသူက အားနည်းသူအပေါ် သည်းခံခွင့်လွှတ်ခြင်းကို ဗလဝခန္တီဟု ခေါ်ပါသည်။ အားနည်းသူ၊ အားမဲ့သူက အားကြီးသူအပေါ် သည်းခံခွင့်လွှတ်သည်ကို ဒုဗ္ဗလခန္တီဟု ခေါ်ပါသည်။ အားနည်းသူက အားကြီးသူ အပေါ် ကြိုက်သည်ဖြစ်စေ မကြိုက်သည် ဖြစ်စေ သည်းခံခွင့်လွှတ်ရစမြဲဖြစ်ပါသည်။ တိရစ္ဆာန်လောကတွင် ဒုဗ္ဗလခန္တီသာရှိပါသည်။ အားကြီးသူက အားနည်းသူအပေါ် သည်းခံခွင့်လွှတ်ခြင်း ကို လူသားများတွင်သာ တွေ့နိုင်ပါသည်။ သည်းခံခွင့်လွှတ်နိုင်သည့်တရား ပြည့်စုံ သူကို ပညာရှိသူတော်ကောင်းများက လည်း တန်ဖိုးရှိသည့်လူအဖြစ် ချီးမွမ်း ကြပါသည်။ အားကြီးသူက အားနည်း သူအပေါ် ခွင့်လွှတ်သည်းခံနိုင်မှုနှင့် ပတ်သက်၍ အောက်ပါအဖြစ်အပျက် သည် အလွန် အတုယူစရာကောင်းပါ သည်။

တစ်ခါက အသုရာနတ်ပြည်နှင့် တာဝတိံသာနတ်ပြည် စစ်ခင်းကြသော အခါ တာဝတိံသာနတ်ပြည်က နိုင်၍ အသုရာနတ်ခေါင်းဆောင် ဝေပစိတ္တိ

> **“အားကြီးသူက အားနည်းသူအပေါ် သည်းခံခွင့်လွှတ်ခြင်းကို ဗလဝခန္တီဟု ခေါ်ပါသည်။ အားနည်းသူ၊ အားမဲ့သူက အားကြီးသူအပေါ် သည်းခံခွင့်လွှတ်သည်ကို ဒုဗ္ဗလခန္တီဟု ခေါ်ပါသည်။ အားနည်းသူက အားကြီးသူအပေါ် ကြိုက်သည်ဖြစ်စေ မကြိုက်သည် ဖြစ်စေ သည်းခံခွင့်လွှတ်ရစမြဲဖြစ်ပါသည်။ တိရစ္ဆာန်လောကတွင် ဒုဗ္ဗလခန္တီသာရှိပါ သည်။ အားကြီးသူက အားနည်းသူအပေါ် သည်းခံခွင့်လွှတ်ခြင်းကို လူသားများတွင်သာ တွေ့နိုင်ပါသည်။ သည်းခံခွင့်လွှတ်နိုင်သည့်တရား ပြည့်စုံ သူကို ပညာရှိသူတော်ကောင်းများ ကလည်း တန်ဖိုးရှိသည့်လူအဖြစ် ချီးမွမ်းကြပါသည်”**

**ကျော်ကျော်လှိုင်**

အသုရာကြီးကိုဖမ်းပြီး တာဝတိံသာ သုဓမ္မာခန်းမရှေ့တွင် ကြိုးနှင့်တုပ်၍ တိုင်တွင် ချည်ထားပါသည်။ သိကြားမင်း သုဓမ္မာသဘင်ကို ဝင်တိုင်း ထွက်တိုင်း ဝေပစိတ္တိအသုရာကြီးက အက္ကောသဝတ္ထု ဆယ်မျိုးနှင့် စုံနေအောင် ဆဲရေး၏။ သိကြားမင်းက မမြင်ချင်ယောင်ဆောင်၊ မကြားချင်ယောင်ဆောင်ကာ ဘာမျှ ပြန်မပြောဘဲ သည်းညည်းခံနေ၏။ ကိုယ်ရံတော် မာတလိက ကြာလာသည့်အခါ သည်းမခံနိုင်ဖြစ်ကာ သိကြားမင်းကို “ကြောက်လို့ သည်းခံတာလား၊ မနိုင်လို့ သည်းခံတာလား အရှင်သိကြားမင်း”ဟု မေး၏။ ထိုအခါ သိကြားမင်းက “ကြောက်လို့ သည်းခံသည် မဟုတ်၊ မနိုင်လို့ သည်းခံသည်လည်း မဟုတ်၊ လူမိုက်နှင့် မတုပြိုင်လို၍ ဖြစ်သည်” ဟု ဆိုသည်။ ထိုအခါ မာတလိက “အရှင်သိကြားမင်း လူမိုက်ဆိုသည်မှာ ခပ်နာနာ နှိပ်ကွပ်မှ တော်ရုံကျပါတယ်” ဟု ပြောပြန်၏။ သိကြားမင်းက “မာတလိ အမျက်ထွက်သူ၊ ဆဲရေး တိုင်းထွာသူကို ပြန်လည် အမျက်မထွက်ခြင်းသည် မိမိအတွက် အကောင်းဆုံးပါ” ဟု ပြော၏။ မာတလိကလည်း အလျှော့မပေး“အရှင်သိကြားမင်း၊ ပြေးတဲ့နွားရဲ့ နောက်ကို နောက်နွားတွေက ဖိလိုက်စမြဲပါ။ ဒီလိုပါပဲ စော်ကားတာကို သည်းခံရင် ပိုကဲတတ်ပါတယ်၊ ပိုဖိပြီး စော်ကားပါတယ်”ဟု ပြော၏။ ထိုအခါ သိကြားမင်းက “မာတလိ ငါ့ကိုကြောက်လို့ပဲ ထင်ထင်၊ ထင်ချင်သလို ထင်နိုင်တယ်၊ ကိုယ်ကျိုးမှန်သမျှထဲမှာ သည်းခံခြင်းထက် သာလွန်သော ကိုယ်ကျိုးဆိုတာ မရှိ။ အားကြီးသူက အားနည်းသူကို သည်းခံရတာ အလွန်မြတ်တယ်ဟု ပညာရှိတို့ ဆိုသည်။ အားနည်းသူက အမြဲသည်းခံနေရတာပဲ မဟုတ်ပေလား” ဟု ဆိုမှ မာတလိလည်း ငြိမ်သွားသည်။

အထက်ပါ အဖြစ်အပျက်ကို ဆန်းစစ်သည့်အခါ အားကြီးသူက အားနည်းသူအပေါ် သည်းခံခွင့်လွှတ်နိုင်လျှင် ကမ္ဘာပေါ်တွင် ဝိရောဓိများ၊ ပဋိပက္ခများ လျော့နည်းသွားမည်ကို တွေးမိပါသည်။ ငြိမ်းချမ်းရေးများလည်း ရရှိလာပါမည်။ လက်ရှိခေတ်တွင် သည်းခံခွင့်လွှတ်နိုင်သည့်တရား နည်းပါးနေသည်ကို ဖေ့စ်ဘွတ်ပေါ်တွင် နေ့စဉ်တွေ့နေရပါသည်။ ဖေ့စ်ဘွတ်တွင် တစ်ဦးနှင့်တစ်ဦး၊ တစ်ဖွဲ့နှင့်တစ်ဖွဲ့ သဘောထားတွေ၊ အမြင်မတူတာတွေကြောင့် ငါမှန်တယ် သူမှန်တယ်ဟု မာနပြိုင်ကြပါသည်။ သည်းခံခွင့်လွှတ် အားနည်းသည့်အတွက် မာနပြိုင်ရာမှ ဒေါသပါလာသည့်အခါ မလိုလားအပ်သည့် အကျိုးဆက်များ ဖြစ်လာပါသည်။ မိမိကို စော်ကားပြောဆိုသည်ဟု ဆိုကာ ပြန်လည်တုံ့ပြန်သည့်အပြင် တချို့က

*စာမျက်နှာ ၂၁ သို့*

ဗုဒ္ဓအဆုံးအမဖြင့် အောင်မြင်ခြင်းစာအုပ်ပါ အကြောင်းအရာများသည် မင်္ဂလာတရားတော် ၃၈ ပါးအနက်မှ ၃၁ ပါးကို ခေတ်အမြင်ဖြင့် စာရေးသူက တစ်ပါးချင်းလေ့လာပြီး ဘဝအတွေ့အကြုံများပါ ပေါင်းစပ်ရေးသားထားခြင်း ဖြစ်ပါသည်။ စာဖတ်သူပရိသတ်များအနေဖြင့် မင်္ဂလာတရားတော်နှင့်အညီ လောကီအကျိုး၊ လောကုတ္တရာအကျိုးများ ရရှိဆင်ခြင်နိုင်စေရန် စေတနာမွန်ဖြင့် ထုတ်နုတ်ဖော်ပြခြင်း ဖြစ်ပါသည်။

**စာတည်းအဖွဲ့**




# ပညာရှင်စိတ်ထား စာအုပ် ဒုတိယအကြိမ်ထွက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၁၈**

စာရေးဆရာမ ဒေါက်တာ ခင်စန်းမော် ရေးသားသည့် ပညာရှင်စိတ်ထား (Professionalism)စာအုပ်ကို ဒုတိယအကြိမ် ထုတ်ဝေဖြန့်ချိထားပြီဖြစ်သည်။


တိရစ္ဆာန်ဆေးကုဆရာဝန် တစ်ဦးဖြစ်သည့် စာရေးသူအနေဖြင့် ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါကာလတွင် အွန်လိုင်းမှ အင်တာဗျူးများကို ဖြေကြားခြင်းနှင့် ဆောင်းပါးများစွာ ရေးဖြစ်ခဲ့သည်။ ဤပညာရှင်စိတ်ထားစာအုပ်သည် ဟောပြောပွဲတွင် ဟောပြောခဲ့သည်များကို စာဖတ်သူများအတွက် ထုတ်ဝေခြင်းဖြစ်ပြီး မေးခွန်းများအပေါ် ဖြေကြားချက်များလည်းပါရှိသည်။

စာအုပ်ထုတ်ဝေဖြစ်မှုနှင့် ပတ်သက်၍ စာရေးဆရာက "၂၀၂၀ ပြည့်နှစ်ကား တစ်ကမ္ဘာလုံး ကိုဗစ်- ၁၉ ကပ်ရောဂါကြီးကို အုတ်အော်သောင်းတင်း ရင်ဆိုင်ခဲ့ကြရသော နှစ်တစ်နှစ် ဖြစ်ခဲ့ပါသည်။ ကျွန်မကိုယ်တိုင်လည်း အများနည်းတူ အိမ်တွင်သာ အကန့်အသတ်နှင့် နေထိုင်ရင်း ပင်တိုင်အလုပ်ဖြစ်သော ဆေးခန်းကို လုံးလုံးလျားလျား ပိတ်သည့်အခါ ပိတ်၊ ထုံ့ပိုင်းထုံ့ပိုင်း ဖွင့်သည့်အခါဖွင့်နှင့် အခြေအနေပေါ် မူတည်ပြီး စီမံခဲ့ရသော်လည်း ဆေးခန်းပိတ်ထားရသည့်ကာလက ပိုမိုရှည်လျားခဲ့ပါသည်။

ထိုနှစ်တစ်နှစ်လုံး သတင်းစာများတွင် ဆောင်းပါးများစွာ ရေးသားဖြစ်ခဲ့ပြီး ဆောင်းပါးအများစုကို ရေဒီယိုမှ လည်းကောင်း၊ ရုပ်မြင်သံကြားမှလည်းကောင်း ထပ်ဆင့်ထုတ်လွှင့်ခဲ့ကြပါသည်။ အွန်လိုင်းမီဒီယာအမျိုးမျိုးမှ မေးမြန်းရိုက်ကူးကြသော အွန်လိုင်းအင်တာဗျူးများအပြင် Live Interview များကိုလည်း အချိန်နှင့်တစ်ပြေးညီ ဖြေကြားပေးခဲ့ရသောကြောင့် ပညာကို ဦးစားပေးသည့် ကိစ္စများစွာ ကြုံတွေ့ခဲ့ရသော နှစ်တစ်နှစ်ဖြစ်ခဲ့သည်။ ထို့ပြင် Zoom Media မှ တစ်ဆင့် ဖိတ်ကြားခဲ့သော ဟောပြောပွဲများတွင် ဆေးပညာရှင်စာရေးဆရာအနေဖြင့်လည်းကောင်း၊ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်မှ ဖိတ်ကြားသော Panel Discussion တွင် ဆွေးနွေးဟောပြောသူအဖြစ်လည်းကောင်း ဟောပြောခဲ့ပါသည်။

ဤ "ပညာရှင်စိတ်ထား" Zoom ဟောပြောပွဲသည် Youth Forward လူငယ်များအဖွဲ့က ဖိတ်ကြားသဖြင့် ၂၀၂၀ ဒီဇင်ဘာ ၁ ရက်(Sweet December) ညတွင် ဟောပြောခဲ့သော အကြောင်းအရာ၊ မေးခွန်းများနှင့် အဖြေများဖြစ်ပါသည်။ ဟောပြောပွဲမတိုင်ခင် နှစ်ပတ်အလိုခန့်တွင် ရှိရင်းစွဲ ပန်းနာရင်ကျပ်ရောဂါ ထကြွလာရာ ဟောပြောနိုင်ပါ့မလားဟု စိုးတထိတ်ထိတ် ဖြစ်ခဲ့ရသေးသည်။ သောက်ဆေးများချည်းနှင့် မသက်သာသောကြောင့် Inhaler ရှူဆေးများ၊ Nebulizer တို့ကိုပါ အသုံးပြု၍ ရင်ကျပ်သက်သာအောင် ကြိုးစားအားထုတ်ခဲ့ရပါသည်။ တကယ်တမ်းလက်တွေ့တွင် တစ်ချက်တစ်ချက် ချောင်းဆိုးသည်မှအပ နှစ်နာရီလုံးလုံး အားပါးတရ ပြောပေးနိုင်ခဲ့သဖြင့် အားရကျေနပ်မိသော ပွဲတစ်ပွဲဖြစ်ခဲ့သည်။

ဟောပြောချက်များကို စိတ်ဝင်စားကြပြီး စာအုပ်အဖြစ် သိမ်းဆည်းထားချင်သူများ၊ နားမထောင်လိုက်ရသော သူများအတွက် ရည်ရွယ်၍ 'ပညာရှင်စိတ်ထား' စာအုပ်ကို ရသယဉ်စွန်းတန်းစာပေမှ ထုတ်ဝေခဲ့ပါသည်။ ပထမအကြိမ်ထုတ် စာအုပ်ကို ဖတ်ရှုရသော စာဖတ်ပရိသတ်တချို့က ကျွန်မထံ ဆက်သွယ်ပြီး မေးခွန်းများ ထပ်မေးကြပြန်သည်။ သူတို့မေးကြသော မေးခွန်းများကို ဖတ်ကြည့်ပြီး ပြည့်ပြည့်စုံစုံ ဖြေကြားပေးလိုစိတ် ဖြစ်ပေါ်လာပါသည်။ ထို့ကြောင့် ဤစာအုပ်ကို ဒုတိယအကြိမ် ရိုက်နှိပ်သောအခါတွင် မေးခွန်းအသစ်များနှင့် အဖြေများကို ထည့်သွင်းပေးထားသဖြင့် ကျေနပ်ကြလိမ့်မည်ဟု ယုံကြည်ပါသည်"ဟု အမှာစာတွင် ရေးသားဖော်ပြထားသည်။




အဆိုပါ စာအုပ်တွင် ဘဝလှေကားထစ်များ၊ ရွေးချယ်မှု၊ ကျန်းမာမှုချမ်းသာ စသည့်ခေါင်းစဉ်များဖြင့် အခန်းငယ်များပါရှိပြီး ဖြည့်စွက်ချက် မေးခွန်းများနှင့် အဖြေများပါရှိပါသည်။ စာမျက်နှာ ၁၃၅ မျက်နှာ ပါရှိကာ ရသယဉ်စွန်းတန်းစာပေ အမှတ် ၇၅(H)ဗညားဒလလမ်း ဗဟန်းမြို့နယ် ရန်ကုန်မြို့ ဖုန်း ၀၉-၂၅၀၁၅၁၉၆၃ က တန်ဖိုးငွေကျပ် ၂၅၀၀ဖြင့် ဒုတိယအကြိမ် ထုတ်ဝေဖြန့်ချိထားပြီဖြစ်ကြောင်း စာဖတ်သူများအတွက် သတင်းကောင်း ပါးအပ်ပါသည်။

**မြန်မာ့အလင်း**

## ရပ်စောက်၌ လမ်းသွားလမ်းလာပြည်သူများအား ကိုဗစ်-၁၉ ရောဂါစစ်ဆေးပေး

**ရပ်စောက် ဒီဇင်ဘာ ၁၈**

ရှမ်းပြည်နယ်တောင်ပိုင်း ရပ်စောက်မြို့တွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက်ဆောင်ရွက်လျက်ရှိရာ ယမန်နေ့က လမ်းသွားလမ်းလာပြည်သူများအား ကိုဗစ်-၁၉ ရောဂါပိုး ရှိ မရှိ အခမဲ့ စစ်ဆေးပေးခြင်းကို ဥတ္တံတားရပ်ကွက် ရေကြည်ချောင်းအနီး၌ ဆောင်ရွက်သည်။

မြို့နယ်ကိုဗစ်- ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းကော်မတီနှင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များပူးပေါင်း၍ မြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်မှုအန္တရာယ်မှ ကြိုတင်ကာကွယ်နိုင်ရေးအတွက် မြို့ပေါ်ရပ်ကွက်များရှိ လူစည်ကားရာနေရာများနှင့် မြို့ဝင်/မြို့ထွက် ဂိတ်များတွင် လမ်းသွားလမ်းလာပြည်သူများအား RDT Test Kit ဖြင့် ကိုဗစ်-၁၉ ရောဂါပိုး ရှိ မရှိ အခမဲ့ စစ်ဆေးပေးကာ ရောဂါပိုးရှိသူများအား မြို့နယ်ပြည်သူ့ဆေးရုံရှိ ကိုဗစ်- ၁၉ ရောဂါ ကုသရေးစင်တာသို့ ပို့ဆောင်ကုသပေးလျက်ရှိသည်။

ရပ်စောက်မြို့နယ်တွင် ပိုးတွေ့ရှိမှုနှုန်း ယခင်က ၃၃ ရာခိုင်နှုန်းရှိပြီး ယခု ၀ ဒသမ ၂ ရာခိုင်နှုန်းသာ တွေ့ရှိရကြောင်းနှင့် မြို့နယ်အတွင်း ယခုနှစ် ဒီဇင်ဘာ ၁၆ ရက်အထိ ကိုဗစ်- ၁၉ ရောဂါပိုးတွေ့ အတည်ပြုလူနာစုစုပေါင်း ၃၂၁၉ ဦး၊ ပိုးကင်းစင်၍ ဆေးရုံမှဆင်းခွင့်ရရှိသူစုစုပေါင်း ၃၁၆၀ ၊ ဆေးကုသမှုခံယူလျက်ရှိသူဦးရေ စုစုပေါင်း ၁၀ ဦးနှင့် သေဆုံးလူနာ ၆၆ ဦးရှိကြောင်း သိရသည်။

**ရဲထက်ဦး(ပြန်/ဆက်)**



*စာမျက်နှာ ၂၀ မှ*

တရားစွဲသည်အထိ အငြိုးကြီးကြပါသည်။ သိက္ခာကျအောင် စော်ကားပြောဆိုသည်၊ မဟုတ်မမှန်စွပ်စွဲသည် ... စသဖြင့် တစ်ဖက်သား ပျက်စီးရာ ပျက်စီးကြောင်းကို ကြံစည်လုပ်ကိုင်ကြပါသည်။

### အက္ကောသသုတ်

တစ်ဖက်က မည်မျှပင် စော်ကား၊ ဆဲရေး ပြောဆိုပါစေ၊ မိမိကယူမှသာ မိမိကိုထိခိုက်မည်ဖြစ်ကြောင်း၊ မိမိ သိက္ခာကျမည်ဖြစ်ကြောင်း အောက်ပါ အက္ကောသသုတ်ကို လေ့လာလျှင် အသိတရားရနိုင်ပါသည်။

အက္ကောသဘာရဒွါဇ မည်သော ပုဏ္ဏားသည် (မိမိအစ်ကို) ဘာရဒွါဇ ပုဏ္ဏား ရဟန်းပြုသွားကြောင်းကို ကြားသိသော် ဗုဒ္ဓထံချဉ်းကပ်၍ ကြမ်းကြုတ်သော စကားလုံးတို့ဖြင့် ဆဲရေးခြိမ်းခြောက်၏။ ထိုအခါ ဗုဒ္ဓက ထိုပုဏ္ဏားအား အကျိုးသင့် အကြောင်းသင့်စကားများကို မိန့်ကြားတော်မူ၏။

"ပုဏ္ဏား၊ သင်၏အိမ်သို့ ဆွေမျိုးမိတ်ဆွေများလာသည့်အခါ သင်သည် ထိုသူတို့အား စားဖွယ်သောက်ဖွယ်များ ပေးကမ်းခြင်းပြုပါသလော" "အရှင်ဂေါတမ၊ ကျွန်ုပ်သည် တစ်ခါတစ်ရံ ထိုသူတို့အား စားဖွယ်သောက်ဖွယ်များ ပေးကမ်းခြင်း ပြုပါသည်။" "ပုဏ္ဏား၊ အကယ်၍သင်ပေးသော စားဖွယ်သောက်ဖွယ်ကို ထိုသူတို့က လက်မခံခဲ့သော် ထိုစားဖွယ်သောက်ဖွယ်သည် အဘယ်သို့ ရောက်သွားသနည်း။" "အရှင်ဂေါတမ၊ ၎င်းတို့လက်မခံသည့်အခါ ထိုစားဖွယ်သောက်ဖွယ်သည် ကျွန်ုပ်ထံသို့ပင် ပြန်ရောက်ပါသည်။" "ပုဏ္ဏား၊ ထိုနည်းတူပင် သင်၏ ဆဲရေးခြိမ်းခြောက်ခြင်းများကို ငါသည် လက်မခံပေ။ ထို့ကြောင့် ယင်းတို့သည် သင့်ထံသို့ပင် ပြန်ရောက်၏။ ပုဏ္ဏား၊ မိမိကိုဆဲရေးသူအား ပြန်၍ ဆဲရေးသူသည် ထိုသူနှင့်အတူခံစားခြင်း၊ ဖက်ပြိုင်ခြင်းပြုသည် မည်၏။ ငါသည်ကား သင်နှင့်အတူ ခံစားခြင်း၊ ဖက်ပြိုင်ခြင်း ပြုမည်မဟုတ်ပေ။ ထို့ကြောင့် သင်၏ဆဲရေးခြင်းသည် သင့်ထံသို့သာ ပြန်ရောက်၏။" "အရှင်ဂေါတမ၊ မင်းနှင့်တကွသော ပရိသတ်သည် အရှင်ဂေါတမကို အပူဇော်ခံထိုက်သော ပုဂ္ဂိုလ်ဟု သိနေကြပါသည်။ သို့ဖြစ်ပါလျက် အရှင်ဂေါတမသည် အမျက်ထွက်တုံဘိ၏။" "ပုဏ္ဏား၊ ယဉ်ကျေးသောတရားနှင့် အသက်မွေးသော၊ သစ္စာလေးပါးတရားကို ကောင်းစွာသိ၍ ကိလေသာမှလွတ်ကာ ငြိမ်သက်အေးချမ်းသောစိတ်ရှိသော ပုဂ္ဂိုလ်အား အမျက်ထွက်ခြင်းဖြင့် အဘယ်အကျိုးရှိမည်နည်း။ မိမိကို အမျက်ထွက်သူအား ပြန်၍ အမျက်ထွက်သူသည် လူယုတ်မာ ဖြစ်၏။ မိမိကို အမျက်ထွက်သူအား ပြန်၍ အမျက်မထွက်သူသည် အောင်နိုင်ခဲသော ရန်ကို အောင်မြင်၏။ တစ်ပါးသူက မိမိအား အမျက်ထွက်နေသည်ကို သိလျှင် သတိဖြင့် ထိုအမျက်ကို ငြိမ်းစေသူသည် မိမိ၊ သူတစ်ပါး နှစ်ဦးသား၏ အကျိုးစီးပွားကို ကျင့်သည်မည်၏။ တရား၌ မလိမ္မာသူတို့သည်ကား မိမိ၊ သူတစ်ပါး နှစ်ဦးသား အမျက်ကိုငြိမ်းအောင်ကုစားခြင်းပြုသူကို လူမိုက်ဟူ၍ ထင်မှတ်ကြကုန်၏။" အက္ကောသပုဏ္ဏားသည် ဗုဒ္ဓ၏ မိန့်ကြားချက်ကို ကြားနာရလျှင် လွန်စွာနှစ်သက်လှသဖြင့် ဗုဒ္ဓထံ၌ ရဟန်းပြု၍ တရားအားထုတ်ရာ မကြာမီ ရဟန္တာဖြစ်လေသည်။

ဗုဒ္ဓဘုရားရှင်သည် မေတ္တာတရားကြီးမားစွာ သည်းခံခွင့်လွှတ်မှု ခန္တီပါရမီဖြင့် မာရ်နတ်၊ အာဠဝကဘီလူး၊ နာဠာဂီရိဆင်၊ အင်္ဂုလိမာလ၊ စိဉ္စမာဏဝိကာ ပရိဗိုဇ်မ၊ သစ္စကပရိဗိုဇ်၊ နန္ဒောပနန္ဒနဂါးမင်း၊ ဗကဗြဟ္မာ သတ္တဝါ ရှစ်ဦးတို့ကိုလည်း အောင်နိုင်ခဲ့ပါသည်။ ဗုဒ္ဓဘုရားရှင်ဟောသကဲ့ မိမိကို အမျက်ထွက်သူအား ပြန်၍ အမျက်ထွက်သူသည် လူယုတ်မာသာဖြစ်၏။ အမျက်ထွက်ခြင်းဖြင့် မည်သည့် ကောင်းကျိုးကိုမှ မရနိုင်ပါ။ မေတ္တာတရားသည်သာ အောင်မြင်ခြင်းတရားဖြစ်ပါသည်။ ကမ္ဘာပေါ်တွင် ထင်ရှားကျော်ကြားခဲ့သော ခေါင်းဆောင်ကြီးများဖြစ်သည့် မဟတ္တမဂန္ဒီ၊ နယ်လ်ဆင်မင်ဒဲလား၊ မာတင်လူသာကင်းတို့သည်လည်း မေတ္တာတရားကြီးမားမှု၊ သည်းခံခွင့်လွှတ်မှုတို့ကြောင့် ကမ္ဘာကျော်ခဲ့ရခြင်းဖြစ်ပါသည်။

### ကမ္ဘာကျော်အဆိုအမိန့်များ

မဟတ္တမဂန္ဒီက **"လက်တုံ့ပြန်ခြင်းဖြင့် အင်အားကြီးသူမဖြစ်ပါ။ ခွင့်လွှတ်သည်းခံခြင်းဖြင့်သာ အင်အားကြီးသူဖြစ်ပါမည်"** ဟု ဆိုပါသည်။ နယ်လ်ဆင်မင်ဒဲလားက **"ငြိမ်းချမ်းရေးအတွက် ခွင့်လွှတ်နိုင်သူကမှ သတ္တိရှိသူပါ"**ဟု ဆိုခဲ့ပါသည်။ မာတင်လူသာကင်းက **"အမှောင်ကို အမှောင်နှင့် တိုက်ထုတ်၍ မရပါ။ အလင်းနှင့် တိုက်ထုတ်ရပါသည်။ အမုန်းကို အမုန်းဖြင့် တိုက်၍မရပါ။ အချစ်နှင့်သာ အနိုင်ယူရပါမည်"** ဟု ဆိုခဲ့ပါသည်။

နိဂုံးချုပ်အနေဖြင့် ဗုဒ္ဓဘုရားရှင်က ခန္တီစ သည်းခံခြင်းသည် မင်္ဂလာတရားတော်နှင့်ညီ၏ဟု ဟောခဲ့ပါသည်။ ဗုဒ္ဓဘုရားရှင်က သည်းခံခြင်းကြောင့်ရသည့် အကျိုးငါးပါးကိုလည်း ဟောခဲ့ပါသည်။

### သည်းခံခြင်းကြောင့်ရသည့် အကျိုးငါးပါး

၁။ သည်းခံခွင့်လွှတ်တတ်သူသည် လူအများ၏ ချစ်ခြင်းကိုရပါသည်။
၂။ သည်းခံခွင့်လွှတ်တတ်သူသည် ဘေးရန်နည်း၏။
၃။ သည်းခံခွင့်လွှတ်တတ်သူသည် အမှားနည်း၍ အပြစ်နည်း၏။
၄။ သည်းခံခွင့်လွှတ်တတ်သူသည် မတွေမဝေ သေရ၏။
၅။ သည်းခံခွင့်လွှတ်တတ်သူသည် နတ်ရွာသုဂတိသို့လား၏။

သည်းခံခွင့်လွှတ်သူကို ပညာရှိသူတော်ကောင်းများက ချီးမွမ်းပါသည်။ သည်းခံခွင့်လွှတ်နိုင်သူသည် ဩဇာအာဏာ ကြီးမားပါသည်။ သည်းခံခွင့်လွှတ်သူသည် မင်္ဂလာတရားတော်နှင့်အညီ ချမ်းသာအောင်မြင်ခြင်းကို ရပါမည်။

**"မှတ်သားစရာ"**

**အားကြီးသူက အားနည်းသူကို ခွင့်လွှတ်ခြင်းကို လူသားများတွင် တွေ့ရပြီး အားနည်းသူက အားကြီးသူကို ခွင့်လွှတ်ခြင်းကို တိရစ္ဆာန်လောကတွင် အများဆုံးတွေ့ရပါသည်။**

ကျမ်းကိုး
၁။ Romeo and Juliet by William Shakespear
၂။ ပိဋကအနှစ်ချုပ် သံယုတ္တနိကာယ်။ ဓမ္မာစရိယဦးမောင်မောင်လေး။
၃။ မင်္ဂလာရှုခင်း။ ဓမ္မပိယဆရာတော် အရှင်သံဝရာလင်္ကာရ။

# ကိုဗစ်-၁၉ ကူးစက်မှုတွေ ရုတ်တရက်မြင့်တက်လာတဲ့အတွက် အင်္ဂလိပ်ပရီမီယာလိဂ်ပွဲတွေ ရွှေ့ဆိုင်းမှုများပြား

ရုတ်တရက် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုတွေ မြင့်တက်လာတဲ့အတွက် ပရီမီယာလိဂ်ပွဲကို ပရမ်းပတာ အခြေအနေဖြစ်စေပါတယ်။ ယခုသီတင်းပတ် အကုန်ပွဲစဉ်မှာတော့ ငါးပွဲနဲ့သာ အသက်ဆက်လက်ရှင်သန်ခဲ့ရပါတယ်။

ဘရန့်ဖို့ဒ်နဲ့ မန်ချက်စတာ ယူနိုက်တက်တို့ ယှဉ်ပြိုင်ကစားပြီးတဲ့အခါမှာတော့ ဘန်လေနဲ့ ဝက်ဖို့ဒ်၊ လီဆက်စတာနဲ့ စပါးတို့ရဲ့ပွဲကို ရွှေ့ဆိုင်းခဲ့ရပါတယ်။ ထို့အတူပဲ သီတင်းပတ်အကုန်မှာ ကစားမယ့် ပွဲတွေဖြစ်တဲ့ မန်ချက်စတာယူနိုက်တက်နဲ့ ဘရိုက်တန်၊ ဆောက်သမ်တန်နဲ့ ဘရန့်ဖို့ဒ်၊ ဝက်ဖို့ဒ်နဲ့ ခရစ္စတယ်ပဲလေ့စ်၊ ဝက်စ်ဟမ်းနဲ့ နော့ဝှစ်၊ အဲဗာတန်နဲ့ လီဆက်စတာတို့ရဲ့ ပွဲတွေကတော့ ဘယ်ဆီနေလို့ နေဦးမည်မသိ။

ဘရန့်ဖို့ဒ်ရဲ့ နည်းပြဖြစ်တဲ့ သောမက်စ်ဖရန့်က သီတင်းပတ်အကုန်ပွဲချိန်တွေကိုရွှေ့ဆိုင်းဖို့ တောင်းဆိုခဲ့သော်လည်း ပရီမီယာလိဂ်ကတော့ သီတင်းပတ်အကုန် ပွဲချိန်တွေကို ဆက်လက်ကျင်းပသွားမယ်လို့ ဆိုပါတယ်။

ဆက်လက်ကစားသွားမယ့် ငါးပွဲအနက် အက်စ်တွန်ဗီလာနဲ့ ဘန်လေ၊ လိဒ်စ်ယူနိုက်တက်နဲ့ အာဆင်နယ်တို့က စနေနေ့မှာကစားမှာဖြစ်ပြီး တနင်္ဂနွေနေ့ပွဲစဉ်တွေကတော့ နယူးကာဆယ်ယူနိုက်တက်နဲ့ မန်ချက်စတာစီးတီး၊ ဝုဖ်နဲ့ ချယ်ဆီး၊ တော့တင်ဟမ်နဲ့ လီဗာပူးတို့ ကစားကြမှာ ဖြစ်ပါတယ်။ လီဗာပူး၊ ချယ်ဆီးနဲ့ ဘန်လေအသင်းတွေမှာ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုတွေရှိနေသည့်တိုင်အောင် သီတင်းပတ်အကုန်ပွဲစဉ်တွေကို ဆက်လက်ကစားသွားမှာ ဖြစ်ပါတယ်။



ဂိုးတိုင်ကို ပိုးသတ်ဆေးဖြင့် ဖျန်းပက်နေသည်ကို တွေ့ရစဉ်။

စတီဗင်ဂျရတ် နည်းပြဖြစ်ကတည်းက အက်စတွန်ဗီလာဟာ ခြောက်ပွဲမှာ လေးပွဲ အနိုင်ရရှိထားပြီး တကယ့်ပြိုင်ဘက်အသင်းကောင်းတစ်သင်းဖြစ်တဲ့ ဘန်လေနဲ့ ယှဉ်ပြိုင်ရဦးမှာဖြစ်ပါတယ်။ လိဒ်စ်ယူနိုက်တက်ဟာ မန်ချက်စတာစီးတီးကို ၇-၀ နဲ့အပြတ်ရှုံးပြီးတဲ့အခါမှာတော့ အာဆင်နယ်ကိုလည်း ခက်ခက်ခဲခဲနဲ့ ယှဉ်ပြိုင်ရဦးမှာ ဖြစ်ပါတယ်။

လီဗာပူးကို ၃-၁ နဲ့ ရှုံးနိမ့်ခဲ့သော်လည်း အန်ဖီးလ်မှာတော့ နယူးကာဆယ်ယူနိုက်တက်ဟာ ခြေစွမ်းကောင်းကောင်းပြနိုင်ခဲ့ပါတယ်။ ဒါပေမယ့် သူတို့ဟာ ခံစစ်ကောင်းအောင် လုပ်ရဦးမှာ ဖြစ်ပါတယ်။

စပါးကတော့ အားကစားပွဲ မကစားရသေးဘဲ သီတင်းပတ်နှစ်ပတ်လောက် ကိုဗစ်-၁၉ စောင့်ကြည့်နေရတဲ့ အတွက် အေးအေးဆေးဆေး အနားယူ ရဦးမှာ ဖြစ်ပါတယ်။

**လင်းခေတ်ဆန်း**

# မူဘာဒယ်လာ ကမ္ဘာ့တင်းနစ်ပြိုင်ပွဲတွင် အနိုင်ရရှိသည့် ပထမဦးဆုံး အာရပ်ကစားသမား အန်စ်ဂျူဘာရာဖြစ်လာ




အန်စ်ဂျူဘာရာသည် မူဘာဒယ်လာ ကမ္ဘာ့တင်းနစ်ချန်ပီယံရှစ်ပြိုင်ပွဲတွင် အနိုင်ရရှိသည့် ပထမဦးဆုံး အာရပ်ကစားသမားဖြစ်လာခဲ့သည်။ ဒီဇင်ဘာ ၁၆ရက်က အဘူဒါဘီတွင်ပြုလုပ်သည့်ပြိုင်ပွဲတွင် အနိုင်ရခဲ့ပြီး သမိုင်းတွင်အောင် လုပ်နိုင်ခဲ့ခြင်း ဖြစ်သည်။ တူနီးရှားနိုင်ငံသား အန်စ်ဂျူဘာရာသည် တိုကျိုအိုလံပစ် ရွှေတံဆိပ်ဆုရှင် ဘီလင်ဒါဘန်စစ်နှင့် ရင်ဆိုင်အနိုင်ရခဲ့ခြင်း ဖြစ်သည်။ ဆွစ်ဇာလန်နိုင်ငံသား ဘီလင်ဒါသည် ကနဦးပိုင်းတွင်အသာစီးရခဲ့သည်။

### ခက်ခက်ခဲခဲကြိုးပမ်း

၎င်းသည် ယခုနှစ်ရာသီအစောပိုင်းတွင် နံပါတ် ၇ နေရာ၌ ရှိနေခဲ့သည်။ ကစားသမားနှစ်ဦးစလုံးသည် အနိုင်ရရှိရေးအတွက် အကြိတ်အနယ်ယှဉ်ပြိုင်ခဲ့ကြသည်။ ဘီလင်ဒါနှင့်ယှဉ်ပြိုင်ရာတွင် ခက်ခက်ခဲခဲကြိုးပမ်းခဲ့ရကြောင်းနှင့် အာရပ်ကမ္ဘာနှင့်တူနီးရှားနိုင်ငံတို့အတွက် ကိုယ်စားပြုနိုင်ရေးမှာ ၎င်း၏ အိပ်မက်ပင် ဖြစ်သည်ဟု အန်စ်ဂျူဘာရာက ပြောသည်။

### အရည်အချင်း ပြသလို

စံချိန်များကိုချိုးကာ ကစားသမားဘဝခရီးရှေ့ဆက်လိုသည်ဟုလည်း ၎င်းက ဆက်ပြောသည်။ ထိပ်တန်း ၁၀ ဦးတွင် ပါဝင်ရန် ၎င်း၌ အရည်အချင်းရှိသည်ကို ပြသလိုသည်ဟုလည်း ပြောသည်။ အာရပ်ကစားသမား အများအပြား အားကစားပွဲအတွင်း ပါဝင်လာနိုင်ရေးအတွက်လည်း ကူညီသွားမည်ဟု ၎င်းကဆက်လက်ပြောကြားခဲ့သည်။

**အောင်**

# NFL မှ ကိုဗစ်-၁၉နှင့်ပတ်သက်သည့် စည်းကမ်းချက်များပြောင်းလဲ

အမေရိကန်နိုင်ငံအတွင်း ကိုဗစ်-၁၉ ကူးစက်မှုများ များပြားနေချိန် The National Football League (NFL) သည်လည်း ကျန်းမာရေးဆိုင်ရာစည်းမျဉ်းစည်းကမ်းများကို ပြောင်းလဲခဲ့သည်ဟု သိရသည်။ ကိုဗစ်-၁၉ နှင့်ပတ်သက်သည့် စည်းကမ်းချက်များကို NFL က အသစ်ထုတ်ပြန်ခဲ့သည်။ အိုမီခရွန်ကူးစက်မှုနှင့် ရောဂါဖြစ်ပွားမှုနှုန်း များပြားနေသည့်အချိန်တွင် ယခုလိုထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

### ပါးစပ်နှာခေါင်းစည်းတပ်ဆင်ရမည်

ကလပ်အသင်းအားလုံးတွင် ကာကွယ်ရေးစနစ်များကို အကောင်အထည်ဖော်သွားမည်ဖြစ်သည်။ ကာကွယ်ဆေးအပြည့်ထိုးပြီးသည်ဖြစ်စေကာမူ ပါးစပ်နှာခေါင်းစည်းတပ်ဆင်ရမည်ဖြစ်သည်။ အသင်းလိုက်ခရီးထွက်နေစဉ် ဧည့်သည်လာရောက်ခြင်းကိုလည်းကန့်သတ်ထားသည်ဟု NFLက ကြေညာချက်ထုတ်ပြန်ထားသည်။ ကိုဗစ်-၁၉ ကူးစက်မှုကို ပိုမိုအကာအကွယ်ပေးနိုင်ရေးအတွက် တတိယအကြိမ် ကာကွယ်ဆေးထိုးခြင်းကိုလည်း အားပေးသွားမည်ဟု သိရသည်။ ကျွမ်းကျင်သူများ၏ အကြံပြုချက်အတိုင်း ကိုဗစ်-၁၉မှ ပြန်လည်နာလန်ထူလာသည့်ကစားသမားများကို ကွင်းအတွင်းပြန်လည်ဝင်ရောက်ခွင့်ကိုလည်း သင့်လျော်အောင်ပြုလုပ်ပေးသွားမည်ဟု သိရသည်။

**အောင်**

# ရီးရဲမက်ဒရစ်အသင်းမှာ နောက်ထပ် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ငါးဦးထပ်တွေ့

ရီးရဲမက်ဒရစ်ဟာ နောက်ထပ် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ငါးဦးထပ်တွေ့ခဲ့တယ်လို့ အသိပေးပြောကြားလိုက်ပါတယ်။

ကိုဗစ်- ၁၉ ကူးစက်ဖြစ်ပွားသူတွေကတော့ ကစားသမားလေးဦးနဲ့ လက်ထောက်နည်းပြ ဒါဗီဒီအန်ဆယ်လော့တီ ဖြစ်ပါတယ်။

ဂါရက်ဘေးလ်၊ မာကိုအက်ဆန်စီယို၊ အန်ဒရီလူနင်နဲ့ ရိုဒရီကိုတို့ဟာ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားနေကြောင်း စမ်းသပ်တွေ့ရှိခဲ့တဲ့ အားကစားသမားတွေ ဖြစ်ပါတယ်။ ကွင်းလယ်ကစားသမား လူကာမိုဒရစ်နဲ့ ခံစစ်ကစားသမား မာဆယ်လိုတို့ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားပြီး နောက်တစ်နေ့မှာပဲ အခုလိုတွေ့ရှိခဲ့တာ ဖြစ်ပါတယ်။

ဒီသတင်းက ကြာသပတေးနေ့ လေ့ကျင့်ရေးကွင်းဆင်းဖို့ အစီအစဉ်ကို ပျက်စေခဲ့တာဖြစ်ပါတယ်။ နောက်ထပ်အသင်းမှာရှိတဲ့ကစားသမားတွေကိုလည်း ကိုဗစ်-၁၉ ပီစီအာရ်စစ်ဆေးမှုတွေ လုပ်ဆောင်လျက်ရှိပါတယ်။ နောက်ထပ် ကိုဗစ်-၁၉ ထပ်မံကူးစက်သူတွေ တွေ့ရှိကြောင်းဖော်ပြသွားဦးမယ်လို့ ခန့်မှန်းရပါတယ်။

ကစားသမားတွေနဲ့ အသင်းနည်းပြကားလို့စ် အန်ဆယ်လော့တီရဲ့သားအန်ဆယ်လော့တီတို့ဟာ သိပ်မပြင်းထန်တဲ့ ကိုဗစ်-၁၉ ကူးစက်မှုတွေကို ခံစားနေရပါတယ်။ သူတို့ဟာ ရီးရဲမက်ဒရစ် အိမ်ကွင်းမှာ ကာဒစ်ကို ယှဉ်ပြိုင်ကစားနိုင်တော့မှာ မဟုတ်တော့ပါဘူး။ ထို့အတူပဲ ဒီဇင်ဘာ ၂၂ ရက် ကျင်းပမယ့် အဝေးကွင်းပွဲကို ကစားဖို့ရာလည်း မကျိန်းသေတော့ပါဘူး။

စပိန်ဘောလုံးအသင်းရဲ့ စည်းမျဉ်းများအရ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုတွေ မြင့်နေတဲ့အတွက် အသင်းတွေမှာ ပထမကစားသမား ၁၃ ဦးရှိရင် ကစားလို့ရတယ်လို့ ဖော်ပြထားပါတယ်။ ရီးရဲမက်ဒရစ်ဟာ လွန်ခဲ့တဲ့သီတင်းပတ်က ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုကို ပြင်းပြင်းထန်ထန်ခံခဲ့ရပါတယ်။ **လင်းခေတ်ဆန်း**

# အုပ်စုနောက်ဆုံးပွဲမှာ ဝုဖ်ဘတ်ကို ဂိုးပြတ်ရှုံးနိမ့်ပြီးနောက် ချန်ပီယံလိဂ်ပြိုင်ပွဲမှ ထွက်ခွာခဲ့ရသည့် ချယ်ဆီးအမျိုးသမီးအသင်း

အမျိုးသမီးချန်ပီယံလိဂ် အုပ်စုနောက်ဆုံးပွဲစဉ်အဖြစ် ဝုဖ်ဘတ်အသင်းနှင့် ချယ်ဆီးအသင်းတို့ပွဲစဉ်ကို ဒီဇင်ဘာ ၁၇ ရက် နံနက်ပိုင်းက ယှဉ်ပြိုင်ကစားခဲ့ရာ ဝုဖ်ဘတ်အသင်းက လေးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ ထို့ကြောင့် ချယ်ဆီးအမျိုးသမီးအသင်းသည် ယခုနှစ်ရာသီ ချန်ပီယံလိဂ်ပြိုင်ပွဲကို အုပ်စုအဆင့်နှင့်ပင် လက်ပြနှုတ်ဆက်ခဲ့ရပြီ ဖြစ်သည်။

ချယ်ဆီးအမျိုးသမီးအသင်းသည် အုပ်စု (A) တွင် ဝုဖ်ဘတ်၊ ဂျူဗင်တပ်စ်၊ ဆာဗာတီအသင်းတို့နှင့်အတူ ကျရောက်ပြီး အုပ်စုပွဲစဉ်များ ပြီးဆုံးချိန်တွင် ဝုဖ်ဘတ်၊ ဂျူဗင်တပ်စ်အသင်းတို့နှင့် ရမှတ် ၁၁ မှတ်ချင်းတူညီနေသော်လည်း ထိပ်တိုက်တွေ့ဆုံမှုအရ ချယ်ဆီးအသင်းအနေဖြင့် ချန်ပီယံလိဂ်ပြိုင်ပွဲမှ ထွက်ခွာခဲ့ရခြင်းဖြစ်သည်။

ယခုပွဲစဉ်တွင် ချယ်ဆီးအသင်းသည် ပြိုင်ဘက်အသင်းနှင့် ခြေရည်တူကစားနိုင်ခဲ့သော်လည်း အဆုံးသတ်သေချာခဲ့သည့် ဝုဖ်ဘတ်အသင်းက ဂိုးပြတ်အနိုင်ရရှိခဲ့ခြင်း ဖြစ်သည်။ ဝုဖ်ဘတ်အသင်းသည် ယခု အနိုင်ပွဲကြောင့် အုပ်စုပထမဖြင့် ချန်ပီယံလိဂ်ပြိုင်ပွဲ နောက်တစ်ဆင့်သို့ တက်ရောက်နိုင်ခဲ့သည်။




အုပ်စုပွဲစဉ်များ ပြီးဆုံးချိန်တွင် ကွာတားဖိုင်နယ်သို့ ဝုဖ်ဘတ်၊ ပီအက်စ်ဂျီ၊ ဘာစီလိုနာ၊ လိုင်ယွန်တို့က အုပ်စုပထမဖြင့် တက်ရောက်နိုင်ခဲ့ပြီး ဂျူဗင်တပ်စ်၊ ရီးရဲမက်ဒရစ်၊ အာဆင်နယ်၊ ဘိုင်ယန်မြူးနစ်အသင်းတို့က အုပ်စုဒုတိယဖြင့် တက်ရောက်နိုင်ခဲ့သည်။

**အောင်ဇော်**

## သုံးခွမြို့နယ်၌ ရွေ့လျားကာကွယ်ဆေးထိုးနှံပေးခြင်းအစီအစဉ် ဆောင်ရွက်

**သုံးခွ ဒီဇင်ဘာ ၁၈**

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ်တွင် ကိုဗစ်- ၁၉ ရောဂါကာကွယ်ဆေးထိုးခြင်း လွှမ်းခြုံမှုအပြည့်အဝ ရရှိစေရန်အတွက် စုရပ်နေရာများ၌ ပုံမှန်ကာကွယ်ဆေးထိုးနှံပေးခြင်းအပြင် လူစည်ကားရာ လမ်းဆုံလမ်းခွနေရာများသို့ လှည့်လည်၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ရွေ့လျားထိုးနှံပေးခြင်းအစီအစဉ်ကို ဒီဇင်ဘာ ၁၆ ရက်က ဆောင်ရွက်သည်။



ကာကွယ်ဆေး ရွေ့လျားထိုးနှံပေးခြင်းတွင် သုံးခွမြို့အထွက် လက်ပန်နန်းခလဲ ကျေးရွာသွားလမ်း၊ သုံးခွမြို့အထွက် ခရမ်းမြို့ဘက်သွားသည့် အမှတ်(၉) ရပ်ကွက်လမ်းဆုံ၊ အမှတ် ၁၂ ရပ်ကွက် အောက်ကျင်းပိုင်းနေရာတို့၌ အဖွဲ့သုံးဖွဲ့ဖြင့် လှည့်လည်၍ ကာကွယ်ဆေးမထိုးနှံရသေးသော အသက် ၁၈ နှစ်နှင့်အထက် ပြည်သူများအား ထိုးနှံပေးရာ လူဦးရေ ၃၀၀ ကို ထိုးနှံပေးသည်။

အဆိုပါ ကာကွယ်ဆေးထိုးနှံပေးခြင်းလုပ်ငန်းကို မြို့နယ်ကိုဗစ် -၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီဥက္ကဋ္ဌ ဦးသိန်းစိုးနှင့် ကော်မတီဝင်များ၊ ကျန်းမာရေးဦးစီးဌာန၊ ဌာနဆိုင်ရာများ၊ ကြက်ခြေနီ သူနာပြုတပ်ဖွဲ့နှင့် မီးသတ်တပ်ဖွဲ့ဝင်များက အဖွဲ့ သုံးဖွဲ့ခွဲကာ ပါဝင်ဆောင်ရွက်ကြောင်း သိရသည်။

**ကျော်ဆန်း**

## ပိုင်ကျုံမြို့၌ ကလေးအလုပ်သမားပပျောက်ရေး ပညာပေးဟောပြော

**ပိုင်ကျုံ ဒီဇင်ဘာ ၁၈**

ကျောင်းသား ကျောင်းသူများ ပြင်ပအသိပညာဗဟုသုတများရရှိစေရန်၊ ကလေးများကိုကာကွယ်သည့် ဥပဒေများနှင့် ကလေးအလုပ်သမားအကြောင်း သိရှိစေရန် ရည်ရွယ်၍ ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးဟောပြောပွဲကို ဒီဇင်ဘာ ၁၆ ရက်က ပိုင်ကျုံမြို့ လူထုအခြေပြု ဗဟိုဌာနခန်းမ၌ ပြုလုပ်သည်။

ဟောပြောပွဲတွင် ပိုင်ကျုံမြို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါ်နော်ခူးခူးက အသက် ၁၄ နှစ်မှ ၁၆ နှစ်အထိ ကလေးအလုပ်သမားများကို ခိုင်းစေလိုပါက မှတ်ပုံတင်ဆရာဝန်၏ ထောက်ခံချက်ပါရှိရန်လိုကြောင်း၊ ကလေးများကို အန္တရာယ်ရှိစေမည့်အလုပ်၊ ပြင်းထန်ပြီး ထိခိုက်ဒဏ်ရာရစေမည့်အလုပ်၊ ဖိစီးမှုများသည့်အလုပ်၊ ပင်ပန်းကြီးစွာလုပ်ရသောအလုပ်များကို စေခိုင်းခြင်း မပြုရကြောင်းနှင့် လိင်ပိုင်းဆိုင်ရာ ခေါင်းပုံဖြတ်မှုများ၊ အကြမ်းဖက်ခံရခြင်းများ မဖြစ်စေရန် ထုတ်ပြန်ထားသည့် ဥပဒေများအကြောင်း စသည်တို့ကို အသိပညာပေးဟောပြောသည်။ **မြို့နယ်(ပြန်/ဆက်)**



## နမ္မတူမြို့နယ် IDPs စခန်းသုံးခုရှိ တိုက်ပွဲရှောင်ပြည်သူများအား အခြေခံစားသောက်ကုန်လေးမျိုး ထောက်ပံ့ပေးအပ်

**နမ္မတူ ဒီဇင်ဘာ ၁၈**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန နမ္မတူမြို့နယ် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနက နမ္မတူမြို့နယ် IDPs စခန်းသုံးခုရှိ တိုက်ပွဲရှောင်ပြည်သူများအတွက် အခြေခံစားသောက်ကုန်လေးမျိုးကို ဒီဇင်ဘာ ၁၆ ရက်က မြို့လယ်ဓမ္မာရုံ၌ ထောက်ပံ့ပေးအပ်သည်။

နမ္မတူမြို့နယ် တိုက်ပွဲရှောင် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းမင်းထွန်း၊ အတွင်းရေးမှူး ဦးအောင်ဆန်းမြင့်နှင့် မြို့နယ်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ တာဝန်ခံ ဒေါ်ကုဋ္ဌေဦးတို့က ကြူဆော့ IDPs စခန်း၊ ကချင် IDPs စခန်းနှင့် လီဆူ IDPs စခန်းတို့ရှိ တိုက်ပွဲရှောင် ပြည်သူများအတွက် တစ်အိမ် ထောင်လျှင် ဆီ တစ်ပိဿာ၊ ကုလားပဲ တစ်ပိဿာ၊ ဆား ၅၀ ကျပ်သားနှုန်းဖြင့် စုစုပေါင်း အိမ်ထောင်စု ၁၂၀ အတွက် ဆီပိဿာ ၁၂၀၊ ကုလားပဲ ပိဿာ ၁၂၀၊ ဆား ပိဿာ ၆၀ နှင့် လူဦးရေ ၅၄၉ ဦးတို့အတွက် တစ်ဦးလျှင် ဆန်နို့ဆီဘူး ၂၈ ဘူးနှုန်းဖြင့် စုစုပေါင်း ဆန်အိတ် ၈၀ ကို တိုက်ပွဲရှောင်ပြည်သူများထံ လက်ဝယ်အရောက် ထောက်ပံ့ပေးအပ်သည်။



အလားတူ မန်တုံမြို့နယ်အတွင်းရှိ မြို့မကတ်သလစ် IDPs စခန်းနှင့် ကချင် IDPs စခန်းတို့ရှိ တိုက်ပွဲရှောင်ပြည်သူ အိမ်ထောင်စု ၅၇ စု၊ လူဦးရေ ၃၀၀ တို့အတွက် ဆီ ၅၇ ပိဿာ၊ ကုလားပဲ ၅၇ ပိဿာ၊ ဆား ၅၇ ပိဿာနှင့် ဆန် ၄၄ အိတ်ကိုလည်း ဆက်လက်ထောက်ပံ့ ပေးအပ်မည်ဖြစ်ကြောင်း သိရသည်။

**လူမော် (ပြန်/ဆက်)**

## ကျောက်ဖြူမြို့ ကျောက်တစ်လုံး IDPs စခန်းမှ ပြည်သူများအား ကိုဗစ်-၁၉ ကာကွယ်ဆေး ဆက်လက်ထိုးပေး

**ကျောက်ဖြူ ဒီဇင်ဘာ ၁၈**

ရခိုင်ပြည်နယ် ကျောက်ဖြူမြို့ရှိ ကျောက်တစ်လုံး IDPs စခန်းတွင် ခိုလှုံနေကြသည့် အသက် ၁၈ နှစ်နှင့်အထက် ပြည်သူများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ဒုတိယအသုတ်(ပထမအကြိမ်)ကို ကျန်းမာရေးဌာနမှ ဝန်ထမ်းများက ဒီဇင်ဘာ ၁၆ ရက်တွင် ဆက်လက် ထိုးနှံပေးသည်။

အဆိုပါစခန်းသို့ သွားရောက်၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးရာတွင် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှဝန်ထမ်းများက ကာကွယ်ဆေးလာရောက်ထိုးနှံသူများအား စာရင်းမှတ်တမ်းရေးသွင်းပြီး မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများက ကာကွယ်ဆေးထိုးနှံခြင်းမပြုမီ ကိုယ်အပူချိန်တိုင်းတာပေးခြင်း၊ သွေးပေါင်ချိန်တိုင်းတာခြင်းတို့ကို ဆောင်ရွက်ပေးကာ ပုံမှန်အခြေအနေရှိသူများကိုသာ ကာကွယ်ဆေးများ ထိုးနှံပေးသည်။ စခန်းမှ စေတနာ့ဝန်ထမ်းလူငယ်များကလည်း လိုအပ်သည်များ ကူညီဆောင်ရွက်ပေးသည်။

ကျောက်ဖြူမြို့ ကျောက်တစ်လုံး IDPs စခန်းတွင် ခိုလှုံနေထိုင်သည့် ပြည်သူ ၁၀၀၈ ဦးရှိရာ ဒီဇင်ဘာ ၁၆ ရက်က ဒုတိယအသုတ်(ပထမအကြိမ်)ကာကွယ်ဆေး လာရောက်ထိုးနှံသူ ၁၇၀ ရှိကြောင်း၊ စုစုပေါင်း ကာကွယ်ဆေးလာရောက်ထိုးနှံပြီးသူအရေအတွက်မှာ ၇၆၀ ကျော်ရှိပြီ ဖြစ်ကြောင်း ၎င်း IDPs စခန်းမှ ဒုတိယအဖွဲ့ခေါင်းဆောင် ဦးကိုကို အောင်ထံမှ သိရသည်။ **တင်ထွန်းဦး၊ ဖြိုးဝေလင်း( ပြန်/ဆက်)**



## မိုးမိတ်မြို့ မြရည်နန္ဒာဥယျာဉ်နှင့် မြို့တွင်းလမ်းများကို အဆင့်မြှင့်တင်

**မိုးမိတ် ဒီဇင်ဘာ ၁၈**

ရှမ်းပြည်နယ်မြောက်ပိုင်း မိုးမိတ်မြို့တွင် မြို့နယ်စည်ပင်သာယာရေးဌာနအနေဖြင့် မြို့နယ်သန့်ရှင်း သာယာလှပရေးနှင့် မြို့တွင်းလမ်းများ ကောင်းမွန်ပြီး ဒေသခံပြည်သူများ သွားလာမှုအဆင်ပြေစေရေးအတွက် အများပြည်သူများ အပန်းဖြေသည့် မြရည်နန္ဒာဥယျာဉ်နှင့် ရပ်ကွက်များအတွင်းရှိ လမ်းများကို အဆင့်မြှင့်တင်ရေးလုပ်ငန်းများ စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိသည်။

နှစ်စဉ် ဘဏ္ဍာနှစ်အလိုက် အဆင့်မြှင့်တင်ဆောင်ရွက်လျက်ရှိရာတွင် ပြည်သူများ အပန်းဖြေနိုင်ရန်အတွက် မြရည်နန္ဒာပန်းခြံကို အဆင့်မြှင့်တင်ခြင်း၊ မြောက်ပိုင်းရပ်ကွက်ရှိ အရှည်ပေ ၄၀၀ သီတာလမ်းနှင့် အရှည်ပေ ၄၆၀ ရတနာလမ်းတို့ကို မြေသားလမ်းအဖြစ်မှ ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ခြင်းတို့ကို မြို့နယ်စည်ပင်သာယာဦးစီးဌာနက တာဝန်ယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## သံတောင်ကြီးမြို့နယ် ဘောဂလိမြို့၌ ဆောင်းသီးနှံများ စိုက်ပျိုးလျက်ရှိ

**ဘောဂလိ ဒီဇင်ဘာ ၁၈**

သံတောင်ကြီးမြို့နယ် ဘောဂလိမြို့အနီးရှိ သပြေညွန့်ကျေးရွာ၊ ဖြတ်လမ်းကူးကျေးရွာတို့တွင် မိုးသီးနှံများ စိုက်ပျိုးပြီးသည့် လယ်ယာမြေများ၌ သီးထပ်အဖြစ် ဆောင်းသီးနှံများ စတင်စိုက်ပျိုးလျက်ရှိသည်။

ဆောင်းသီးနှံများအနေဖြင့် မြေပဲ၊ မတ်ပဲ၊ ပဲတီစိမ်း၊ ပဲပုပ်နှင့် ဟင်းသီးဟင်းရွက်များ စိုက်ပျိုးကြပြီး သီးနှံများအထွက်ကောင်းစေရန် ယူရီးယားနှင့် ရွက်ဖျန်းမြေဩဇာများရော၍ ပတ်ဖျန်းပေးခြင်း၊ ပိုးမွှားရောဂါကာကွယ်နှိမ်နင်းခြင်းများကို သီးနှံပင်များသက်တမ်းတစ်လျှောက် ဆောင်ရွက်ပေးရကြောင်း၊ ဆောင်းသီးနှံများ စိုက်ပျိုးခြင်းဖြင့် သီးနှံစိုက်စွမ်းအားမြင့်တက်စေပြီး တောင်သူများလည်း ဝင်ငွေတိုးကာ အလုပ်အကိုင်အခွင့်အလမ်းများလည်းရရှိနေကြောင်း သိရသည်။

**ဘောဂလိ (ပြန်/ဆက်)**

# ကျောက်ကြီးမြို့၌ လမ်းနယ်ကျူးကျော်အိမ်များနှင့် ဈေးဆိုင်များကို တစ်ပတ်အတွင်းဖယ်ရှားပေးရန် သတိပေး

**ကျောက်ကြီး ဒီဇင်ဘာ ၁၈**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ကျောက်ကြီးမြို့ရှိ လမ်းနယ်ကျူးကျော် လူနေအိမ်များနှင့် ဈေးဆိုင်များကို တစ်ပတ်အတွင်းရှင်းလင်းဖယ်ရှားရန် လမ်းနယ်ကျူးကျော် ဖယ်ရှားရှင်းလင်းရေးအဖွဲ့က ဒီဇင်ဘာ ၁၇ ရက် နံနက်ပိုင်းက လိုက်လံသတိပေးလျက်ရှိကြောင်း သိရသည်။

ကျောက်ကြီးမြို့နယ်၌ မြို့သန့်ရှင်းသာယာလှပရေးနှင့် ဌာနလုပ်ငန်းများ လျင်မြန်စွာ ဆောင်ရွက်နိုင်ရေးအတွက် လမ်းနယ်ကျူးကျော်ဖယ်ရှား ရှင်းလင်းရေးအဖွဲ့ကို ဖွဲ့စည်းပြီး မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၏ မြို့အကွက်ချမြေပုံပါ လမ်းနယ်အတိုင်း ဖြစ်စေရန်အတွက် လမ်းနယ်ကျူးကျော် လူနေအိမ်နှင့် ဈေးဆိုင်များကို တစ်ပတ်အတွင်း ဖယ်ရှားပေးရန် အဖွဲ့စုံဖြင့် လိုက်လံသတိပေးခြင်းဖြစ်ကြောင်း လမ်းနယ်ကျူးကျော်ဖယ်ရှားရှင်းလင်းရေးအဖွဲ့ တာဝန်ရှိသူများ၏ ပြောကြားချက်အရ သိရသည်။

အဆိုပါ လမ်းနယ်ကျူးကျော်ဖယ်ရှားရှင်းလင်းရေးအဖွဲ့ကို ယခုနှစ် ဇွန် ၁၁ ရက်က စတင်ဖွဲ့စည်းပြီး မြို့နယ်လမ်းဦးစီးဌာနမှ ဦးစီးအရာရှိက အဖွဲ့ခေါင်းဆောင်ဖြစ်ပြီး မြို့နယ်ရဲတပ်ဖွဲ့မှူးရုံး၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ မြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် မြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနတို့မှ တာဝန်ရှိသူများက အဖွဲ့ဝင်များအဖြစ် ပါဝင်သည်။

ကျောက်ကြီးမြို့နယ်တွင် လမ်းနယ်ကျူးကျော်နေထိုင်သူများကြောင့် ပြည်သူများသွားလာရာတွင် အခက်အခဲများရှိနေသဖြင့် ဖယ်ရှားရှင်းလင်းရန် ကွင်းဆင်းဆောင်ရွက်ရခြင်းဖြစ်ကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးထံမှ သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



လမ်းနယ်ကျူးကျော်ခြင်း ရှိ မရှိကို တာဝန်ရှိသူများက လိုက်လံတိုင်းတာ၍ သတိပေးစဉ်။

# ပွင့်ဖြူမြို့နယ်၌ ကျေးလက်နေပြည်သူများအား ပန်းခင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်များပြုလုပ်ပေး

**ပွင့်ဖြူ ဒီဇင်ဘာ ၁၈**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးညွန့်ဝင်းထူး ဦးဆောင်သော ဝန်ထမ်းများသည် ဒီဇင်ဘာ ၁၆ ရက်က ပွင့်ဖြူမြို့နယ် မဒဲအုပ်စုကျေးရွာသို့ ကွင်းဆင်းသွားရောက်ပြီး နိုင်ငံသားစိစစ်ရေးကတ်ပြားပြုလုပ်လိုသော ဒေသခံပြည်သူများနှင့် ကျောင်းသားကျောင်းသူများအား ပန်းခင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ အခမဲ့ပြုလုပ်ပေးခဲ့ကြောင်း သိရသည်။

နိုင်ငံသားစိစစ်ရေးကတ် လာရောက်ပြုလုပ်သည့် ပြည်သူများအား မြို့နယ်ဦးစီးမှူးက မြို့နယ်အတွင်း ပန်းခင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စုလူဦးရေစာရင်းများကို အခမဲ့ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းအဖြစ် ဆောင်ရွက်ပေးနေမှုများနှင့် နိုင်ငံသားစိစစ်ရေးကတ်များ ရရှိပြီးပါက မပျောက်ပျက်အောင် ကိုင်တွယ်ထိန်းသိမ်းရမည့်နည်းလမ်းများကို အသိပညာပေး ပြောကြားသည်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက မဒဲအုပ်စုကျေးရွာရှိ နိုင်ငံသားစိစစ်ရေးကတ်ပြား လာရောက်ပြုလုပ်သည့် ဒေသခံပြည်သူများနှင့် ကျောင်းသား ကျောင်းသူ ၁၂၅ ဦးခန့်အား နိုင်ငံသားစိစစ်ရေးကတ်ပြား လက်ဝယ်ကိုင်ဆောင်ခွင့်ရရှိစေရန် အထောက်အထားများ စိစစ်ကာ ပန်းခင်းစီမံချက်ဖြင့် နေ့ချင်းပြီး အခမဲ့ပြုလုပ်ပေးခဲ့ကြသည်။

ပွင့်ဖြူမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနရုံး၌ ပန်းခင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စုလူဦးရေစာရင်း အခမဲ့ပြုလုပ်ပေးခြင်းကို ဒေသခံပြည်သူများ အဆင်ပြေစေရန် ရုံးပိတ်ရက်မရှိ နေ့စဉ်ပြုလုပ်ဆောင်ရွက်ပေးလျက်ရှိသလို ကျန်ရှိသည့် ဒေသခံပြည်သူများအတွက်လည်း စဉ်ဆက်မပြတ် ကွင်းဆင်းပြုလုပ်ပေးသွားမည်ဖြစ်ကြောင်း မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနမှူးထံမှ သိရသည်။

**ခင်ဝါဝါလှိုင်**
**(ပြန်/ဆက်)**



# မင်းဘူးမြို့နယ် ကျေးရွာနှစ်ရွာအတွက် စက်ရေတွင်း နှစ်တွင်းနှင့် အုတ်ရေလှောင်ကန် နှစ်ကန် တည်ဆောက်ပေး

**မင်းဘူး ဒီဇင်ဘာ ၁၈**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနသည် မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ် နိဗ္ဗာန်ကျွန်းကျေးရွာ နှင့် ပဒေသာကျွန်းကျေးရွာတို့မှ ဒေသခံပြည်သူများ သောက်သုံးရေပြတ်လပ်မှုမရှိစေရေးအတွက် စက်ရေတွင်း နှစ်တွင်းနှင့် အုတ်ရေလှောင်ကန် နှစ်ကန်ကို တည်ဆောက်ပေးခဲ့ကြောင်း မင်းဘူးခရိုင် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ကေသွယ်ဝင်းက ပြောသည်။

နိဗ္ဗာန်ကျွန်းကျေးရွာနှင့် ပဒေသာကျွန်းကျေးရွာ၌ စက်ရေတွင်း နှစ်တွင်းတူးဖော်ခြင်းနှင့် ရေဂါလန် ၁၂၀၀ ဆံ့ အုတ်ရေလှောင်ကန် နှစ်ကန် တည်ဆောက်ခြင်းကို ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန၏ ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ် ပြည်ထောင်စုအစိုးရ ခွင့်ပြုရန်ပုံငွေကျပ် ၁၀၉ သိန်းကျော်ဖြင့် နိုဝင်ဘာ ၂၈ ရက်က စတင်ဆောင်ရွက်ခဲ့ပြီး ဒီဇင်ဘာ ၁၄ ရက်တွင် ရာနှုန်းပြည့် တည်ဆောက်ပြီးစီးသဖြင့် စတင်အသုံးပြုနေပြီဖြစ်ကြောင်း သိရသည်။

စက်ရေတွင်းတူးဖော်ခြင်းနှင့် ရေကန်တည်ဆောက်ပြီးစီးမှု အခြေအနေများကို မကွေးတိုင်းဒေသကြီး ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ထွေးကြည်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်မြင့်နှင့် မင်းဘူးခရိုင် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန ရုံးတာဝန်ရှိသူများအဖွဲ့က ဒီဇင်ဘာ ၁၆ ရက်က သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။

အဆိုပါ စက်ရေတွင်းတူးဖော်သည့် မြေနေရာများကို ဒေသခံနှစ်ဦးက လှူဒါန်းခြင်းဖြစ်ပြီး စက်ရေတွင်းနှင့် အုတ်ရေလှောင်ကန် တည်ဆောက်ပြီးစီးသွားသည့်အတွက် နိဗ္ဗာန်ကျွန်းကျေးရွာနှင့် ပဒေသာကျွန်းကျေးရွာတို့မှ ပြည်သူများအနေဖြင့် သောက်သုံးရေများကို အခက်အခဲမရှိ အဆင်ပြေစွာ ရရှိသုံးစွဲနိုင်တော့မည်ဖြစ်ကြောင်း ဒေသခံများထံမှ သိရသည်။

**မောင်မောင်(မင်းဘူး)**




# စပါးသီးနှံ ရိတ်သိမ်းချိန်လွန် နည်းပညာပေးသင်တန်းဖွင့်လှစ်

**ဒီပဲယင်း ဒီဇင်ဘာ ၁၈**

စပါးသီးနှံများရိတ်သိမ်းရာသီ ရောက်ရှိပြီဖြစ်၍ စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဒီပဲယင်းမြို့နယ်အတွင်းမှ အကျိုးဆောင်တောင်သူများအတွက် ရိတ်သိမ်းချိန်လွန် နည်းပညာပေးသင်တန်းကို စိုက်ပျိုးရေးဦးစီးဌာနမှူးရုံး၌ ဒီဇင်ဘာ ၁၆ ရက်က ဖွင့်လှစ်ခဲ့သည်။

သင်တန်းတွင် မြို့နယ်ဦးစီးမှူး ဦးအေးမင်းထွန်းက စပါးသီးနှံရိတ်သိမ်းချိန်လွန်နည်းပညာနှင့် ပတ်သက်၍ တောင်သူများအထွက်နှုန်းမလျော့ကျစေရန်နှင့် အရည်အသွေးကောင်းမွန်စေရန် လိုက်နာဆောင်ရွက်ရမည့် နည်းလမ်းကောင်းများကို ပညာပေးဆွေးနွေးပို့ချခဲ့ပြီး တက်ရောက်လာသော အကျိုးဆောင်တောင်သူများအား စိုက်ပျိုးပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးကာ ဥယျာဉ်ခြံသီးနှံစိုက်ပျိုးရန် မျိုးစေ့များလည်း ထောက်ပံ့ပေးအပ်ခဲ့သည်။ သင်တန်းသို့ အကျိုးဆောင်တောင်သူ ၂၀ နှင့် စိုက်ပျိုးရေးဝန်ထမ်း ၁၇ ဦး စုစုပေါင်း ၃၇ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# အမ်းမြို့နယ် လျှိုပိတ်ဆည်မှ ရေသွယ်တန်းခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးကွင်းဆင်းစစ်ဆေး

**အမ်း ဒီဇင်ဘာ ၁၈**

ကျောက်ဖြူခရိုင် အမ်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်တာဝန်ခံအင်ဂျင်နီယာ ဦးကျော်ငွေးလွင်နှင့်အဖွဲ့သည် ဒီဇင်ဘာလဒုတိယပတ်က ပြည်နယ်အစိုးရရန်ပုံငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် အမ်းမြို့နယ် မားကျေးရွာအုပ်စု ပဒဲကြောကျေးရွာ လျှိုပိတ်ဆည်မှ ရေသွယ်တန်းခြင်း(၁/၄)မိုင် လုပ်ငန်းဆောင်ရွက်နိုင်ရန် မြေပြင်ကွင်းဆင်းစစ်ဆေးခဲ့သည်။ ဆက်လက်ပြီး အဆိုပါအုပ်စုအတွင်းရှိ အော်သကဲကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းရန်ပုံငွေ၊ ကျေးရွာလူထု ထည့်ဝင်ငွေတို့ဖြင့် ကျေးရွာတွင်း လမ်းကွန်ကရစ်ခင်းခြင်းလုပ်ငန်းဆောင်ရွက်မှုကို စစ်ဆေးသည်။

ထို့ပြင် အမ်းမြို့နယ်အတွင်း ပြည်ထောင်စုရန်ပုံငွေဖြင့် စိမ့်စမ်းရေ သွယ်တန်းခြင်းလုပ်ငန်း နှစ်ခု၊ ပြည်နယ်ခွင့်ပြုရန်ပုံငွေဖြင့် ကျေးလက် ရေပေးဝေရေးလုပ်ငန်း ၁၂ ခုတို့ကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်ကြောင်း မြို့နယ်ကျေးလက်ဦးစီးဌာနမှ သိရသည်။

**အောင်လှဖြူ(ရမ်းဗြဲ)**

# အင်းလေးရေပေါ်ဈေး ဒီဇင်ဘာ ၂၁ ရက် ပြန်လည်ဖွင့်လှစ်မည်

**ညောင်ရွှေ ဒီဇင်ဘာ ၁၈**

ရှမ်းပြည်နယ် ညောင်ရွှေမြို့နယ် အင်းလေးဒေသ ဟဲယာရွာမကျေးရွာရှိအင်းလေးရေပေါ်ဈေးကို ဒီဇင်ဘာ ၂၁ ရက်မှစ၍ ပြန်လည်ဖွင့်လှစ်ရောင်းချမည်ဖြစ်သည်။

အင်းလေးရေပေါ်ဈေးကို ဒေသ၏ ငါးရက်လျှင် ဈေးနေ့တစ်ရက်အဖြစ် သတ်မှတ်ရက်အတိုင်း ဖွင့်လှစ်ရောင်းချမည်ဖြစ်ကြောင်း၊ အဓိကရောင်းကုန်များအဖြစ် ဒေသအစားအစာများ၊ ဟင်းသီးဟင်းရွက်အပါအဝင် ကုန်ပစ္စည်းများကို လှေပေါ်တွင်တင်၍ ရောင်းချမည်ဖြစ်ကြောင်း၊ သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှုမရှိသည့် ထုပ်ပိုးမှုစနစ်ဖြင့် ရောင်းချသွားမည်ဖြစ်ပြီး ရေပေါ်ဈေးကို နံနက်ပိုင်း နံနက် ၇ နာရီမှ ၁၀ နာရီအထိ ဖွင့်လှစ်ရောင်းချရန် စီစဉ်ထားကြောင်း ဟဲယာရွာမကျေးရွာမှ မစုဝါဝါခင်က ပြောသည်။

ဆယ်စုနှစ်တစ်စုကျော် ပျောက်ကွယ်ခဲ့သည့် အင်းလေးရေပေါ်ဈေးသည် ယမန်နှစ် အောက်တိုဘာလဆန်းပိုင်းမှစတင်၍ ဒေသခံရောင်းသူဝယ်သူများဖြင့် ပြန်လည်အသက်ဝင် စည်ကားလာခဲ့သော်လည်း ကိုဗစ်-၁၉ ရောဂါအခြေအနေကြောင့် ဈေးဖွင့်လှစ်ရောင်းချနိုင်ခြင်းမရှိကြောင်း၊ ယခုအခါ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးဆိုင်ရာ စည်းကမ်းချက်များနှင့်အညီ ပြန်လည်ဖွင့်လှစ်ရောင်းချသွားမည်ဖြစ်ကြောင်း ဒေသခံများ၏ ပြောကြားချက်အရ သိရသည်။

**နေမျိုးသူရိန်**

**ပြည်ထဲရေးဝန်ကြီးဌာန**
**စက်နှင့်စက်ပစ္စည်းများ ဝယ်ယူမှုစိစစ်ရေးကော်မတီမှ**
**Profile အောင်မြင်သည့် ကုမ္ပဏီအမည်စာရင်း ကြော်ငြာခြင်း**

၁။ ပြည်ထဲရေးဝန်ကြီးဌာန၊ ပစ္စည်းဝယ်ယူမှုစိစစ်ရေးကော်မတီသည် အကျဉ်းဦးစီးဌာနများအတွက် လုပ်ငန်းသုံးမော်တော်ယာဉ်များ ဝယ်ယူရန်ရှိပါသဖြင့် ပြည်တွင်းမြန်မာနိုင်ငံသား ပုဂ္ဂလိကလုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါ တင်သွင်းနိုင်ရန် ဖိတ်ခေါ်ခဲ့ပြီး ဖြစ်ပါသည်။

၂။ တင်ဒါအဆိုပြုလွှာတင်သွင်းထားသော လုပ်ငန်းရှင်များ၏ဈေးနှုန်းတင်သွင်းခြင်း တင်ဒါပုံစံများနှင့် ပတ်သက်၍ Profile အောင်မြင်သည့် ကုမ္ပဏီအမည်စာရင်း အား ၁၉-၁၂-၂၀၂၁ရက်မှစတင်၍ အကျဉ်းဦးစီးဌာနတွင် လာရောက်ကြည့်ရှုနိုင်ပါသည်။

၃။ စက်နှင့်စက်ပစ္စည်းဝယ်ယူမှုလုပ်ငန်းများအတွက် ဈေးနှုန်းတင်သွင်းခြင်း တင်ဒါပုံစံတင်သွင်းရမည့် ကုမ္ပဏီများအနေဖြင့် လုပ်ငန်းအုပ်စုအမှတ်စဉ်အလိုက် ၂၁-၁၂-၂၀၂၁ရက်တွင် နံနက် ၈:၃၀နာရီမှ ၁၀နာရီအထိ အကျဉ်းဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ရုံး၊ ရုံးအမှတ်(၄၉)တွင် တင်သွင်းရမည်ဖြစ်ပါသည်။ (သတ်မှတ်ချိန်ကျော်လွန်၍ တင်သွင်းလာသောဈေးနှုန်းတင်သွင်းခြင်း တင်ဒါပုံစံများကို လက်ခံစဉ်းစားခြင်းမပြုပါ။)

၄။ အသေးစိတ် အချက်အလက်များသိရှိလိုပါက အကျဉ်းဦးစီးဌာန၏ ဖုန်းအမှတ်-၀၆၇-၃၄၃၁၄၂၆၊ ၀၆၇-၃၄၃၁၄၂၀ တယ်လီဖုန်း နံပါတ်များသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**စက်နှင့်စက်ပစ္စည်းဝယ်ယူမှုစိစစ်ရေးကော်မတီ**

**(အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၃၀၇)**
**ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး**
**၂၀၂၁ခုနှစ်၊ တရားမအထွေထွေမှုအမှတ်-၇၇**
**(ကွယ်လွန်သူ သူရဦးအေးကို**
**ကျန်ရစ်သောပစ္စည်းများနှင့်စပ်လျဉ်းသောအမှု)**
**ဒေါ်လှလှသန်း လျှောက်ထားသူ။**

ရန်ကုန်တိုင်းဒေသကြီး၊လှည်းကူးမြို့နယ်၊ စန်းသော်တာရပ်ကွက်၊ သရဖီလမ်း၊ အမှတ် ၄၆ နေ ဒေါ်လှလှသန်းက ကွယ်လွန်သူ သူရဦးအေးကို ကျန်ရစ်သော ရန်ကုန်မြို့၊ တက္ကသိုလ်ရိပ်သာလမ်း၊ ခြံအမှတ် ၃၀၊ မြေကွက်အမည် ကြည့်မြင်တိုင်အရှေ့နှင့်သရက်ကုန်း၊ ကွင်းအမှတ် ၃၆/အိုင်၊ ၁၉၅၁-၅၂၊ ဦးပိုင်အမှတ် ၄၄၊ ဧရိယာ ၀ ဒသမ ၄၁၂ ဧကရှိသည့်အနက်မှ ရန်ကုန်မြို့၊တက္ကသိုလ်ရိပ်သာလမ်း၊ ခြံအမှတ် ၃၀(က)နှင့်(ခ) မြေကွက်နှင့် မြေကွက်ပေါ်ရှိ အဆောက်အအုံနှင့် အကျိုးခံစားခွင့်အရပ်ရပ်အား စီမံခန့်ခွဲခွင့် အမိန့်ချမှတ်ပေးပါရန် အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၃၀၇အရလျှောက်ထားသည်ဖြစ်၍ ၂၀၂၂ခုနှစ်၊ ဇန်နဝါရီလ ၅ရက်(၁၃၈၃ခုနှစ်၊ ပြာသိုလဆန်း ၄ရက်) နံနက် ၁၀ နာရီတွင် ကြားနာချိန်းဆိုထားသဖြင့် မည်သူမဆို အမှုတွင် အမှုလာဆိုင်လိုပါက အထက်ပါချိန်းဆိုထားသောနေ့ရက်တွင် မိမိကိုယ်တိုင်သော် လည်းကောင်း၊ မိမိတို့နည်းလမ်းတကျ လွှဲအပ်ထားသောကိုယ်စားလှယ်တစ်ဦးဦးဖြင့်သော်လည်းကောင်း လာရောက်အမှုဆိုင်ရန်နှင့် ယင်းသို့ခွင့်ပြုမိန့်ထုတ်ပေးခြင်းမပြုမီ သက်ဆိုင်ရာအမှုတွဲကိုကြည့်ရှုရန် အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၃၀၇နှင့်အညီဆင့်ဆိုလိုက်သည်။ ယင်းသို့လာရောက်ရန်ပျက်ကွက်ခဲ့လျှင် ရုံးတော်ကလျှောက်ထားသူ ဒေါ်လှလှသန်း၏ လျှောက်လွှာအပေါ်စစ်ဆေးကြားနာ၍ စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၂၁ခုနှစ်၊ ဒီဇင်ဘာလ ၁၆ရက်နေ့တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ခင်ခင်အေး)**
**ဒုတိယခရိုင်တရားသူကြီး(၉)**
**ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး**

# ပန်းခင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားကွင်းဆင်းပြုလုပ်ပေး

**ဇေယျာသီရိ ဒီဇင်ဘာ ၁၈**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇေယျာသီရိမြို့နယ်ဦးစီးမှူးရုံးမှ ပန်းခင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားကွင်းဆင်းပြုလုပ်ပေးခြင်းကို ယနေ့ နံနက်ပိုင်းက တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) နဝဒေးခန်းမ၌ ကွင်းဆင်းဆောင်ရွက်သည်။



အဆိုပါ ကွင်းဆင်းဆောင်ရွက်နေမှုကို တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) စခန်းမှူး ဗိုလ်မှူးချုပ် ဇော်နိုင်ဦး လာရောက်ကြည့်ရှုစစ်ဆေးရာ ဇေယျာသီရိမြို့နယ်ဦးစီးမှူး ဦးစန်းလွင်က စီမံကိန်း ဆောင်ရွက်နေမှု ရှင်းလင်းပြောကြားသည်။ ထို့နောက် စခန်းမှူးက ဇေယျာသီရိမြို့နယ် ဦးစီးမှူးရုံးသို့ Desktop ကွန်ပျူတာတစ်လုံး လှူဒါန်းသည်။ ဇေယျာသီရိမြို့နယ်ရုံးအနေဖြင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ သက်ဆိုင်ရာမြို့နယ်များသို့ ပုံစံ(၁၀) သွားရောက်ယူရန် အခက်အခဲရှိသူများအား မြို့နယ်ဦးစီးမှူးရုံးအချင်းချင်း ညှိနှိုင်းဆောင်ရွက်ပေးသည့် အိမ်ထောင်စုလူဦးရေစာရင်း ၈၄ စုနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ၆၂ ကတ်ကို နေ့ချင်းပြီး One Stop Servic ဖြင့် ဆောင်ရွက်ပေးကြောင်း၊ မြို့နယ်အတွင်းရှိ ပြည်သူများ ပန်းခင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ပြုလုပ်ဆောင်ရွက်လိုပါက ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးရုံးမှတစ်ဆင့် ချိတ်ဆက်ပြီး မြို့နယ်ရုံးသို့လာရောက်ပြုလုပ်နိုင်ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

# ပြည်မြို့ ကမ်းနားလမ်း၌ ခေတ္တရာ ညဈေးသစ်ဖွင့်လှစ်

**ပြည် ဒီဇင်ဘာ ၁၈**

ပဲခူးတိုင်းဒေသကြီး ပြည်မြို့ ကမ်းနားလမ်းရှိ ခေတ္တရာညဈေးသစ်ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၁၇ ရက် ညနေ ၆နာရီက အဆိုပါညဈေးမုခ်ဦး၌ကျင်းပပြီး အခမ်းအနားသို့ ပြည်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့မှ တာဝန်ရှိသူများနှင့် ခရိုင်နှင့် မြို့နယ်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပြည်မြို့စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိနှင့် ဝန်ထမ်းများ၊ မြို့မိမြို့ဖများ၊ ဈေးကော်မတီဝင်များနှင့် ဈေးသူဈေးသားများ တက်ရောက်သည်။

အခမ်းအနားတွင် ပြည်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၂) ဦးဌေးဝင်း၊ ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးသန်းရွှေနှင့် ပြည်မြို့စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးထင်အောင်ဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ညဈေးအတွင်း ဈေးရောင်း/ဈေးဝယ်များဖြင့် စည်ကားနေမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။

ပြည်မြို့တွင် ယခင်က ညဈေးတစ်ခုရှိခဲ့သော်လည်း ယင်းနေရာသည် မြို့လယ်ကောင်ဖြစ်နေသဖြင့် လမ်းပိတ်ဆို့မှုများနှင့် မြို့ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ နေရာကျပ်လာကြောင်း၊ ပြည်မြို့ ကမ်းနားလမ်းတွင် River View နေရာလည်းရှိနေသည့်အတွက် တိုင်းဒေသကြီး ဝန်ကြီးချုပ်၏ လမ်းညွှန်မှုအရ ယခု ခေတ္တရာညဈေးကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ခြင်း ဖြစ်ကြောင်းနှင့် ယခင်ညဈေးမှ ဈေးသည်များကို ဦးစားပေးနေရာချထားပေးကာ ယခုလက်ရှိတွင် ဈေးဆိုင်ပေါင်း ၁၀၀ ကျော်ဖြင့် ပထမပိုင်းအနေဖြင့် စတင်ဖွင့်လှစ် ဆောင်ရွက်လျက်ရှိကြောင်း၊ ဒုတိယပိုင်းအနေဖြင့် ဈေးဆိုင်နေရာများ ထပ်မံတိုးချဲ့ဖော်ဆောင်မည်ဖြစ်ကာ ယင်းဆောင်ရွက်ခြင်းကို ယခုနှစ် မိုးမတိုင်မီ အပြီးဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်ကြောင်း ပြည်မြို့စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးထင်အောင်ဦးက ပြောသည်။ **ကိုဆက်(ပြန်/ဆက်)**

**ကန့်ကွက်နိုင်ကြောင်းကြေညာချက်**

ရန်ကုန်တိုင်းဒေသကြီး၊ရန်ကုန်အရှေ့ပိုင်းခရိုင်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၉၊ မြေကွက်အမှတ် ၃၀၈ဟုခေါ်တွင်သော အလျား ပေ ၄၀ x အနံပေ၆၀၊ ဧရိယာ ၀ ဒသမ ၀၅၅ဧကအကျယ်အဝန်းရှိ နှစ် ၆၀မြေငှားဂရန်မြေ ကွက်ကို တရားဝင်လက်ရှိပိုင်ဆိုင်ရောင်းချပိုင် ခွင့်ရှိသူထံမှ ဦးရဲမင်းသော် ၁၂/မရက(နိုင်) ၁၅၀၉၉၈က ဝယ်ယူရန်အတွက် ၁၆-၁၂-၂၀၂၁ရက်စွဲပါ "မြေ ကွက်အရောင်းအဝယ်စရန် ပေးကတိစာချုပ် " ကိုချုပ်ဆို၍ ရောင်းဖိုးငွေတချို့တစ်ဝက်ကိုပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ယနေ့မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ် **ဒေါ်ထက်ထက်ခိုင်(တရားလွှတ် တော်ရှေ့နေ)**ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် ကျော်လွန်ပါက အရောင်းအဝယ်ကို အပြီးအပြတ်ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ-

| | |
|---|---|
| ဒေါ်ထက်ထက်ခိုင် LL.B,D.IP.L,Advocate | ဦးထူးဝဏ္ဏကိုကို LL.B,D.IP.L |
| တရားလွှတ်တော်ရှေ့နေ(စဉ်-၁၇၁၁၇) | အထက်တန်းရှေ့နေ(စဉ်-၄၈၄၁၂) |
| Pioneer Law Firm | ဒေါ်အေးဝတီကိုကို LL.B,D.B.L,D.M.L,D.IP.L |
| အမှတ်၁၆(ပထမထပ်)၊အထက်ဗဟိုလမ်း၊ | အထက်တန်းရှေ့နေ(စဉ်-၄၈၄၈၀) |

သမိုင်း(၂)ရပ်ကွက်၊မရမ်းကုန်းမြို့နယ်၊ရန်ကုန်မြို့ ဖုန်း-၀၉-၅၁၆၁၁၈၆၊၀၉-၂၅၀၀၆၀၇၃၁

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၂၁ယ/၃၉၅၈၆ ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဖြိုးဖြိုးအောင် ၁၀/မလမ(နိုင်)၂၁၆၅၀၆ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ရုံး(မော်လမြိုင်မြို့)**

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၆၅ယ/၈၂၄၉၇ ယာဉ်လက်ဝယ်ရှိသူ ဦးစိန်သန်း ၁၀/မလမ (နိုင်) ၂၉၁၃၉၂ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ရုံး(မော်လမြိုင်မြို့)**

**ပြည့်ဝဆီများကို တတ်နိုင်သမျှလျှော့စား၍**
**အသွင်ပြောင်းဆီများ စားသုံးခြင်းကို**
**လုံးဝရှောင်ကြဉ်ပါ**

## ကာတွန်းဆရာကြီး ဦးဘဂျမ်း၏ ခေတ်အမြင် ကာတွန်း



# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဥာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ကျောက်စာရုံစေတီ(၁၂ × ၁၂× ၁၈)ပေ ၁ ဆူ တန်ဖိုး-၂၇၉ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | **ကျောက်စာရုံစေတီ** | ၂၇၉ | ၇၂၉ ဆူ | ၁၅၀ ဆူ | ၅၇၉ ဆူ |
| ၂။ | ဓမ္မာရုံ(၂၁၃× ၉၀ × ၄၆)ပေ | ၈၇၃၀. ၂၁ | ၁ လုံး | ၁၀၀၀ သိန်း | ၇၇၃၀. ၂၁ သိန်း |
| ၃။ | ရေပန်းအကြီး (အချင်း ၇၅ ပေ၊ အမြင့် ၁၈ ပေ) | ၄၃၂၁ | ၁ ခု | - | ၁ ခု |
| ၄။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅ | ၁၈ ခု | - | ၁၈ ခု |
| ၅။ | High Mast မီးတိုင် (၂၀ မီတာ(၁)တိုင်) | ၄၉၄ | ၉ တိုင် | ၁ တိုင် | ၈ တိုင် |
| ၆။ | မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂ | ၂၀၀ ခန်း | ၈ ခန်း | ၁၉၂ ခန်း |
| ၇။ | မြန်မာမှုတစ်ဖက်လှ ခြံစည်းရိုး ၂၇ ပေခန်း | ၃၁ | ၄၅၅ ခန်း | ၁၉ ခန်း | ၄၃၆ ခန်း |
| ၈။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၁၅ | ၅၀ တိုင် | ၁၈ တိုင် | ၃၂ တိုင် |
| ၉။ | လမ်းမီးတိုင်(၉ မီတာ (၁) တိုင်) | ၁၀ | ၁၈၀ တိုင် | ၄၅ တိုင် | ၁၃၅ တိုင် |
| ၁၀။ | မဟာရံတံတိုင်း စိန်တောင် စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇ | ၆၅၂ ခု | ၆၇ ခု | ၅၈၅ ခု |
| ၁၁။ | စကျင်ကျောက်ပြားတစ်ကျင်း | ၄. ၇ | ၂၁၁၉. ၅၃ ကျင်း | ၁၅ ကျင်း | ၂၁၀၄. ၅၃ ကျင်း |
| ၁၂။ | မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှုနှင့် Expansion Joint) | ၄. ၁ | ၂၁၈. ၁၄ ကျင်း | ၁၁ ကျင်း | ၂၀၇. ၁၄ ကျင်း |
| ၁၃။ | ကွန်ကရစ် ၈ လက်မထု ခင်းကျင်း | ၃. ၆ | ၅၉၁၀. ၆၆ ကျင်း | ၁၁ ကျင်း | ၅၈၉၉. ၆၆ ကျင်း |
| ၁၄။ | ကြွေပြား ၁ ကျင်း | ၂ | ၁၇၃၆. ၀၈ ကျင်း | ၅၅ ကျင်း | ၁၆၈၁. ၀၈ ကျင်း |
| ၁၅။ | Garden Light (၁ မီတာ(၁)တိုင်) | ၁. ၂ | ၉၀ တိုင် | ၇၃ တိုင် | ၁၇ တိုင် |

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် |
|---|---|---|---|
| ၁၆။ | မုစလိန္ဒအိုင်(၁ ကန်) | | |
| | (က) အဝင်မုခ်အဆောက်အဦ စကျင်မြန်မာမှုလုပ်ငန်း(အတွင်းမီးအပါ) | ၃၅၃၆ | ၁ ခု |
| | (ခ) ရေကန်ဆောက်လုပ်ခြင်း(၃၁၅ ပေ× ၂၃၄ ပေ) | ၁၆၂၄ | ၁ ကန် |
| | (ဂ) ရေကန်အတွင်းပတ်လမ်းနှင့် လက်ရန်းလုပ်ငန်း | ၉၁၇ | ၁ ခု |
| | (ဃ) ရေကန်အပြင်ပတ်လမ်း၊ ဘေးလှေကား ၂ စင်းနှင့်လက်ရန်းလုပ်ငန်း | ၁၀၀၈ | ၁ ခု |
| | (င) ရေကန်ပတ်လမ်း မီးတိုင်များထွန်းညှိပေးခြင်းလုပ်ငန်း(၁ တိုင် ၉. ၅ သိန်း) | ၇၀၃ | ၇၄ တိုင် |
| ၁၇။ | ရင်ပြင်တော်ပင်မတံတား(၁၀ ပေခန်း(၁)ခန်း) | ၁၃၂၂ | ၉ ခန်း |
| ၁၈။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ× ၁၇၆ ပေ) | ၁၉၃ | ၈၂ ခု |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅
(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၇၂၂၅၄၈၊ ၂၅၅၈၂၅၂၁၆

# လေလံတင်ရောင်းချရန်ကြေညာခြင်း (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ သာခုကန်စက်မှုဇုန်၊ ပတ္တမြားလမ်း၊ အမှတ်(၁၃၆)ရှိ World Jin Garment အထည်ချုပ်စက်ရုံပိုင်ရှင် Mrs Jung Euisocl သည် အလုပ်သမား ၃၀၀၏ နို့တစ်ကြေး၊ နစ်နာကြေးများအား ပေးချေခြင်းမရှိသဖြင့် စက်ရုံပိုင်ပစ္စည်းများအား ဥပဒေနှင့်အညီ လေလံတင်ရောင်းချပြီး စက်ရုံရှိ အလုပ်သမားများအား နို့တစ်ကြေး၊ နစ်နာကြေး များအား ပေးချေနိုင်ရန် အောက်ပါစက်ရုံပိုင်ရွှေ့ပြောင်းနိုင်သောပစ္စည်းများကို ဥပဒေနှင့်အညီ လေလံတင်ရောင်းချမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်-

| စဉ် | ပစ္စည်းအမျိုးအမည် | ရေတွက်ပုံ | အရေအတွက် |
|---|---|---|---|
| ၁ | အပ်ချုပ်စက် | စုံ | ၆၅၇ |
| ၂ | အထည်ချုပ်ဆက်စပ်ပစ္စည်းများ | စုံ | ၂၄၆၃ |
| ၃ | လျှပ်စစ်နှင့် ဆက်စပ်ပစ္စည်းများ | ခု | ၃၄၅ |
| ၄ | အထွေထွေပစ္စည်းများ | ခု | ၁၁၈၄ |
| ၅ | အထည်နှင့်ပိတ်လိပ်များ | ထည်/လိပ် | ၅၀၀၂၆ |
| စုစုပေါင်း | | | ၅၄၆၇၅ |

၂။ အသေးစိတ်အချက်အလက်များကို ကြေညာသည့်ရက်မှစ၍ အလုပ်သမားရေးရာဆက်ဆံရေးဦးစီးဌာန(တိုင်းဒေသကြီးရုံး)၊ ဖုန်း-၀၁-၃၆၄၅၄၇၂၊ အလုပ်သမားရေးရာဆက်ဆံရေးဦးစီးဌာန(မြို့နယ်ရုံး) ရွှေပြည်သာမြို့နယ်၊ ဖုန်း-၀၁-၉၆၁၅၀၈၃ တို့တွင် ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

၃။ လေလံတင်ရောင်းချမည့်ပစ္စည်းများအား ၂၀-၁၂-၂၀၂၁ ရက်မှ ၂၆-၁၂-၂၀၂၁ ရက်အထိ ရုံးချိန်အတွင်း(အထက်ပါလိပ်စာ)အတိုင်း လာရောက်ကြည့်နိုင်ပါသည်။

၄။ **လေလံတင်ရောင်းမည့်နေ့ရက်အချိန်မှာ** ၂၈-၁၂-၂၀၂၁ ရက် ၁၀:၀၀ နာရီဖြစ်ပါသည်။

၅။ **လေလံတင်ရောင်းပွဲကျင်းပမည့်နေရာမှာ** ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ စက်မှုဒေသလမ်း၊ စက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီရုံးအစည်းအဝေးခန်းမတွင် ကျင်းပပြုလုပ်သွားမည်ဖြစ်ပါသည်။

**အလုပ်ရှင်ပိုင်ပစ္စည်းများအား လေလံတင်ရောင်းချရေးကော်မတီ**

# လေလံတင်ရောင်းချရန်ကြေညာခြင်း (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ ရွှေလင်ပန်းစက်မှုဇုန်၊ သံချပ်ဝန်လမ်းနှင့် ဦးမြူလမ်းထောင့်၊ အမှတ်(၂၃၃)ရှိ Li-hao Co.,Ltd စက္ကူပုံးစက်ရုံ စက်ရုံပိုင်ရှင် Mr Shi Zhen Bo (PP-EE-6337696)ပိုင်ရှင် တရုတ်နိုင်ငံသားသည် ပြည်ပသို့ထွက်ခွာသွားခဲ့ပြီး ဥပဒေနှင့်အညီ အလုပ်သမားများအတွက် ဆောင်ရွက်ခဲ့ခြင်းမရှိသဖြင့် အလုပ်သမားများအား နို့တစ်ကြေး၊ နစ်နာကြေးများအား ပေးချေနိုင်ရန် အောက်ပါစက်ရုံပိုင်ရွှေ့ပြောင်းနိုင်သောပစ္စည်းများကို ဥပဒေနှင့်အညီ လေလံတင်ရောင်းချမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်-

| စဉ် | ပစ္စည်းအမျိုးအစား | အမျိုးအစားအရေအတွက် | အရေအတွက် |
|---|---|---|---|
| ၁ | စက်ပစ္စည်းမျိုးစုံ | ၉ | ၁၃ |
| ၂ | လျှပ်စစ်နှင့် ဆက်စပ်ပစ္စည်းများ | ၈ | ၂၂ |
| ၃ | ကွန်ပျူတာနှင့် ရုံးသုံးပရိဘောဂများ | ၁၁ | ၂၁ |
| ၄ | အခြားအသုံးအဆောင်ပစ္စည်းများ | ၁၉ | ၂၁၇ |
| စုစုပေါင်း | | ၄၇ | ၂၇၃ |

၂။ အသေးစိတ်အချက်အလက်များကို ကြေညာသည့်ရက်မှစ၍ အလုပ်သမားရေးရာဆက်ဆံရေးဦးစီးဌာန(တိုင်းဒေသကြီးရုံး)၊ ဖုန်း-၀၁-၃၆၄၅၄၇၂၊ အလုပ်သမားရေးရာဆက်ဆံရေးဦးစီးဌာန(မြို့နယ်ရုံး) လှိုင်သာယာမြို့နယ်၊ ဖုန်း-၀၉-၇၈၆၈၄၈၈၅၉ တို့တွင် ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

၃။ လေလံတင်ရောင်းချမည့်ပစ္စည်းများအား ၂၀-၁၂-၂၀၂၁ရက်မှ ၂၃-၁၂-၂၀၂၁ ရက်အထိ ပစ္စည်းများအား ရုံးချိန်အတွင်း အထက်ပါလိပ်စာအတိုင်း လာရောက်ကြည့်နိုင်ပါသည်။

၄။ **လေလံတင်ရောင်းမည့်နေ့ရက်၊ အချိန်မှာ** ၂၉-၁၂-၂၀၂၁ ရက် ၁၀:၀၀ နာရီဖြစ်ပါသည်။

၅။ **လေလံတင်ရောင်းပွဲကျင်းပမည့်နေရာမှာ** ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ အလုပ်သမားရေးရာ ဆက်ဆံရေးဦးစီးဌာန၊ အစည်းအဝေးခန်းမတွင် ကျင်းပပြုလုပ်သွားမည်ဖြစ်ပါသည်။

**အလုပ်ရှင်ပိုင်ပစ္စည်းများအား လေလံတင်ရောင်းချရေးကော်မတီ**

## ဖခင်အမည်မှန်

မုဒုံမြို့နယ်၊ အထက (ကမာဝက်)၊ တက္ကသိုလ်ဝင်တန်းမှ မသရဖီမိုး၏ ဖခင်အမည်မှန်မှာ ဦးမျိုးမျိုးနိုင် ၁၀/မဒန(နိုင်)၁၉၀၁၃၅ ဖြစ်ပါကြောင်း။

**ဦးမျိုးမျိုးနိုင်**

## ဖခင်အမည်မှန်

မုဒုံမြို့နယ်၊ အထက (ခွဲ)နီးပဒေါကျောင်း၊ သတ္တမတန်းမှ မဆုပြည့်နွယ်၏ ဖခင်အမည်မှန်မှာ ဦးစိုးမြင့်ဝင်း ၁၀/ရမန(နိုင်)၁၄၂၅၉၆ ဖြစ်ပါကြောင်း။

**ဦးစိုးမြင့်ဝင်း**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 1L/5098 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး၊ မော်လမြိုင်မြို့**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ အနောက်ရွှေဂုံတိုင်ရပ်ကွက်၊ ကိုယ့်မင်းကိုယ့်ချင်းလမ်း၊ အမှတ်(၅၄)ဟုခေါ်တွင်သော မြေတိုင်းရပ်ကွက်အမှတ်(၂-B)၊ မြေကွက်အမှတ်-၅၂၀-စီ/၁စီ၃၊ ဘိုးဘွားပိုင်မြေပေါ်တွင် ဆောက်လုပ်ထားသည့် ခါတ်လှေကားပါ၊ ၄ခန်းတွဲ(၈)ထပ်အဆောက်အဦ၊ Grand Hill Condoရှိ အခန်းအမှတ်(7-D)(701)၊ ၈-လွှာ၊ သတ္တမထပ် တိုက်ခန်းနှင့် ယင်းတိုက်ခန်းတွင် တွယ်ကပ်တပ်ဆင်ထားသည့်ပစ္စည်းများ၊ လျှပ်စစ်မီတာ၊ရေမော်တာ၊ မော်တော်ယာဉ်တစ်စီး ရပ်နားရန်နေရာအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဝယ်ယူပိုင်ဆိုင်လက်ရောက်ရရှိနေထိုင်လျက်ရှိပြီး အရှုပ်အရှင်းတစ်စုံတစ်ရာမရှိ လွတ်လပ်စွာလွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း၊ ဝန်ခံကတိပြုပြောဆိုသူ ဦးသက်အောင် ၁၂/သဃက(နိုင်)၀၃၂၇၆၅ထံမှ အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေက စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါသည်။

ဖော်ပြပါတိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့နှင့်ပတ်သက်၍ အရောင်းအဝယ်မပြုလုပ်သင့်ကြောင်း ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း မူရင်းစာချုပ်စာတမ်းများ ၊ ခိုင်လုံသည့်အထောက်အထားများဖြင့်ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်သူ မရှိပါက ကျန်ငွေများပေးချေလျက် အရောင်းအဝယ်ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါက်တာဇာခြည်အောင်**
**LL.B, LL.M,M.Res, Ph.D**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၀၃၃)**
**Legal Steps Legal Consulting Limited**
**တိုက်(၁)၊ အခန်း(၁၁၂/၁၁၃)၊ ဟိုတယ်ရန်ကုန်၊ ပြည်လမ်းနှင့်ကမ္ဘာအေးဘုရားလမ်းထောင့်၊(၈)မိုင်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း-၀၉-၉၇၇၁၁၁၂၉၅**

## အယူခံမှုဆိုင်ရာ ချိန်းဆိုသည့်ရက်ကို အယူခံတရားပြိုင်သို့ အကြောင်းကြားစာ

## တရားမကျင့်ထုံးဥပဒေအမိန့်-၄၁၊ နည်းဥပဒေ-၁၄

## မော်လမြိုင်ခရိုင်တရားရုံးတော်

## ၂၀၂၁ခုနှစ် တရားမအယူခံမှုအမှတ်-၉

ဒေါ်အိချော နှင့် ၁။ ဒေါ်မိငယ်(ခ)ဒေါ်ရင်စိန်
၂။ ဦးတင်အောင်

**အယူခံတရားလို** **အယူခံတရားပြိုင်များ**

**၂၀၂၁ခုနှစ်၊ မတ်လ ၁ရက်စွဲပါ မုဒုံမြို့နယ်တရားရုံးတော်မှ တရားမကြီးမှုအမှတ်-၉/၂၀၁၇ တွင်ချမှတ်သည့်အမိန့်ကိုအယူခံမှုလျှောက်ထားခြင်း**

အယူခံတရားပြိုင်(၁) မုဒုံမြို့နယ်၊ ကွမ်တာကျေးရွာနေ ဒေါ်မိငယ်(ခ) ဒေါ်ရင်စိန် (ဘ) ဦးတွတ် (ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

ယခုအမှုတွင် မုဒုံမြို့နယ်တရားရုံးတော်က ချပေးသည့် ဒီကရီကို အယူခံတရားလို ဒေါ်အိချောက အယူခံမှုတင်သွင်းရာ ဤရုံးတော်တွင် မှတ်ပုံတင်စာရင်းသွင်း၍ ထိုအယူခံမှုကို ၂၀၂၁ခုနှစ် ဒီဇင်ဘာ ၃၀ရက်(၁၃၈၃ခုနှစ် နတ်တော်လပြည့်ကျော်၁၂ရက်)တွင် ဆိုင်ဆိုရန် ဤရုံးတော်က ချိန်းဆိုလိုက်သည်။ သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေဖြစ်စေ၊ ဤအယူခံမှုတွင် သင့်အတွက်ဆောင်ရွက်ရန် ဥပဒေအရခွင့်ပြုထားသူကိုယ်စားလှယ်ဖြစ်စေ၊ မလာရောက်ခဲ့လျှင် ၎င်းအယူခံမှုကို သင်မရှိသည့်အခါတွင် တစ်ဖက်သတ်စီရင်ဆုံးဖြတ်လိမ့်မည်။ ထို့ပြင် သင်ကအယူခံနိုင်ခွင့်ရှိသော ဤအမှုတွင် ဒီကရီကို အမိန့်-၄၁၊နည်းဥပဒေ-၂၂အရကန့်ကွက်လိုလျှင် အမိန့်-၄၁၊ နည်းဥပဒေ-၂၂အရ ချိန်းဆိုထားသည့်အချိန်အတွင်း သင်က ကန့်ကွက်လိုကြောင်း ဤအယူခံရုံး၌ အကြောင်းကြား အစီရင်ခံစာတင်သွင်းရမည်။

၂၀၂၁ခုနှစ် ဒီဇင်ဘာ ၁၆ရက်တွင် ဤရုံးတော်တံဆိပ်ရိုပ်နှိပ်၍ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ဇော်မင်းနိုင်)**
**ဒုတိယခရိုင်တရားသူကြီး(၂)**
**မော်လမြိုင်ခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ၁၀/မြောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၀၊ မြေကွက်အမှတ် ၃၁၁ပေါ်တွင် တည်ရှိဆောက်လုပ်ထားသော ၂ခန်းတွဲ ခြောက်ထပ်တိုက်၏ ငါးထပ် (ခေါင်းရင်းခြမ်း)တိုက်ခန်းအား မြေပိုင်ရှင်နှင့် ကန်ထရိုက်တာတို့၏တိုက်သစ်ဆောက်ရန်နှင့် အခန်းခွဲဝေမှုစာချုပ်အရ ဤအခန်းပိုင်ရှင်ကန်ထရိုက်တာ ဒေါ်စောဥမ္မာမင်း ၁၂/ဗဟန(နိုင်)၀၃၄၅၉၇က ရောင်းချမည်ဖြစ်ပါသဖြင့် ကျွန်ုပ် ဦးမြတ်ကိုကို ၁၀/မလမ(နိုင်)၂၃၃၀၇၂သည် ဝယ်ယူရန်အတွက် စရန်ငွေပေးချေခဲ့ပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်းမူရင်းနှင့်တကွ ကျွန်ုပ်ထံသို့(၇)ရက်အတွင်းလာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ပြည့်ပြီးနောက် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးမြတ်ကိုကို**
**အမှတ်(၁၃၇)၊ အနော်ရထာလမ်း၊ ကြီးပွားရေးရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်**
**ဖုန်း-၀၉-၄၂၀၁၃၀၇၈၄**

## အများသိစေရန်နှင့်ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ပိုင်းခရိုင်၊ သန်လျင်မြို့နယ်၊ ညောင်သုံးပင်ကျေးရွာအုပ်စု၊ ကွင်းအမှတ်(၆၈၄)၊ ဦးပိုင်အမှတ်(၃၇/င)အတွင်းမှ သန်လျင်မြို့နယ်၊ မြို့ဟောင်းအရှေ့ရပ်ကွက်၊ ဘုရားနီဘုရားလမ်း၊ မြို့မြေတိုးချဲ့ကွက်သစ်၊ အကျယ်အဝန်း(၄၀ပေx၆၀ပေ) ရှိအကွက်အမှတ်(၁၉)၊ အကွက်အမှတ်(၂၀) နှစ်ကွက်တွဲ မြေကွက်ပေါ်ရှိ အကျိုးခံစားမှုအရပ်ရပ်အားလုံးတို့ကို ဒေါ်ခင်မာချို ၁၂/တမန(နိုင်)၀၈၀၆၆၈ဆိုသူမှ အရပ်ကတိစာချုပ်အဆင့်ဆင့်ဖြင့်လက်ရှိထားပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းတစ်စုံတစ်ရာမရှိကြောင်း ဝန်ခံကတိပြုပြောဆိုသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေသည် အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်နှင့် မှတ်ပုံတင်အရောင်းအဝယ်ဆက်လက်ဆောင်ရွက်နိုင်ရန်အတွက် ရောင်းကြေးစရန်ငွေတချို့တစ်ဝက်ကို ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ မြို့မြေတိုးချဲ့မြေကွက်၏ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက ဤတိုးချဲ့မြေအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဇာဇာမျိုးဟန်(LL.B., LL.M., M.Res)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၈၀၂)**
**ခြံအမှတ်-၂၊ ဦးစိုးညွန့်လမ်း၊ မြို့ဟောင်းအလယ်ရပ်ကွက်၊ သန်လျင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၂၅၀၃၃၃၁၀၃**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဥတ္တရသီရိမြို့၊ ရွှေနံ့သာရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၆/ရွှေနံ့သာအရှေ့ရပ်၊ မြေဧရိယာ ၀ ဒသမ ၀၈၁ ဧက ၊ မြေကွက်အမှတ် ဥ-၁၇၂၄၊ ဦးချက်ဖောင်း(ဘ) ဦးဖိုးချစ် ၉/လဝန(နိုင်)၀၈၈၉၂၃ အမည်ပေါက်ပါမစ်မြေကွက်ကို ဒေါ်သိမ့်နွယ်နီစိုး (ဘ) ဦးသက်နိုင်ထွန်း ၁၂/ဒဂရ(နိုင်)၀၂၄၅၀၀ မှ မြေပေးမိန့်မူရင်း၊ မြေကွက်အရောင်းအဝယ်စာချုပ်မူရင်း၊ ရောင်းသူ/ဝယ်သူတရားရုံးကျမ်းကျိန်မူရင်း၊ နှစ်ဦးသဘောတူကတိဝန်ခံချက်မူရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်း၊ ဝယ်ယူသူမှ ဝန်ခံကတိပြုချက်မူရင်းများတင်ပြပြီး မြေငှားစာချုပ်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်းကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ်လျှောက်ထားလာမှုအားဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

